www.burmeseclassic.com

စိုးမိုးစာပေ

BURMESE CLASSIC

# ကျွန် ၂၀ ရာစုနှစ်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

အဖုံးဒီဇိုင်း - ရဲလေး
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - Colour King
အတွင်းဖလင် - Colour King
စာအုပ်ချုပ် - ကိုရဲထွန်း
ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ ကျပ်

# လူငနဲ

# ၂၉၇၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုသည်

လူတစ်ယောက်အကြောင်းကို ရေးသားထားခြင်းမဟုတ်။

ထို့ပြင် အဖြစ်အပျက်တစ်ခုကိုလည်း ရေးသားထားခြင်း မဟုတ်ပေ။ နောင်လာမယ့် နှစ်ပေါင်း ၉၀၀ ကျော်မှာ ဖြစ်ပေါ်လာမည့် တိုင်းပြည်တစ်ပြည်အကြောင်းကို ရေးသားထားသည့် ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းရာဇဝင်သည် တစ်ပတ်လည်တတ်သည်ဆိုသည့် စကားလည်း ရှိပါသည်။ နောင်လာလတ္တံ့သော နှစ်ပေါင်း ၉၀၀ အကြာတွင် ဖြစ်ပေါ်မည့် တိုင်းပြည်တစ်ပြည်တွင် ဘုရင် အုပ်ချုပ်သည့် ပဒေသရာဇ်ခေတ် ပြန်လည်မထွန်းကားနိုင်ဟု မည်သူသည် အတတ်ပြောနိုင်မည်နည်း။

ထို့ကြောင့်... ယခုဝတ္ထုသည် မြန်မာပြည်ကြီး ပျက်စီးပြီးနောက် နှစ်ပေါင်း ၉၀၀ အကြာတွင် မြန်မာပြည်နေရာ၌ ပေါ်ထွန်းလာသည့် ပဒေသရာဇ်ခေတ် ဘုရင်အုပ်ချုပ်သော တိုင်းပြည်တစ်ပြည် အကြောင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုတိုင်းပြည်သည် ခေတ်မှီသည့် အသုံးအဆောင်များ မရှိတော့ဘဲ အရင်ပဒေသရာဇ်ခေတ်အတိုင်းပဲ တိုးတက်မှု မရှိသော တိုင်းပြည်ငယ်လေးတစ်ခုပင် ဖြစ်ပါသည်။

## (က)

အချိန်သည် ခရစ်သက္ကရာဇ် ၂၉၈၇ ခုနှစ် ဖြစ်သည်။ နွေဦးရာသီဖြစ်သောကြောင့် မင်းနေပြည်တော်ဖြစ်သည့် ဘိန်မာပြည်၏ မနက်ခင်းသည် နေရောင်ခြည်နှင့်အတူ ပူအိုက်လျက်ရှိသည်။

ထိုပြင် မနက်ခင်းတစ်ခု၏ ထုံးစံအတိုင်း ဘိန်မာပြည်၏ မြို့တွင်းတွင်လည်း လူသွားလူလာများနှင့် ရှုပ်ယှက်ခတ်နေတော့သည်။

ဈေးသွားကြသူများ၊ ထင်းခွေကြသူများ၊ ချက်ပြုတ်ကြသူများ၊ တစ်အိမ်နှင့်တစ်အိမ် အော်ပြောသံများနှင့်အတူ စည်ကားနေ၏။

ထိုဆူညံသံများနှင့် ခပ်လှမ်းလှမ်းမှာတော့ ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ထားသော ဘိန်မာပြည်၏ ဘုရင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သုနကစဟု အမည်တွင်သည့် ဘုရင်ကြီး ထီးနန်းစိုက် အုပ်ချုပ်သည့် နန်းတော်ကြီးကို တွေ့ကြရမည် ဖြစ်သည်။

နန်းတော်ကြီးသည် ခမ်းနားသလောက် ဘိန်မာပြည်ပေါ်တွင်လည်း နန်းတော်၏ အရှိန်အဝါ တန်ခိုးကြီးမားလှသည်။

■

(ခ)

နန်းတော်မှ စည်တီးသံကို ကြားရသည်။

ထို့ပြင် ထိုစည်တီးသံသည် ဘုရင်ကြီး၏ နံနက်ညီလာခံစတင်ရန် အချက်ပေးသည့် စည်တော်သံဟု ဘိန်မာပြည်သူ ပြည်သားများက အလိုလိုပင် နားလည်လိုက်ကြသည်။

ထိုညီလာခံမှ ဘုရင်ကြီး၏ အုပ်ချုပ်ရေးတစ်နေ့တာကို သူ၏မှူးမတ်များနှင့်အတူ စတင်ကာ ဘိန်မာပြည်တွင်းရေးများကို ဆွေးနွေးတိုင်ပင်သည့် ညီလာခံဆိုတာကိုလည်း အားလုံးက မပြောဘဲ နားလည်ကြသည်။

ဤသည်မှာ ဘိန်မာပြည်သူပြည်သားများ မနက်ခင်းတိုင်း ကြားနေရသည့် အသံများထဲမှ တစ်ခုဖြစ်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (ဂ)

ဘိန်မာပြည်သူများသည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်စည်ရောင်းချရေး လုပ်ငန်းများကိုသာ အဓိက လုပ်ကိုင်ကြသည်။

သုံးစွဲသော ငွေကြေးမှာ ကြေးပြားများ သုံးစွဲပြီး ထိုကြေးပြားများကို တန်ဖိုးအသီးသီး သတ်မှတ်ကာ ရောင်းရေး၊ ဝယ်ရေး ကိစ္စများတွင် အသုံးပြုကြသည်။

အိမ်များကို ဝါး၊ ဓနိ၊ သစ်နှင့်ဆောက်လျှင်ဆောက် . . .။ ဒါမှမဟုတ် အုတ်ကြီးကြီးတစ်မျိုးနှင့်အတူ စီးကပ်ကပ် အရည်များကိုဖျော်ကာ ဆောက်လုပ်လေ့ရှိကြသည်။

သွားလာရေးများတွင် မြင်း (သို့) မြင်းလှည်း၊ နွားလှည်းများကို အသုံးပြုနေကြသည်။ တတ်နိုင်သူများက ပြုံးပြုံးလက်လက် တလေးများပါသည့် အဝတ်အစားများကို ဝတ်ဆင်ကြပြီး ကြေးပြား



သိပ်မတတ်နိုင်သူများကတော့ ရိုးရိုးချည်ကြမ်းအင်္ကျီကိုသာ ဝတ်ဆင်လေ့ ရှိကြသည်။

ထို့ပြင် ဘိန်မာပြည်သည် ဝေးလံလှသော တိုင်းပြည်များနှင့် ကူးလူးဆက်ဆံမှုမရှိဘဲ ဘိန်မာပြည်အတွင်းရှိ ရွာများ အချင်းချင်းသာ ကူးလူးဆက်ဆံပြီး ရောင်းခြင်း၊ ဝယ်ခြင်းများ ပြုလုပ်ကြသည်။ တစ်သီးတစ်သန့်နေသည့် တိုင်းပြည်တစ်ပြည်ဖြစ်ပြီး အနီးအနားမှာ မည်သည့်တိုင်းပြည်များရှိသည်ဆိုတာကို တစ်ဦးတစ်ယောက်မှ မသိရှိကြချေ။ စိတ်လည်း မဝင်စားကြချေ။ မိမိတိုင်းပြည်အတွင်းမှာသာ ကြီးပြင်းလာပြီး မိမိတိုင်းပြည်အတွင်းသာ သေဆုံးသွားကြရသည်မှာ ဘိန်မာပြည်သူပြည်သားဓလေ့ဟု ဆိုရလောက်အောင်ပင် ဖြစ်နေလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

ဤသည်မှာ ခရစ်သက္ကရာဇ် ၂၉၈၇ ခုနှစ်တွင် တည်ရှိသော ဘုရင်အုပ်ချုပ်သည့် ပဒေသရာဇ်ခေတ် တိုင်းပြည် တစ်ပြည်ဝင် ဖြစ်ပါသည်။

၂၉၈၇ ခုနှစ်၊ ဘိန်မာပြည်၏ နွေဦးကာလ နံနက်ခင်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

# (၁)

မြို့ပြင်တစ်နေရာရှိ ကွင်းပြင်တွင် ကလေး ၁၂ ဦးခန့် ဆော့ကစားနေကြသည်။

ထိုနေရာသည် မြို့တံခါးနှင့် မဝေးသလို၊ မြို့ပြင်စျေးနှင့်လည်း နီးသောနေရာတွင် ရှိသည်။

သူတို့မိခင်များ စျေးဝယ်နေစဉ် (သို့) စျေးရောင်းနေစဉ်တွင် အချင်းချင်း ဆော့ကစားနေကြပုံရသည်။

သူတို့ဆော့ကစားနေသည့် နေရာနားတွင်တော့ သစ်ပင်ကြီးများ ပေါက်ရောက်နေသောကြောင့် အေးမြပြီး နေရောင်ခြည် မကျရောက်သောကြောင့် ကလေးများသည် အေးအေးချမ်းချမ်း ပျော်နေကြသည်။

"တဲ. . . ဒီတစ်ခါ ဘယ်သူ့အလှည့်လဲ"

"နောင်ဝေ့ အလှည့်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံနှင့်အတူ ဝိုင်းထိုင်နေသော ကလေးများထဲက ကလေးတစ်ယောက် ထွက်လာပြီး ကစားဝိုင်းအလယ်တွင် ဝင်ထိုင်လိုက်သည်။

သူတို့ ကစားနေသော ကစားနည်းမှာ 'ကိုယ်ပျောက်မင်းသား'ဆိုသည့် ကစားနည်းဖြစ်သည်။

သိပ်မကြာသေးခင်ကမှ ကလေးများအတွင်း ခေတ်စားလာသည့် ကစားနည်းတစ်ခု ဖြစ်သည်။

ကစားပုံမှာ-

ကစားမည့်ကလေးများသည် ဝိုင်းကြီးပတ် ကစားနည်းအတိုင်း ဝိုင်းဖွဲ့ထိုင်နေကြရသည်။ အလယ်ဗဟိုတွင် လိုက်ရမည့်ကလေးက ထိုင်နေရပြီး ဝိုင်းထားသော ကလေးများကို စိတ်တွင် မှတ်သားလေ့လာနေရမည်။

ဝိုင်းထားသော ကလေးများက 'ဟိတ်-ဟိတ်-ဟိတ်-မှိတ်' ဟူ၍ လက်ခုပ်တီးပြီး အချက်ပေးလျှင် ဝိုင်းအလယ်က ကလေးသည် မျက်စိကို မှိတ်လိုက်ရသည်။

ထိုစဉ်တွင် ဝိုင်းဖွဲ့ထိုင်နေသော ကလေးများအနက် တစ်ယောက်ကထွက်၍ တစ်နေရာတွင် ပုန်းနေရ၏။

(သစ်ပင်များနောက်တွင် ပုန်းနေလေ့ရှိသည်။)

ပြီးမှ 'ဟိတ်-ဟိတ်-ဟိတ်-ဖွင့်'ဆိုပြီး လက်ခုပ်တီးအချက်ပေးသံကြားလျှင် ဝိုင်းအလယ်က ကလေးက ချက်ချင်းမျက်စိဖွင့်



ကာ ပုန်းနေသူ၏ အမည်ကို ဖော်ရပေမည်။

မဖော်နိုင်လျှင် ပြန်၍ ကစားရ၏။ ဖော်နိုင်ပါက အမိခံရသူ (ပုန်းနေသူ)က ဝိုင်းအလယ်တွင်ထိုင်ကာ ဆက်ကစားရ၏။

မှတ်ဉာဏ်နှင့် ဇဝနဉာဏ်ကို အထောက်အပံ့ ဖြစ်စေသောကြောင့် ထိုကစားနည်းကို ဘိန်မာပြည်ရှိ ကလေးများက နှစ်နှစ်ခြိုက်ခြိုက် ကစားလာကြခြင်း ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂)

နောင်ဝေသည် ကစားဝိုင်းအလယ်တွင် ဝင်ထိုင်လိုက်သည်။ သူ့ကိုဝိုင်း၍ ထိုင်နေသော ကလေးများ (သူ့သူငယ်ချင်းများ)ကို တစ်ယောက်ချင်းစီ သေချာလိုက်ကြည့်ကာ စိတ်ထဲက မှတ်သားနေမိ၏။

ခဏအကြာတွင် ကလေးတစ်ယောက်က-

"ဟိတ်-ဟိတ်-ဟိတ်-မှိတ်"

ဟု အော်လိုက်သောကြောင့် နောင်ဝေသည် မျက်လုံးတို မှိတ်လိုက်သည်။

နောင်ဝေ မျက်လုံးမှိတ်လိုက်သောအခါတွင် ထိုင်နေသော ကလေးများထဲက တစ်ယောက်သည် ခပ်မြန်မြန်ပင် သူတို့နှင့် ခပ်လှမ်းလှမ်းရှိ သစ်ပင်နောက်တွင် ဝင်ပုန်းနေလိုက်၏။

ထိုကောင်လေး ဝင်ပုန်းတာ သေချာသောအခါတွင် ခုနက



အော်သောတစ်ယောက်ပင်-

"ဟိတ်. . . ဟိတ်. . . ဟိတ်. . . ဖွင့်"

ဟု အော်လိုက်လေ၏။

ထိုအသံကြားသောအခါ နောင်ဝေသည် ချက်ချင်းပင် မျက်လုံးကို ဖွင့်လိုက်၏။

သူ့ရှေ့တွင် ထိုင်နေသော သူ့သူငယ်ချင်းများကို တစ်ချက်စေ့ကြည့်လိုက်သည်။

ခဏအတွင်းမှာပင် သူ့သူငယ်ချင်းတစ်ယောက်ဖြစ်သည့် 'တင်က'ပျောက်နေမှန်း သတိထားမိလိုက်သည်။

"ဟော့. . . နောင်ဝေ၊ ပြောတော့လေ၊ ဘယ်သူပျောက်နေသလဲ"

နောင်ဝေကလည်း ချက်ချင်းပင်-

"တင်က ပျောက်နေတယ်"

ဟု ပြောလိုက်၏။

အားလုံးက နောင်ဝေ့စကားကို ကြားလိုက်ရသောအခါတွင် စိတ်ပျက်သွားကြပုံရသည်။

တစ်ခါတည်း ဝင်ထိုင်ပြီး တစ်ခါတည်း မှန်သွားသောကြောင့် စိတ်ညစ်သွားကြခြင်း ဖြစ်သည်။

"မှန်တယ်၊ မှတ်လား"

နောင်ဝေက သိလျက်နှင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ မင်းမှန်ပါတယ်"

မဖြေချင့်ဖြေချင်နှင့် ပြန်ဖြေကြ၏။

ထို့နောက် သစ်ပင်နောက်တွင် ပုန်းနေသော သူရှိရာသို့ လှည့်လိုက်ပြီး . . .

"တင်ကရေ. . . နောင်ဝေ မှန်တယ်၊ ထွက်ခဲ့တော့"

ဟု လှမ်းအော်ရပြန်၏။

နောင်ဝေက ဝိုင်းအလယ်မှထပြီး ပတ်လည်ဝိုင်းတွင် ပြန်ထိုင်လိုက်သည်။ ထိုအချိန်ထိ 'တင်က'သည် သစ်ပင်နောက်ကနေ ထွက်မလာသေးချေ။

"တင်က. . . ထွက်ခဲ့တော့လေ"

နောက်တစ်ကြိမ် ထပ်အော်ကြပြန်၏။

ဒီတစ်ခါလည်း ထွက်မလာသေးပေ။ သူတို့အော်တာကို မကြားလို့လား။ သူပုန်းနေသော သစ်ပင်မှာ သိပ်အဝေးကြီး မဟုတ်သောကြောင့် သူတို့ခေါ်သံကိုတော့ ကြားရပေမည်။

"ဒီကောင်၊ သူ့အလှည့်မို့လို့ တမင်မထွက်လာတာလား မသိဘူး"

ကလေးတစ်ယောက်က ရေရွတ်လိုက်သည်။

စိတ်မရှည်သော ကလေးတစ်ယောက်က ချက်ချင်းပင် ထပြီး၊ 'တင်က'ပုန်းနေသော သစ်ပင်ရှိရာကို ပြေးသွားလေ၏။

သစ်ပင်နားရောက်သောအခါ သစ်ပင်နောက်ကိုဝင်ပြီး



အတော်ကြာတဲ့အထိ နှစ်ယောက်လုံး ပြန်မထွက်လာဘဲ ရှိနေပြန်သည်။

"ဟာ. . . နောက်လိုက်သွားတဲ့ကောင်ရော ပြန်မလာတော့ဘူး၊ ဟော့. . .နှစ်ယောက် မြန်မြန်လာတော့ ဒီမှာ ကစားချင်နေပြီ"

ဒါလည်း ဘယ်သူမှ ထွက်မလာသောကြောင့် အားလုံးမှာ စိတ်တိုလာပြီး-

"တင်ကရေ. . . တင်က. . ."

ဆိုပြီး တစ်ပြိုင်နက် ဝိုင်းအော်လိုက်၏။

ထိုအခါ တင်က ပုန်းနေသော သစ်ပင်နောက်ကနေပြီး-

"ဟော့. . . ဒီမှာ လာကြည့်ကြပါဦး"

ဆိုပြီး အသံတစ်သံ ထွက်ပေါ်လာလေ၏။

"ဘာဖြစ်တာလဲ မသိဘူး"

တင်ကအသံကြောင့် အားလုံးမှာ စိုးရိမ်စိတ်ဝင်သွားကြပြီး ထိုင်နေရာမှ ဝရုန်းသုန်းကားထကာ 'တင်က'ရှိရာသစ်ပင်နောက်ကို ပြေးသွားကြ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄)

သူတို့ရောက်သွားသောအခါ တင်ကနှင့် ခုနက ပြေးသွားသောကလေးမှာ မြေကြီးထဲမှ တစ်စုံတစ်ခုကို တူးနေတာ တွေ့ရ၏။

"ဘာဖြစ်နေတာလဲ"

နှစ်ယောက်စလုံးမှာ သူတို့ကို ပြန်မဖြေအားဘဲ မြေကြီးတိုသာ တူးနေကြသောကြောင့် သူတို့လည်း ဘာများတူးနေတာလဲဆိုပြီး စပ်စုကြည့်လိုက်ကြသည်။

မြေကြီးပေါ်တွင် တစ်ပိုင်းတစ်စ ပေါ်နေသော အရာကို မပြိုစုတ်စေရန်အတွက် မြေကြီးအောက် ဝင်နေသော အပိုင်းကို လက်နှင့်ယပ်ပြီး ဖော်နေခြင်းဖြစ်သည်။

"ဘာကြီးလဲ"



နောင်ဝေက 'တင်က'ကို မေးလိုက်ခြင်း ဖြစ်သည်။

"မသိဘူး။ ငါဒီသစ်ပင်နောက် ဝင်ပုန်းနေတုန်း မြေကြီးပေါ် ပေါ်နေတာနဲ့ မပြိအောင် တူးကြည့်နေတာ။ ပါးပါးချပ်ချပ်အရွက်လေးတစ်ခုပဲ။ သစ်ရွက်လည်း မဟုတ်ဘူး။ အပေါ်မှာအရုပ်နဲ့စာတွေပါတော့ ဘာလဲဆိုပြီး တူးကြည့်နေတာ၊ မြုပ်နေတာကြာပြီထင်တယ်။ မပြဲအောင် ဂရုစိုက်ပြီး တူးဖော်နေရတာ"

အားလုံးလည်း ကလေးပီပီ စိတ်ဝင်စားလာကြသောကြောင့် တင်ကဘေးတွင် ဝိုင်းထိုင်ကြကာ 'တင်က'ကို ဝိုင်းကူလိုက်ကြ၏။

ခဏကြာသောအခါတွင် သူတို့တူးနေသော အရာကို ဆွဲယူလိုက်ရာ လက်ထဲပါလာလေ၏။

"ဘာအရွက်ကလေးလဲ မသိဘူး"

'တင်က'က လက်ထဲကအရာကိုကြည့်ပြီး ရေရွတ်လိုက်သည်။

ဘေးနားက ကလေးတစ်ယောက်ကလည်း သူ့လက်ထဲကအရာကို ဆွဲယူကြည့်ပြန်သည်။

ဤသို့ဖြင့် တစ်ဆင့်တစ်ဆင့် ကြည့်ကြရင်း နောက်ဆုံးနောင်ဝေ့လက်ထဲသို့ ရောက်သွားလေ၏။


"ပုံကတော့ ဆင်ပုံပဲကွ၊ စာကတော့ ငါတို့လည်း ခုဒီအောက် မဖတ်တတ်တော့ မသိဘူး၊ ကြာတော့ကြာနေပြီ"

www.burmeseclassic.com



ဟုဆိုပြီး လက်ထဲက အရာကို ရှေ့ရော၊ နောက်ရော သေချာကြည့်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



"ငါတို့တိုင်းပြည်မှာ ဒီလိုမျိုးဟာတော့ မတွေ့ဖူးဘူးကွ"

"ရှိကိုမရှိတာပါကွာ"

ကလေးတစ်ယောက်က ဝင်ပြီးပြောသည်။ နောင်ဝေက-

"ငါ့အဖေကို ပြကြည့်ပြီး ဖတ်ခိုင်းရင် ကောင်းမယ် ထင်တယ်"

နောင်ဝေ၏အဖေသည် သူတို့နေထိုင်သည့် စီရင်စု၏ အကြီးအကဲဖြစ်သည်။

စာတတ်ပေတတ်ဖြစ်သောကြောင့် နောင်ဝေ့စကားကို အားလုံးက ထောက်ခံပြီး မေးကြည့်ရန်အတွက် နောင်ဝေ့အဖေ့ဆီတို တစ်စုတစ်ဝေးတည်း သွားကြလေ၏။

ဤသို့ဖြင့် ကလေးတစ်စုတွေ့သော ပါးပါးချပ်ချပ် အရွက်လေးတစ်ရွက်သည် စီရင်စုတစ်ခု၏ အကြီးအကဲဆီ ရောက်သွားလေ၏။

■

(၄)

"မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ငါးထောင်ကျပ်လို့ ရေးထားတာပဲ"

"အဲ့ဒါဘာလဲ အဘ"

စီရင်စုအကြီးအကဲဖြစ်သည့် ဦးဖိုးစီသည် ကလေး၏ အမေးကြောင့် ရုတ်တရက် မဖြေနိုင်ဘဲ ဖြစ်သွားလေသည်။

"နိုင်ငံတော်ဆိုတာကတော့ တိုင်းပြည်တစ်ပြည်ကို ပြောတာ၊ 'မြန်မာ'ဆိုတာကတော့ အဘလည်း မသိဘူး၊ အဲ့ဒီတိုင်းပြည်ရဲ့ နာမည်ဖြစ်လိမ့်မယ်၊ ဗဟိုဆိုတာက အလယ်တည့်တည့် (ဒါမှမဟုတ်) အဓိကလို့ ဆိုလိုတာပဲ၊ ဘဏ်ဆိုတာကတော့ ကြေးပြားတွေထားတဲ့နေရာလို့ ထင်တာပဲ"

"အဘ ခုနပြောတဲ့ 'ငါးထောင်ကျပ်'ဆိုတာကရော"

"အဘတို့ ဘိန်မာပြည်မှာ သုံးနေတဲ့ ကြေးပြားတွေသား၊ ကြေး

www.burmeseclassic.com

www.burmeseclassic.com



ပြားလတ်၊ ကြေးပြားကြီးလိုပဲ သူလည်း တစ်ခုခုဝယ်ဖို့သုံးတဲ့ ကြေးပြားလိုဟာမျိုး တစ်ခုဖြစ်လိမ့်မယ် ထင်တယ်"

ဦးဖိုးစီလည်း မရေမရာ ပြန်ဖြေမိသည်။

သူ့လက်ထဲက အရာကိုလည်း ဖင်တစ်ပြန် ခေါင်းတစ်ပြန် ကြည့်နေမိသည်။

ဒါဟာ တိုင်းပြည်တစ်ခုခုကထုတ်တဲ့ ကြေးပြားများလား။

သူတို့ တိုင်းပြည်ကို ဘယ်လိုလုပ် ရောက်နေရတာလဲ။

ဒါမှမဟုတ် သူတို့ဘိန်မာပြည်ထဲကများ တစ်ယောက်ယောက်က လက်ဆော့ပြီး ရေးထားတာများလား။

လက်ရာကတော့ အတော်မြောက်သည်။ ဆင်တစ်ကောင်ကို အပြားသေးသေးလေးထဲမှာ ရေးဆွဲဖို့ဆိုတာ မလွယ်ကူပေ။

နောက် အနုစိတ်သေး၏။

ထိုအရာကို ကြည့်ရသည်မှာ ဟောင်းနွမ်းနေပြီး နှစ်ပေါင်းတော်တော်ကြာနေပြီ ဖြစ်သည်။

"ဟဲ့ . . . ဒါနဲ့၊ ဒီဟာကို ဘယ်ကနေရလာတာလဲ"

"သားတို့ ကစားနေတဲ့ ကွင်းပြင်နောက်က ရလာတာ"

'တင်က'က ခပ်သွက်သွက် ပြန်ဖြေသည်။

"ဒီတစ်ခုတည်း တွေ့တာလား"

"အဲဒါတော့ မသိဘူး၊ ဒီတစ်ခုတည်း မြေကြီးပေါ် ပေါ်နေတာ တွေ့တာနဲ့ တူးယူလာတာ"



ခဏကြာသောအခါတွင် ကလေးများသည် ထိုခပ်ပါးပါး အရွက်ပြားကို စိတ်မဝင်စားတော့ဘဲ ကစားတဲ့ဘက်ဆီသို့ ပြန်ရောက်သွားကြ၏။

ဦးဖိုးစီသာ ထိုအပြားကို လက်ထဲတွင် ကိုင်ထားရင်း ဘာလုပ်ရမှန်းမသိဘဲ ကျန်ခဲ့လေတော့သည်။

သို့သော် ခဏကြာသောအခါတွင် 'တင်က'နှင့် 'နောင်ဝေ' တို့ ကလေးတစ်သိုက်သည် သူတို့တွေ့လာသည့် အရွက်ကလေးတစ်ရွက်အကြောင်း ကို စီရင်စုတစ်ခုလုံး ကစားရင်း လျှောက်ပြောကြသောကြောင့် 'ဆင်ပုံပါ အရွက်ကလေးတစ်ရွက်'အကြောင်းကို ပရိသတ်တော်များများက စိတ်ဝင်စားလာကြပြီး 'ဦးဖိုးစီ'အိမ်သို့ အုံ့အုံ့ရောက်လာပြီး ကြည့်ရှုကြလေ၏။

■

www.burmeseclassic.com

## (၅)

"ဒါထူးဆန်းတယ်ဗျ၊ ဒီလိုမျိုး အရွက်ကလေးက ကျုပ်တို့ ဘိန်မာပြည်က မဟုတ်တာ သေချာတယ်၊ ပြီးတော့ ပါးပါးလေးကွ"

သက်ကြီးဝါကြီးတစ်ဦးက ဦးဖိုးစီကိုပြောလိုက်ခြင်း ဖြစ်သည်။

အခြားတစ်ဦးကလည်း-

"ဖိုးစီ"

"ဗျာ"

"ဆင်ဆိုတာ ဘုရင်နဲ့ဆိုင်တဲ့ အရာတစ်ခုပဲကွ၊ ပြီးတော့ အနောက်မှာလည်း ခမ်းနားတဲ့ အဆောက်အဦပုံတစ်ခုပါတယ် ဆိုတော့ ဘုရင့်နန်းတော်နဲ့များ ပတ်သက်နေမလား မသိဘူး"

ဟု သတိပေးပြောကြားလေ၏။

ထိုအခါမှပဲ ဦးဖိုးစီအိမ်တွင် စုဝေးရောက်ရှိနေကြသော



သူများမှာ တွေဝေသွားကြလေသည်။

ဟုတ်နိုးနိုးဖြစ်သွားကြပြီး နန်းတော်နှင့်ဆိုင်တာကို မိမိအိမ်တွင် ယူထားပါက မင်းပြစ်မင်းဒဏ် ထိမှာလည်း စိုးရိမ်မိသွားသည်။

"ပြီးတော့ ငါတို့မသိတဲ့ အရာတွေ ရေးထားတာတွေရော ဘာတွေရော ပါတယ်ဆိုတော့. . . နန်းတော်ထဲကို ပို့သင့်တယ် ထင်တယ်"

"ဟုတ်တယ် ဖိုးစီ၊ သူပြောတာ မှန်တယ်"

တစ်ယောက်တစ်ခွန်း ဝိုင်းပြောကြသောကြောင့် ဦးဖိုးစီမှာလည်း ထိတ်လန့်လာလေသည်။

ဒါ့အပြင် ဒီခပ်ပါးပါးအရွက်စုတ်သည် ဘုရင့်နန်းတော်နှင့် ပြည်သို့မှ မပတ်သက်ဟု ထင်ပေမယ့်လည်း ဘိန်မာပြည်တွင်းမှာ တစ်ခုခု ထူးထူးခြားခြား ရှိပါက နန်းတော်တွင်းသို့ သတင်းပို့ရမည့် စီရင်စု ခေါင်းဆောင်၏ တာဝန်ကလည်း ရှိနေသေးပြန်သည်။

ယခုလို သူကိုင်ထားသည့် စီရင်စုအတွင်း၌ ဖြစ်ပျက်နေသောကြောင့် အရေးကြီးသည်ဖြစ်စေ၊ အရေးမကြီးသည်ဖြစ်စေ သတင်းပို့ထားရမည်ဟု ဦးဖိုးစီ တွေးလိုက်သည်။

ထို့ကြောင့် နောက်ဖေးတွင် ရှိနေသော သူ့မိန်းမကို အိမ်၌ ရွှေကလပ်တစ်ခု ယူလာရန် အမိန့်ပေးလိုက်၏။

ထို့နောက် ထိုရွှေကလပ်ပေါ်တွင် တွေ့ရှိလာသော 'ဆင်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ပါ တွေ့ရှိပစ္စည်း'ကို တင်ပြီးနောက် နေပြည်တော်တွင်း သက်ဆိုင်ရာ ဝန်မင်းထံသို့ သတင်းပို့ရန်အတွက် အိမ်ကနေ ထွက်လိုက်သည်။

■

## (၆)

ဦးဖိုးတူသည် သူ့ဇနီးမယ်ကြင်ကို စိတ်ဆိုးဆိုးနဲ့ အိမ်ကနေ ထွက်ခဲ့၏။ မနေ့ကတည်းက ကိစ္စတစ်ခုနှင့် ပတ်သက်ပြီး နှစ်ယောက်သား စကားများနေကြခြင်း ဖြစ်သည်။

ဒီနေ့မှ အခြေအနေက ပိုဆိုးသွားခြင်း ဖြစ်သည်။

ကိစ္စမှာလည်း အရေးကြီးကိစ္စမဟုတ်ဘဲ သူတို့လယ်ကွက်နဲ့ ခပ်လှမ်းလှမ်းမှာရှိသော မြေလွတ်မြေရိုင်းအချို့ကို ခုတ်ထွင်ရှင်းလင်းပြီး နောက်ထပ်သီးနှံတစ်ခု စိုက်ပျိုးရေးပဲ ဖြစ်သည်။

သူက ထိုမြေကွက်မြေရိုင်းများကို အလုပ်သမားများ ငှားနိုင်သို့ မရသေးသောကြောင့် လာမယ့်ရက်အနည်းငယ်တွင်မှသာ ခုတ်ထွင်ရှင်းလင်းရန် ပြောသော်လည်း မယ်ကြင်ကတော့ ထိုသို့ ဆောင်ပေ။

တတ်နိုင်သလောက် တစ်ယောက်တည်း ရှင်းထားဖို့ ပြော

www.burmeseclassic.com

www.burmeseclassic.com



နေခြင်းဖြစ်သည်။

မယ်ကြွင်အကြောင်းကို ဦးဖိုးတူ အသိဆုံးပဲ ဖြစ်သည်။ မယ်ကြွင်သည် အိမ်ရှင်မကောင်းတစ်ဦး ဖြစ်သော်လည်း ကပ်စေး အလွန်နည်း၏။

ယခုလည်း အလုပ်သမားမရသေးခင် ခုတ်ထွင်ရှင်းလင်းထားပါက အလုပ်သမားရလာသောအခါတွင် လုပ်ခအနည်းငယ် သက်သာစေရန် ရည်ရွယ်ခြင်းပင် ဖြစ်သည်။

ဦးဖိုးတူကလည်း ပျင်းလို့တော့ မဟုတ်ပေ။ အလုပ်သမားများနှင့် တက်ညီလက်ညီ ခုတ်ထွင်ရှင်းလင်းပါက အလုပ်မြန်မြန်ပြီးကြောင်း၊ မြန်ဆန်ကြောင်း ရှင်းပြသော်လည်း မယားမယ်ကြွင်က လက်မခံပေ။

နောက်ဆုံးမှာတော့ ဦးဖိုးတူပဲ အရှုံးပေးပြီး အိမ်ထဲကနေ စိတ်တိုတိုနဲ့ ထွက်လာခြင်း ဖြစ်သည်။

သူ၏ ယာမြေသည် မြို့တံခါးအပြင်ဘက်တွင် တည်ရှိပြီး လယ် (၆)ဧကကျော်ကျော် ရှိသည်။ ပုံမှန်စပါးသီးနှံ တစ်မျိုးတည်းကိုသာ စိုက်ပျိုးသည်။ အထွက်လည်းကောင်း၏။ ဦးဖိုးတူတို့ မိသားစုမှာ စုမိဆောင်းမိလည်း ရှိ၏။ ဒါကို မယားမယ်ကြွင်က မိမိတို့ပိုင် လယ်ကွက်နှင့် ကပ်လျက်ရှိနေသော မြေလွတ်မြေရိုင်းအချို့ကို ခုတ်ထွင်ရှင်းလင်းပြီး အခြားသီးနှံတစ်ခု စိုက်ပျိုးရန် စီစဉ်နေခြင်း ဖြစ်သည်။



ဦးဖိုးတူသည် ပါးစပ်ကနေ ဗျစ်တောက်ဗျစ်တောက် ပြောဆိုရင်း သူပိုင်ယာမြေဆီသို့ ရောက်သွားလေ၏။

စိမ်းလန်းသော လယ်ကွင်းများဘေးတွင် ဆောက်ထားသော ယာစောင့်တဲကို ခဏဝင်ပြီး အမောအပန်းဖြေနေလိုက်၏။

နေကတော့ မွန်းတည့်ချိန် ရောက်နေပြီဖြစ်သောကြောင့် အတော်ကြီးကို ပူပြင်းနေပြီ ဖြစ်သည်။

ဒီအချိန် လယ်ထဲဆင်းခိုင်းသော သူ့မိန်းမကိုလည်း စိတ်တိုနေမိသည်။ ထို့ပြင် ခပ်လှမ်းလှမ်းရှိ မြေလွတ်မြေရိုင်းအချို့ဆီ ကိုလည်း မျက်စိက ရောက်သွား၏။

ကိုင်းပင်များနှင့် အလေ့ကျပေါက်နေသော အပင်များက အတော်ရှင်းလင်းရပေမည်။

သူတစ်ယောက်တည်းဆိုပါက တော်တော်နှင့် ရှင်းလို့နိုင်မည် မဟုတ်ပေ။

သို့သော် တတ်နိုင်သလောက်တော့ ရှင်းရပေမည်။

ဒီနားမှာက ဦးဖိုးတူ လယ်ကွက်နှင့် ဦးစိန်သာ လယ်ကွက် တွေသာရှိသည်။

မြေဆီမြေနှစ် အကောင်းကြီး မဟုတ်သော်လည်း အသင့်အတင့်တော့ ရှိကြသည့် မြေလွှာပင် ဖြစ်သည်။

ကြိုက်တဲ့လူက မြေလွတ်မြေရိုင်းရှင်းပြီး ရှင်းတဲ့သူက မြေပိုင်ဟု သတ်မှတ်လေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဦးဖိုးတူသည် ကိုင်းခုတ်ဓားနှင့် ပေါက်တူးကို ကိုင်ပြီး မြေလွတ်မြေရိုင်းဆီသို့ လမ်းလျှောက်သွားလိုက်သည်။

ပူပြင်းသောကြောင့် ချွေးတဒီးဒီး ကျနေသည်။ ဒီအသက်အရွယ်အထိ အလုပ်လုပ်နိုင်သေးတာကိုပင် သူ့ကိုယ်သူ အံ့သြနေမိ၏။

ကိုင်းအချို့ကို စတင်ခုတ်လိုက်သည်။

မြွေပါး၊ ကင်းပါး အန္တရာယ်ကိုလည်း သတိထားကြည့်နေရသည်။

လက်က ဓားကိုလည်း ခပ်မြန်မြန်လေး ယမ်းရင်း အောက်ကမြေကြီးကိုလည်း သတိထားကြည့်မိသည်။

ဒီမြေကြီးက သူ့မြေကြီးထက် မြေသြဇာ ပိုကောင်းသည်ဟု တွေးမိလိုက်၏။

အချို့သစ်ပင်များက အမြစ်တွယ်နေသောကြောင့် ပေါက်တူးနှင့်မြေကြီးအတွင်းက အမြစ်ကို ခုတ်ဖြတ်ရသည်။

■

(၃)

"ဒုတ်"

ပေါက်တူးက မြေကြီးအတွင်းမှ တစ်စုံတစ်ခုကို ခုတ်မိလိုက်ကြောင်းကို ဦးဖိုးတူ ရိပ်မိလိုက်သည်။

သစ်ပင်ရဲ့ အမြစ်ခပ်ကြီးကြီးတစ်ခု ဖြစ်ပေမည်။

နောက်တစ်ချက် ထပ်ခုတ်လိုက်၏။

"ဒုတ်"

ဒီတစ်ခါတော့ အသံနည်းနည်း ပိုကျယ်သွား၏။

အတွေ့အကြုံအရတော့ သစ်ပင်တစ်ပင်၏ အမြစ်မဟုတ်တော့မှန်း ဦးဖိုးတူ သိလိုက်သည်။

ကျောက်တုံးတစ်တုံးများ ဖြစ်နေမလား။ ဒီမြေနေရာမှာတော့ ကျောက်တုံးတွေတော့ ရှိလေ့ရှိထ မရှိပေ။

ခုတ်မိသည့် အသံမှာ သစ်သားတစ်ခုခုကို ခုတ်မိသည့်အသံမျိုး၊ ဒါမှမဟုတ် သူ မသိသည့်အရာကို ခုတ်မိသည့် အသံမျိုးပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ထို့ကြောင့် ဦးဖိုးတူသည် တူရွင်းကို ခဏချထားလိုက်ပြီး ပေါက်တူးနှင့် ခုတ်ထား၍ ပွနေသော မြေစာများကို လက်နှင့်ယှက်လိုက်ပြီး ဘာကိုခုတ်မိတာလဲဆိုပြီး ပို၍စိတ်ဝင်တစား တူးကြည့်မိသည်။

မြေကြီးထဲကို တော်တော်နက်နက်ကလေး ယှက်ကြည့်မှသာ တစ်စုံတစ်ခုကို သွားစမ်းမိ၏။

သစ်သားချောင်း တစ်ချောင်း ဖြစ်သည်။

ဒါဆို သစ်သားချောင်းတစ်ခုကို ပေါက်တူးက ခုတ်မိခြင်းဖြစ်ပေမည်။

ဦးဖိုးတူသည် သစ်သားချောင်းတစ်ခု ဖြစ်သောကြောင့် အထူးအဆန်း မဟုတ်တော့ဘဲ မြေကြီးထဲဝင်ပြီး စမ်းနေသော သူ၏လက်ကို အပေါ်ပြန်ဆွဲထုတ်မလို့ ပြင်နေစဉ် သစ်သားပေါ်ရှိ အရာတစ်ခုကို သွားရောက်စမ်းမိ၏။

အပြားတစ်ခုကို စမ်းမိလိုက်ခြင်း ဖြစ်သည်။

သစ်သားပြားလည်း မဟုတ်ချေ။ အနည်းငယ်တော့ ချောမွေ့နေ၏။

ကျန်အစိတ်အပိုင်းက မြေကြီးထဲ မြှုပ်နေသောကြောင့် ဘယ်လောက်ကြီးမှန်းလည်း မခန့်မှန်းတတ်ချေ။

ဦးဖိုးတူသည် သူစမ်းမိသောအရာကို ချက်ချင်းပင် စိတ်ဝင်စားသွားလေ၏။



ထို့ကြောင့် ကျန်ရှိသော မြေကြီးဖုံးနေသည့်အပိုင်းကို ပေါက်တူးဖြင့် ခပ်သွက်သွက်လေး တူးဖော်လိုက်သည်။

ခဏအကြာတွင် မြေကြီးထဲ၌ မြှုပ်နေသော သူ စမ်းမိသည့် အပိုင်းတစ်ခုလုံး ပေါ်လာလေ၏။

မြေကြီးထဲကနေ အပေါ်ကို ဆွဲထုတ်ယူလိုက်၏။ ပေါက်တူးနှင့်ပေါက်မိသော သစ်သားချောင်းအပေါ်တွင် အမျိုးအမည်မသိသည့် အရာဖြင့် (အပြားတစ်ခု၊ ခပ်ချောချော) တွဲဆက်ထားခြင်းဖြစ်သည်။

အပြားပေါ်တွင်လည်း စာအချို့ ရေးထားတာကို ဦးဖိုးတူတွေ့ရ၏။ ရွှံ့များ၊ မြေကြီးများနှင့် ညစ်ပတ်နေသောကြောင့် သဲသဲကွဲကွဲ ဖတ်လို့တော့ မရချေ။

နှစ်ပေါင်းအတော်ကြာကြာ မြေကြီးထဲရောက်နေပုံရသောကြောင့် စာသားအချို့မှာ ခပ်မှုန်မှုန်သာ ရှိနေသည်။

ထူးခြားတာက ထိုစာသားသည် သူတို့ တိုင်းပြည်တွင်သုံးသည့် ပေကညစ်ပေါ်တွင် ရေးထားခြင်း မဟုတ်ဘဲ တိုင်းပြည်မှာ မတွေ့ဖူးသည့် အပြားတစ်ခုပေါ်တွင် ရေးထားခြင်း ဖြစ်သည်။

"ဘာနဲ့ရေးထားတာလဲ မသိဘူး"

ဦးဖိုးတူသည် စိတ်ဝင်တစား ပွတ်ကြည့်သည်။ ရေးသားသည့် စာလုံးများမှာ မပျက်သွားချေ။

www.burmeseclassic.com

www.burmeseclassic.com



ရေးထားသော စာလုံးမှာလည်း ပိုင်းစက်နေပြီး အရောင်တစ်မျိုး ဖြစ်နေသောကြောင့် ကညစ်ပေါ်တွင်ရေးသည့် အရောင်မဟုတ်မှန်းလည်း ဦးဖိုးတူ သိသည်။ ဦးဖိုးတူသည် သူတွေ့ရှိထားသော သစ်သားချောင်းနှင့် တွဲထားသည့် အပြားကိုကိုင်ကာ လယ်စောင့်တဲရှိရာသို့ ပြန်သွားလိုက်၏။

လယ်စောင့်တဲရှိ ရေအိုးထဲက ရေအချို့နှင့် သူတွေ့ရှိသော အရာကို ဆေးကြောလိုက်သည်။

အညစ်အကြေးများ ကင်းစင်သွားသောကြောင့် ဦးဖိုးတူသည် ခပ်ဝါးဝါး မြင်နေသော စာများကို ကြိုးစားပမ်းစား ဖတ်ကြည့်လိုက်၏။

စာလုံးကတော့ သူတို့လက်ရှိ ရေးနေသည့် စာလုံးပုံစံများ ဖြစ်သောကြောင့် စာကိုတော့ အလွယ်တကူ အဓိပ္ပာယ်သိနိုင်သည်။

"တပ်. . ."

အရှေ့ကစာလုံးမှာ 'တပ်'ဆိုသည့် စာလုံးတော့ သေချာသည်။

နှစ်ပေါင်းများစွာ ကြာနေပုံရသောကြောင့် ကပ်နေသည့် အမည်းကြီးတစ်ခုကို လက်နှင့်အတင်း ခွာချလိုက်သည်။

အကုန်လုံး မကွာသည့်တိုင် စာလုံးတစ်ခုတော့ ပေါ်လာ၏။

"ပိုင်. . ."



သေချာသည်။ ထိုစာလုံးသည် 'ပိုင်'ဆိုသည့် စာလုံးဖြစ်သည်။

နောက်ဆုံးစာလုံးကတော့ ခပ်ရှင်းရှင်းမဟုတ်တောင် အဓိပ္ပာယ်နားလည်သည့် 'မြေ'ဆိုသည့် အဓိပ္ပာယ်ကို ရေးထားခြင်း ဖြစ်သည်။

## "တပ် ပိုင် မြေ"

အသံထွက် ရွတ်မိသော်လည်း ဘာအဓိပ္ပာယ်မှန်း ဦးဖိုးတူ မသိချေ။

မြေဆိုတာတော့ သူသိသည်။ မြေကြီးကို ဆိုလိုပုံရသည်။ ပိုင်ဆိုတာက ပိုင်ဆိုင်တာကို ပြောခြင်းဖြစ်ပေမည်။

'တပ်'ဆိုတာ ဘာလဲ။ လူနာမည်လား။ ဒါဆို ဦးတပ်ဆိုတဲ့ လူ ပိုင်တဲ့မြေကို ဆိုလိုတာလား။ လူနာမည်ဆိုပါကလည်း အရှေ့မှာ 'ဦး'တော့ ထည့်ထားမှာပေါ့ဆိုပြီး ဦးဖိုးတူ တွေးမိပြန်သည်။


အတည့်ကြည့်လိုက်၊ ဇောက်ထိုးကြည့်လိုက်နဲ့ အခြားအဓိပ္ပာယ်များ ပေါ်လိုပေါ်ငြား ကြည့်သော်လည်း အချိန်အတော်ကြာသည်အထိ ဦးဖိုးတူမှာ စဉ်းစားမရဘဲ ဖြစ်နေသည်။

ထိုကြောင့် အလုပ်ဆက်မလုပ်ချင်တော့ဘဲ ကိုင်းခုတ်ဓားနှင့် ပေါက်တူးကိုယူပြီး တစ်ဖက်က ထိုအရာကြီးကိုကိုင်ကာ အိမ်ကို ပြန်ခဲ့လိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com



## (၈)

"မုန့်တစ်ခုလောက် ပေးပါ"

"ဪ. . . ရမယ်၊ ရမယ်၊ တစ်ခုတည်းလား"

"ဟုတ်တယ်"

ဈေးဝယ်သူကို ဆိုင်ရှင်ဖြစ်သည့် မအေးပုက ဆန်ကောထဲတ မုန့်တစ်ခုကို ဖက်နှင့်ထုတ်ပေးလိုက်သည်။

ဝယ်သူပေးသည့် ကြေးပြားဝိုင်းကို ခုံအောက်ကို ထိုးထည့်လိုက်ပြီး နောက်ဖက်တွင် မီးမွှေးနေသော သမီးငယ်ကို တစ်ချက်ကြည့်လိုက်သည်။

မီးမွှေးတာ အဆင်ပြေနေသောကြောင့် ဆန်ကောထဲတွင် ကျန်နေသော မုန့်များကို သေသေသပ်သပ် စီလိုက်သည်။

သူ့မုန့်သည် နေပြည်တော် နန်းတွင်းတစ်ဝိုက်တွင် နာမည်ကြီးသည့် မုန့်ဖြစ်သည်။ အေးပုမုန့်ဆိုတာနဲ့ လူတိုင်းသိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးပုတွင် လင်ယောက်ျား မရှိတော့။ သူ့သမီးမွေးစတွင် ဆုံးပါးသွားခြင်း ဖြစ်သည်။

ထို့ကြောင့် သားအမိနှစ်ယောက်သာ လုပ်ကိုင်စားသောက်နေခြင်း ဖြစ်သည်။ အေးပုမုန့်သည် ရောင်းကောင်းသောကြောင့် သူတို့သားအမိနှစ်ယောက်မှာ ချောင်ချောင်လည်လည် စားသောက်နိုင်ကြသည်။

သူ့သမီးကလည်း ကူညီတတ်စအရွယ် ရောက်လာပြီဆိုတော့ အေးပုအတွက်ကတော့ အားကိုးရာ ရနေလေသည်။

အခုလည်း သူ့သမီး မီးမွေးနေသည်ကို စိတ်မချသောကြောင့် ခဏခဏ လှမ်းကြည့်နေရသည်။

သူ့သမီး မီးမွေးတတ်တာ (၇)ရက်ပင် မပြည့်သေးချေ။ ထို့ကြောင့် အဆင်ပြေပါ့မလားဆိုပြီး ခဏခဏ လှမ်းကြည့်မိနေခြင်း ဖြစ်သည်။

ရှေ့က ဈေးရောင်းတစ်ဖက်နှင့်ကြောင့် နောက်ဖေးကိစ္စတာဝန်များကို သူသမီးအား အားကိုးမိခြင်း ဖြစ်သည်။

"သမီး. . . မီးမွေးတာ အဆင်ပြေလား"

"ပြေပါတယ် အမေ မီးတောက်နေပြီ"

"ဪ အေး. . . ဒါဆို ရေနွေးအိုးလေး အရင်တည်ထားလိုက်၊ ဒီဆန်ကောတစ်ခု ကုန်သွားရင် အမေလာခဲ့မယ်"

"ဟုတ်ကဲ့ အမေ"



ဝယ်သူလာသောကြောင့် အေးပုလည်း အရှေ့ဘက် ပြန်လှည့်ကာ ဈေးပြန်ရောင်းနေ၏။

"အေးပု. . . မုန့်နှစ်ခုထည့်ပေး"

"ဟုတ်ကဲ့၊ ဒေါ်ဒေါ့်သားအတွက် မုန့်တစ်ခု ပိုထည့်ပေးလိုက်မယ်"

"အေး အေး"

မုန့်တစ်ခုကို အပိုထည့်ပေးရင်း လှမ်းပေးလိုက်သည်။ ဒေါ်ဒေါ်က ကြေးပြားကို ဆန်ကောဘေးနားတွင် ချလိုက်ပြီးနောက်-

"အေးပု"

"ရှင်"

"နင်တို့အိမ်ထဲက ဘာအနံ့ကြီး ထွက်နေတာလဲ"

"ဘာအနံ့ထွက်နေလို့လဲ ဒေါ်ဒေါ်ရဲ့"

"ညော်နံ့တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘာအနံ့လဲတော့ မသိဘူး"

"မုန့်ကြော်တဲ့ အနံ့ဖြစ်မှာပါ"

"အမယ်လေးဟယ်၊ မုန့်က နေ့တိုင်းဝယ်လို့ အဲဒီအနံ့ဆိုလာက်တော့ ငါသိတာပေါ့၊ အခုဟာက ငါမသိတဲ့ အနံ့ဟဲ့၊ နင့်သမီး မီးမွေးနေတာမှတ်လား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"နင့်သမီးကို သေချာလည်း မေးကြည့်ပါဦး၊ ဘာတွေနဲ့ မီးမွေးနေလဲလို့"

ဒေါ်ဒေါ်သည် ပြောပြောဆိုဆိုပင် သူမုန့်ထုပ်ကိုယူကာ နောက်ဖေးကို တစ်ချက်ကြည့်ရင်း ထွက်သွားလေ၏။

ဒေါ်ဒေါ်ပြောမှ အေးပုမှာ အနံ့ခံကြည့်မိသည်။ ဟုတ်တော့ ဟုတ်သည်။ ညော်နံ့တစ်မျိုးတော့ ရသည်။

အရင်နေ့တွေကတည်းက သူမလည်း သတိထားမိသော်လည်း ဈေးရောင်းရင်းနဲ့ သတိမေ့သွားမိသည်။

မီးမွေးတာကလည်း ထင်းနဲ့မွေးတာပါပဲ။ ညော်နံ့မထွက်ပါဘူး။ ဒါမှမဟုတ် မီးဖိုထဲကို တစ်ခုခုများ ကျသွားလို့လား။

ကျတယ်ဆိုပါကလည်း တစ်ရက်တလေသာ ကျပေလိမ့်မည်။ အခု အညော်နံ့က ဟိုနေ့ကတည်းက ရနေသောကြောင့် သူ့သမီးကို မေးကြည့်မှ ဖြစ်ပေမည်။

ထို့ကြောင့် ဈေးရောင်းနေရာမှ ခဏထပြီး နောက်ဖေးကို ဝင်ကာ-

"သမီး"

"ရှင်"

"သမီး အညော်နံ့တစ်ခု မရဘူးလား"

"ဟို့ . . ."

သူ့သမီးမှာ ပြန်မဖြေနိုင်ဘဲ ဟိုဟိုဒီဒီ လုပ်နေသော



ကြောင့် မီးဖိုထဲတွင် တစ်ခုခုလုပ်ထားတာ သေချာသွားပြီ ဖြစ်သည်။

"ပြောစမ်း . . . မီးဖိုထဲ နင်ဘာတွေထည့်ထားတာလဲ"

"ဟို့ . . . ထင်းနဲ့မီးစမွေးရတာ မီးသိပ်မတောက်လို့ . . . တော်ကောင်း လာပေးသွားတဲ့ဟာတွေကို ထည့်ပြီး မီးမွေးထားတာပါအမေ"

တော်ကောင်းဆိုတာ သမီးရဲ့ သူငယ်ချင်းတစ်ယောက်ဖြစ်သည်။

"ပြစမ်း . . . ဘာတွေလဲ"

"တစ်ခုပဲ ကျန်တော့တယ်"

"အေးပါ၊ အဲဒါဘာလဲလို့ ငါ့ပြစမ်းပါ"

သူ့သမီးသည် မီးဖိုနဲ့ ခပ်လှမ်းလှမ်း ချောင်တွင်ထိုးထည့်ထားသော အရာကို ဆွဲယူလိုက်ပြီး သူ့အမေကို လှမ်းပေးလိုက်၏။

"ဒါ . . . ဘာကြီးလဲ"

"သမီးလည်း မသိဘူးအမေ၊ မီးမွေးလို့တော့ ကောင်းတယ်၊ မီးလည်း မြန်မြန်တောက်တယ်"

အေးပုသည် သူ့သမီး ပေးလိုက်သောအရာကို ဖြန့်ကြည့်လိုက်သည်။ ပျော့ဖတ်ဖတ်နှင့် ခပ်ပါးပါး အရာတစ်ခု ဖြစ်သည်။ အင်္ကျီစလိုမဟုတ်ဘဲ အချို့နေရာ များက စုတ်ပြတ်နေပြီး ဝါကျင့်ကျင့် ဖြစ်နေ၏။

ထိုဝါကျင့်ကျင့်ပေါ်မှာလည်း စာများကို တွေ့ရ၏။ ရုပ်ပုံ

www.burmeseclassic.com



များကိုလည်း တွေ့ရပြန်သည်။

"သမီး. . . တော်ကောင်းက ဒီဟာကို ဘယ်ကရလာတာလို့ပြောလဲ"

"တောပစ်ထွက်ရင်း သူ့အစ်ကို ကောက်ရလာတာလို့ပြောတာပဲ"

သူတို့နေပြည်တော် အနီးအနားတစ်ဝိုက်တွင် မမြင်ဘူးသောအရာ ဖြစ်သည်။

အေးပုမှာ စာမဖတ်တတ်သောကြောင့် အပေါ်ပါစာများကိုလည်း မဖတ်တတ်ချေ။ ရာဇဝတ်သင့်သည့် ပစ္စည်းလည်း ဖြစ်မှာကို စိုးရိမ်မိသည်။

ထို့ကြောင့် အေးပုသည် ချက်ချင်းဆိုသလိုပင် စီရင်စုလူကြီးထံသို့ သွားပြီး ထိုပစ္စည်းကို အပ်လိုက်လေ၏။

■



အေးပုက စီရင်စုလူကြီးထံသို့ အပ်ခဲ့သောပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဖြင့် ဘိန်မာပြည် အနီးတစ်ဝိုက်တွင် ထူးဆန်းသော အရာများ တွေ့ရှိရသည့် သတင်းများသည် ဘိန်မာပြည် အနီး တစ်ဝိုက်တွင်သာမက နီးစပ်ရာ ရွာငယ်လေးများအထိပင် ပျံ့နှံ့သွားလေ၏။ လူတိုင်း၏ ပါးစပ်ဖျားတွင်လည်း ထိုအကြောင်းများကို မိမိတို့ ထင်မြင်သည့်အတိုင်း ပြောဆိုနေကြတော့သည်။

နောက်ဆုံးတွင် ထိုသတင်းများသည် ဘုရင့်နန်းတော်သို့ ပေါက်ကြားသွားလေ၏။

ခရစ်သက္ကရာဇ် ၂၉၈၇ ခုနှစ်၊ နန်းတွင်းနံနက် ညီလာခံ ကျင်းပရာ အဆောင်. . . .

www.burmeseclassic.com

www.burmeseclassic.com

## (၉)

နံနက်ညီလာခံ ကျင်းပရာအဆောင်တွင် ဝန်မင်း၊ ဝန်စု၊ ဝန်မှူးများနှင့် သံတော်ဆင့်များ၊ နာခံတော်များနှင့် သက်ဆိုင်ရာ မင်းမှုထမ်းများ အားလုံး စုံညီစွာ ရောက်ရှိနေကြပြီ ဖြစ်သည်။

ဘိန်မာပြည် ပြည့်ရှင်အရှင်မင်းကြီး သုနကစကို စောင့်ဆိုင်းနေချိန် ဖြစ်သောကြောင့် အားလုံးသည် ကိုယ်နှင့်နီးစပ်ရာ ဝန်မင်းများနှင့်အတူ စကားစမြည် ပြောနေကြ၏။

ထိုသို့ စကားစမြည် ပြောနေကြရင်းမှပင် အရှင်မင်းကြီး ပလ္လင်တော်၏ လက်ယာဘက်တွင်ရှိနေသော ရွှေကလပ်ပေါ်တွင် တင်ထားသည့် ပစ္စည်းလေးမျိုးကိုလည်း တစ်ချက်တစ်ချက် အကြည့်ရောက်သွားကြ၏။

ဤသည်ကို ကြည့်ခြင်းအားဖြင့် သူတို့သည် ထိုအမျိုးအမည်မသိသော ပစ္စည်းများအကြောင်းကို ပြောနေကြမှန်း ပေါ်လွင်နေ၏။



ယနေ့ နံနက်ညီလာခံတွင်လည်း ထိုအကြောင်းအရာတပင် စိတ်ဝင်စားစရာ အကောင်းဆုံး အကြောင်းအရာပင် ဖြစ်လိမ့်မည်ဟု အားလုံးက တစ်ထစ်ချ ယူဆလိုက်ကြသည်။

"ကျုပ်ကတော့ သစ်သားချောင်းနဲ့ တွဲထားတဲ့ အပြားပေါ်က စာကို ပိုပြီး စိတ်ဝင်စားတယ် ဝန်မင်း"

မင်းတိုင်ပင်ခံပညာရှိ အမတ်ကြီးတစ်ဦးဖြစ်သည့် ဘိုးဇင်နရကအနီးတွင် ဝပ်တွားခစားနေသော ဝန်မင်းဦးသာဇံကို တိုးတိုးလေး ပြောလိုက်၏။

"ကျွန်တော်မျိုးကတော့ ပုံတွေစာတွေ အများကြီးပါတဲ့ အလိပ်ပြားကြီးကိုပဲ တော်တော်စိတ်ဝင်စားပါတယ် ဘုရား၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပေါ်မှာပါတဲ့ ဂဏန်းတွေအရဆိုရင် အဲဒီအလိပ်ဟာ ၂၀၁၄ ခုနှစ်ကတည်းက အလိပ်တစ်ခုဆိုတာ သိသာထင်ရှားတယ်၊ ဒီတော့ နှစ်ပေါင်းအနေနဲ့ဆိုရင် နှစ်ပေါင်း ၉၀၀ လောက်ရှိနေပြီလို့ ယူဆရပါမယ်၊ ဒါကပိုပြီးတော့ စိတ်ဝင်စားဖို့ ကောင်းပါတယ်"

"အင်း. . . တွေ့ရှိတဲ့ ပစ္စည်းတွေကတော့ အကုန်လုံး သူ့ဟာနဲ့သူ စိတ်ဝင်စားဖို့ ကောင်းတာချည်းပဲ ဝန်မင်းရဲ့"

"မှန်ပါတယ်"

ထိုဝန်မင်းနှစ်ပါးတင်မဟုတ်ဘဲ ကျန်တဲ့မင်းခစား ဝန်ထမ်းများပါ ထိုပစ္စည်းများအကြောင်းကို တီးတိုးတီးတိုးဖြင့် ပြောနေကြ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထိုစဉ်-

"အရှင်မင်းကြီးနဲ့ မိဖုရားခေါင်ကြီး ကြွချီတော်မူလာပါပြီ"

သံတော်ဆင့်ဝန်မင်း၏ အသံကြောင့် အားလုံးမှာ ငြိမ်သက်သွားပြီး ခန္ဓာကိုယ်ကို ကြမ်းပြင်နှင့် တစ်ပြေးတည်းဖြစ်အောင် ဝပ်တွားနေလိုက်ကြသည်။

အရင်တုန်းကဆိုလျှင် နံနက်ညီလာခံ၌ မိဖုရားခေါင်ကြီး တက်လေ့တက်ထ မရှိပေ။

ယနေ့တွင် မိဖုရားခေါင်ကြီးပါ ညီလာခံတက်လာသည်ဆိုသောကြောင့် ခစားနေကြသော ဝန်မင်းများနှင့် မှူးမတ်များအားလုံး စိတ်ဝင်စားသွားကြလေသည်။

ထိုကိစ္စသည်လည်း ဘိန်မာပြည်တစ်ဝန်းတွင် ရှာဖွေတွေ့ရှိသော ပစ္စည်းများနှင့် သက်ဆိုင်လိမ့်မည်ဆိုပြီးလည်း အားလုံး ရိပ်မိလိုက်ကြသည်။

"ကဲ. . . ကဲ၊ ဝန်မင်းတွေ ရှာဖွေတွေ့ရှိတယ်ဆိုတဲ့ ပစ္စည်းတွေ ငါကိုယ်တော်ကို ပြကြပါဦး"

မင်းကြီးသည် ပလ္လင်တော်ပေါ် ထိုင်ပြီးပြီးချင်း နှုတ်ခွန်းဆက်စကားပင် မပြောကြားတော့ဘဲ ချက်ချင်းဆိုသလိုပင် ထိုကိစ္စကို ကောက်ခါငင်ကာ မေးလိုက်လေ၏။

"မှန်ပါ့ဘုရား အရှင်မင်းကြီးရဲ့ လက်ယာမှာ ထားထား



ပါတယ် ဘုရား"

"တစ်ယောက်လောက် ငါကိုယ်တော်ကို ဆက်စမ်း"

မှူးမတ်တစ်ယောက်သည် ထိုင်နေရာမှထလိုက်ပြီး ခါးကို ကုန်းကာ ဦးညွတ်ရင်း မင်းကြီးလက်ယာဘက်ရှိ ရွှေကလပ်များကို ယူကာ မင်းကြီးအား တစ်ခုချင်းစီ ဆက်သလိုက်၏။

"ဒါက ကလေးတွေ တွေ့ရှိတဲ့ ပထမဆုံး ပစ္စည်းပါဘုရား"

ဆင်ပုံပါအပြားကို အရင်ဆက်သလိုက်၏။

ဘုရင်ကြီးသည် ဆင်ပုံပါ အပြားကို သေချာကြည့်ပြီးနောက်-

"တော်တော်ဟောင်းနေပြီပဲ"

"မှန်ပါ့ဘုရား"

"ကလေးတွေ ဘယ်ကတွေ့တာလဲ"

"မြို့ပြင်တံခါး တောင်ဘက်မှာရှိတဲ့ သစ်တောထဲမှာပါ ဘုရား"

"ဒါကို ဘယ်လိုထင်လဲ ဝန်မင်းတို့"

ဘုရင်ကြီးသည် မိဖုရားခေါင်ကြီးဘက်ကို 'ဆင်ပုံပါအပြား' အား ကမ်းပေးလိုက်ပြီးနောက် ဝန်မင်းများကို မေးလိုက်လေ၏။

အမတ်ကြီးဖိုးဇင်နှရက-

"မှန်ပါ့ဘုရား စာကတော့ ကျွန်တော်မျိုးတို့ တိုင်းပြည်ကစာနဲ့တူပါတယ် ဘုရား၊ လေ့လာကြည့်တဲ့အခါမှာတော့ တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုက အသုံးပြုတဲ့ ကြေးပြားတစ်ခုလို့ ထင်ပါတယ် ဘုရား"

"ကြေးပြားက ပါးလိုက်တာ၊ စုတ်ပြဲနေပြီ"

"ကြေးပြားလို့ ဆိုလိုတာ မဟုတ်ပါဘူး ဘုရား၊ ကျွန်တော်မျိုးတို့ တိုင်းပြည်မှာ အသုံးပြုနေတဲ့ ကြွေးခံကြေးပြားပုံစံမျိုး လဲလှယ်ဝယ်ယူတဲ့အခါမှာသုံးတဲ့ ငွေကြေးဖြစ်လိမ့်မယ်လို့ ဆိုလိုတာပါ ဘုရား"

ဘုရင်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်သည်။

ထို့နောက်-

"ဒါဆို ဒီဆင်ပုံပါအပြားက ဘယ်နိုင်ငံကဟာတုန်း ဝန်မင်းရဲ့"

"အပြားပေါ်က စာအရတော့ မြန်မာနိုင်ငံတော်ဆိုတဲ့ နိုင်ငံတစ်ခုကသုံးတဲ့ ကြေးပြားပုံစံပါ ဘုရား"

"အဲဒီနိုင်ငံက ဘယ်မှာရှိတာလဲ"

ဘုရင်ကြီး၏ အမေးကြောင့် အားလုံးမှာ တုံ့ဆိုင်းသွားကြလေသည်။ သူတို့လည်း ထိုနိုင်ငံကို မသိဘူးဖြစ်နေကြသည်။

"ဟဲ့. . . ဝန်မင်း ကျုပ်မေးနေတယ်လေ"

"မှန်ပါ့ဘုရား. . . ကျွန်တော်မျိုးတို့လည်း မသိပါဘူး ဘုရား. . . အရှင်မင်းကြီးရဲ့ ဖခမည်းတော်နဲ့ ဘိုးတော်အစဉ်အဆက်ထားခဲ့တဲ့ ပေပုရပိုက်များမှာလည်း ရှာမတွေ့ပါဘူး ဘုရား"

"အင်း. . . ကျုပ်တို့ ဘိန်မာပြည်ကလည်း မှတ်တမ်းမှတ်



ရာတွေ တယ်အားနည်းသကိုး. . . ကျုပ်တို့ရဲ့ ဘိုး ဘေး ဘီ ဘင်ခေတ်လောက်ကဟာတွေပဲ သိတော့တယ်၊ အရင်ရှေးတုန်းက အဖြစ်အပျက်တွေက မှတ်တမ်းလည်း မရှိတော့ ဘယ်လိုဘာတွေဖြစ်ခဲ့လဲ၊ ဘာတိုင်းပြည်တွေ ရှိခဲ့လဲဆိုတာ မသိနိုင်တော့ဘူးပေါ့၊ ထဲ. . . ထားပါတော့ နောက်တစ်ခုပြပါဦး"

မှူးမတ်သည် ဒုတိယကလပ်ပေါ် တင်ထားသော သစ်သားချောင်းနှင့် တွဲထားသည့် အပြားကို ပြလိုက်၏။

"ဒါကရော ဘာလဲ"

"ဦးဖိုးတူက မြေရိုင်းတွေကို ရှင်းရင်းတွေ့တဲ့ ပစ္စည်းပါဘုရား"

ဘုရင်ကြီးက မှူးမတ်လက်ထဲက ပစ္စည်းကို လှမ်းယူလိုက်သည်။

"တပ်ပိုင်မြေဆိုပါလား"

"မှန်ပါ့ဘုရား"

"ဘာကိုပြောတာလဲ"

"တစ်ဦးတစ်ယောက်ပိုင်တဲ့ မြေလို့ဆိုလိုပုံ ရပါတယ်ဘုရား"

"အဲဒါတော့ ကျုပ်လည်း သိတာပေါ့၊ ဘယ်သူပိုင်တဲ့ မြေလဲလို့ မေးနေတာ"

ဘုရင်ကြီး ဒေါသထွက်သွားသောကြောင့် နီးစပ်ရာဝန်မင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က-

"အမိပ္ပာယ်ကိုတော့ စုံစမ်းစဲပါ ဘုရား"

ဆိုပြီး ဝင်ပြောလိုက်၏။

"စာရေးထားတဲ့ အပြားကတော့ ခပ်ထူထူပဲ၊ ဘာသားလဲ မသိဘူး"

ဘုရင်က ခေါက်ကြည့်လိုက်သည်။ ဖြန်းဖြန်းနဲ့ အသံထွက်လာ၏။

အားလုံးကလည်း ထိုအပြားသည် ဘာအပြားမှန်း မသိကြချေ။ ထို့နောက် ဘုရင်ကြီးက ထိုသစ်သားချောင်းနှင့် အပြားကို ပြန်ပေးလိုက်ပြီး နောက်ဆုံးတစ်ခုကို လှမ်းယူလိုက်သည်။

ဆွေးမြည့်နေတဲ့ ပုံစံကြောင့် ဂရုထားပြီး လှမ်းယူလိုက်၏။ ထို့နောက် အပေါ်က ရေးထားသော စာများကို တစ်ခုချင်းစီ ဖတ်ကြည့်လိုက်သည်။

"ကြေးမုံသတင်းစာ"

ကျန်တဲ့စာများကိုလည်း တစ်ချက်ဖတ်ကြည့်လိုက်၏။ တချို့စာလုံးတွေက ဝေဝါးနေသည်။

ထို့နောက် ထိုပစ္စည်းကို မိဖုရားကြီးဘက် ပေးလိုက်ပြီး ဝန်မင်းများဘက် လှည့်ကာ-

"ဒါကိုရော ဘယ်လိုထင်တုန်း"

ဟု မေးလိုက်လေ၏။



"ဒါကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၉၀၀ ကျော်က ပစ္စည်းတစ်ခု ဖြစ်ပါတယ်ဘုရား"

"အင်း. . . ဆက်ပြောပါဦး"

"ခုနက ဆင်ပုံပါ ကြေးပြားလုပ်တဲ့ မြန်မာနိုင်ငံဆိုတဲ့ တိုင်းပြည်ကပဲလုပ်တဲ့ ပစ္စည်းတစ်ခုပါ ဘုရား"

"အင်း. . . ဒီမှာ ရေးထားတဲ့ သတင်းစာဆိုတာ ဘာကိုပြောတာလဲ"

"သတင်းစာဆိုတာကို ကျွန်တော်မျိုးတို့ ပေပုရပိုက်တွေထဲမှာ ရှာကြည့်တော့ လူတွေကြားမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို နေ့စဉ်မှတ်တမ်းလုပ်ပြီး ပြည်သူတွေ သိအောင်လုပ်တဲ့ အရာလို့ သိရပါတယ်ဘုရား"

"ဘယ်လိုမျိုးလဲကွဲ့"

"ဥပမာ- တိုင်းပြည်မှာ ပွဲလမ်းသဘင်လိုမျိုး အကြောင်းအရာတွေ၊ ဘုရင်ကြီးရဲ့ အမိန့်တော်တွေ၊ နန်းတွင်းအကြောင်းတွေ၊ တောရွာအကြောင်းတွေ စတဲ့အရာတွေပါဘုရား"

"ဒါဆို ဒီထဲမှာ သမ္မတကြီးလို့ ဆိုထားတော့. . . အဲ့ဒါ ဘာကို ဆိုလိုတာလဲ"

"ပေပုရပိုက်တွေထဲအရတော့ သမ္မတကြီးဆိုတာ နိုင်ငံအုပ်ချုပ်သူလို့ ဆိုလိုပုံရပါတယ် ဘုရား"

"ဒါဆို ကျုပ်လိုမျိုးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းတော့ ကွဲလွဲပါတယ် ဘုရား"

"ဘယ်လိုကွဲလွဲတာလဲ"

ဘုရင့်အမေးကို ဝန်မင်းတွေမှာ ရှေ့ဆက်မဖြေတတ်တော့ပေ။ အဲဒါကို ဘုရင်ကြီးကလည်း ရိပ်မိသည်။

"ကဲ. . . ထားပါတော့၊ ဆိုလိုရင်းက လွန်ခဲ့တဲ့ နှစ်ပေါင်း ၉၀၀ ကျော်က ၂၀၁၄ ခုနှစ်ဆိုတဲ့နှစ်မှာ ပြည်ထောင်စု မြန်မာနိုင်ငံဆိုတဲ့ တိုင်းပြည်ကို ဦးသိန်းစိန်ဆိုတဲ့ ပုဂ္ဂိုလ်ကြီး အုပ်ချုပ်တယ်လို့ အကြမ်းဖျင်းပြောလို့ရတယ် ပေါ့ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါကို ခုနက ကြေးပြားသဏ္ဌာန်ကလည်း သူလုပ်တာပဲပေါ့"

"မှန်ပါတယ် ဘုရား"

"ဒါဆို 'တပ်ပိုင်မြေ'ကလည်း သူ့တိုင်းပြည်ကဟာပဲ ဖြစ်ရမယ်"

"အဲဒီလို ယူဆရမှာပါဘုရား"

"အိမ်း. . . ဒါပေမယ့် အဲဒါတွေက ကျုပ်တို့ ဘိန်မာပြည်ထဲ ဘာဖြစ်လို့ တူးဖော်တွေ့ရှိရတာလဲ"

ဘုရင်ကြီးရဲ့မေးခွန်းများကို ထုံးစံအတိုင်း ဘယ်သူမှ မဖြေနိုင်ကြတော့ချေ။

ဘုရင်ကြီးက ဆက်ပြောနေ၏။



"မောင်မင်းတို့ သိတဲ့အတိုင်းပဲ ကျုပ်တို့ဘိန်မာတိုင်းပြည်တလည်း မှတ်တမ်းမှတ်ရာနည်းတော့၊ ပြီးတော့ ရှေးရာဇဝင်ဆိုတာလည်း ဘာမှန်းလည်း မသိဘူး၊ အခုတော့ ၂၀၁၄ ခုနှစ်ဆိုတဲ့ ဂဏန်းစာလုံးပါတဲ့ ပစ္စည်းတချို့ကို တွေ့တယ်ဆိုတော့ **ကျုပ်တို့ ဘိန်မာတိုင်းပြည်ကြီးဟာ အရင်တုန်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးများ ဖြစ်နေမလားလို့** စဉ်းစားမိတယ် ဝန်မင်းတို့"

"မှန်ပါတယ် ဘုရား၊ အဲဒီလိုတွေးမိပါတယ်ဘုရား"

"တွေးမိရုံနဲ့ မပြီးသေးဘူး ဝန်မင်းတို့ရဲ့၊ ဒီကြေးမုံဆိုတဲ့ တာကြီးကို ဖတ်ကြည့်တော့ သူတို့ရဲ့ နေပုံထိုင်ပုံ၊ ဝတ်ပုံနဲ့ အပြုအမူတွေဟာ ကျုပ်တို့ ဘိန်မာပြည်နဲ့ အတော်လေး ကွဲပြားနေတယ်၊ တူတာဆိုလို့ ဘာသာစကားနဲ့ စာပေရေးသားပုံပဲတူတာကို တွေ့ရတယ်၊ ဒီတော့ အရင်လွန်ခဲ့တဲ့ နှစ်ပေါင်း ၉၀၀ ကျော်တုန်းက ကျုပ်တို့ ဘိန်မာပြည်နေရာမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုတာကြီး ရှိခဲ့သလားဆိုတာကို အရင်ဆုံး လေ့လာစုံစမ်းရမယ်၊ ပြီးတော့ ဘယ်သူတွေ အုပ်ချုပ်ခဲ့တယ်၊ သူတို့နေထိုင်ပုံက ဘယ်လို စတာတွေကိုလည်း သိအောင် လုပ်ရမယ်။ ဒါမှ ဒီကိစ္စဟာ ကျုပ်တို့အတွက် အကျိုးအပြစ် ရှိမရှိ သိရမယ်။ ကြားလား ဝန်မင်းတို့"

"ကြားပါတယ် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ဒီကိစ္စဟာ နန်းတွင်းမှာရော၊ နန်းပြင်ရွာတွေမှာပါ အလွန်စိတ်ဝင်စားနေတဲ့ ကိစ္စကြီးဖြစ်နေပြီဆိုတော့ ချက်ချင်း အကောင်အထည်ဖော်မှရမယ်၊ တစ်ခု သိပြီးတိုင်း သိပြီးတိုင်းမှာ တချုပ်ကို သံတော်ဦးတင်ရမယ်၊ အဲဒီကိစ္စအတွက် အမတ်ကြီး ဖိုးဇင်နရနဲ့ ဝန်မင်း ဦးသာဇံတို့က ဦးဆောင်ရမယ်၊ လိုအပ်တဲ့ ကြေးပြားတွေကိုလည်း ကြေးတိုက်တော်က ထုတ်ယူစေ"

"မှန်ပါ့ဘုရား"

"အဲဒီတော့ ဒီပစ္စည်းတွေ တွေ့ခဲ့တဲ့နေရာတွေမှာ တူးဖော်မှုတွေကို အရင်လုပ်ပါ ဝန်မင်းတို့"

ဟုပြောပြီး ခစားနေသော ပုရောဟိတ် (၃)ဦးဘက်သို့ လှည့်ကာ-

"ပုရောဟိတ်ကြီးတွေကလည်း ဒီအခြေအနေတွေကို ဗေဒင်၊ စနည်း၊ တဘောင်စတဲ့ ပညာတွေနဲ့ တွက်ချက်ပြီး ကျုပ်ကို အမြန်လျှောက်တင်ရမယ်. . . ကဲ ဒီနေ့ညီလာခံသိမ်းမယ်"

ဟုဆိုပြီး အမိန့်တော်များ ချမှတ်ကာ မိဖုရားခေါင်ကြီးနှင့်အတူ ပလ္လင်ပေါ်ကနေ ဆင်းသွားလေ၏။

■

(၁၀)

ဘုရင်မင်းကြီး အမိန့်တော် ချမှတ်ပြီးနောက်တွင် အတိုင်ပင်ခံ အမတ်ကြီးဘိုးဇင်နရနှင့် ဝန်မင်းဦးသာဇံတို့သည် နောက်ဆိုက် နောက်ပါ မင်းမှုထမ်းများနှင့်အတူ ကလေးတွေ ဆော့ကစားခဲ့သည့် 'ဆင်ပုံပါ ပစ္စည်း' တွေ့သည့်နေရာကို ထွက်လာခဲ့ကြ၏။

သူတို့ထွက်လာသည့် အချိန်နှင့်တစ်ပြိုင်နက်တည်းတွင် ဘုရင်မင်းကြီး၏ အမိန့်တော်ထုတ်ပြန်လိုက်သည့် သတင်းသည် အိန်မာပြည်တစ်ဝန်း ပျံ့နှံ့သွားကာ အုံ့အော်သောင်းနင်း ဖြစ်သွားလေ၏။

အမတ်ကြီးဘိုးဇင်နရနှင့် အဖွဲ့ကိုလည်း သွားရောက်ကြည့်ကြလေ၏။ မြို့တံခါးအပြင်ဘက် တောအုပ်နား ရောက်သောအခါ ဘိုးဇင်နရသည် မင်းမှုထမ်းများအား အမိန့်ချမှတ်သည်။

www.burmeseclassic.com

ဤနေရာအနီးတစ်ဝိုက်အား ဘုရင့်အမိန့်တော်ဖြင့် တူးယူ မှုနယ်မြေအဖြစ် သတ်မှတ်ရမည်။ တူးဖော်ရေးကို မှူးမတ်များက အဆင့်ဆင့် အုပ်ချုပ်ပြီး မိမိအား ဖြစ်ပေါ်လာသော ကိစ္စများကို အသိပေး အကြောင်းကြားရမည်။ လိုအပ်သော လုပ်သားအင်အားကို ဘိန်မာပြည်တွင်းရှိ စိတ်ပါဝင်စားသောသူများ (သို့) ကြေးပြား ဖြင့် လုပ်လိုသူများအား စုဆောင်း ရှာဖွေရမည်။

ရရှိလာသော၊ တွေ့ရှိရသော ပစ္စည်းများကို မကျိုး မပျက်ဝဲ မိမိထံကို ပေးပို့ရမည်။

အလုပ်လုပ်ရာတွင် စနစ်တကျ ရှိစေရေးအတွက် ဤ နေရာတွင် တူးဖော်ရေး ပြုလုပ်မည့်အဖွဲ့ကို 'ဆင်ပုံပါအဖွဲ့'ဟု ခေါ်တွင်စေမည် ဖြစ်သည်။ တူးဖော်ရေးအတွက် လိုအပ်သော ကြေးပြားများကို ဝန်မင်းဦးသာဇံက စိစစ်ပြီး အတိုင်းအဆမရှိ ထုတ်ယူသုံးစွဲစေရမည်။

တူးဖော်ရရှိသော ပစ္စည်းများအား ထိန်ချန်၊ ကွယ် ဝှက်ထားပါက၊ ကွယ်ဝှက်သူ၊ ထိန်ချန်သူသည် မင်းပြစ် မင်းဒဏ် သင့်စေရမည်။

ရရှိလာသော ပစ္စည်းများအား ထားသိုသိမ်းဆည်းရန် နှင့် အုပ်ချုပ်ရန် ယာယီတဲကြီးတစ်ခုကို အလျင်အမြန် ဆောက်လုပ်စေရမည်။ ထိုယာယီတဲကိုလည်း 'ဆင်ပုံပါတဲ'ဟု



အမည်ခေါ်တွင်ရမည်။

ယခု 'ဆင်ပုံပါအဖွဲ့'၏ ခေါင်းဆောင်အဖြစ် မှူးမတ် တစ်ဦးဖြစ်သည့် ကလန်ငယ်က ဦးဆောင်ရမည်။

နေ့စဉ် နံနက်နှင့် ညနေတွင် အဖြစ်အပျက် အလုံးစုံ ကို အကြောင်းကြားရမည်။ ထူးထူးခြားခြားရှိပါက ချက်ချင်း အကြောင်းကြားရမည်။

ပျက်ကွက်ပါက မင်းပြစ်မင်းဒဏ်ထိမည်။ ယခု အမိန့် မှတ်ပြီး အချိန်မဆိုင်းဘဲ စတင်ပြုလုပ်ရမည်။

ဤသို့ဖြင့် အထက်ပါအမိုဒ်များကို ဘိုးဇင်နရသည် အခြား နည်းများ တွေ့ရာနေရာများမှာလည်း အမိန့်ချမှတ်ခဲ့၏။

'တပ်ပိုင်မြေအပြား' တွေ့ခဲ့သောနေရာကို တူးဖော်မည့် အဖွဲ့အား 'တပ်ပိုင်မြေအဖွဲ့'ဟူ၍လည်းကောင်း 'ကြေးမုံဆိုသည့် နည်း' တွေ့ခဲ့သည့် နေရာကိုရှာဖွေမည့် အဖွဲ့အား 'ကြေးမုံအဖွဲ့' ဟူ၍လည်းကောင်း အမည်နာမအသီးသီး ပေးအပ်ခဲ့လေသည်။

ရှာဖွေတွေ့ရှိသော နေရာတိုင်းတွင်လည်း ယာယီတဲများ အလျင်အမြန် ဆောက်လုပ်စေခဲ့လေသည်။

'တပ်ပိုင်မြေတဲ'

'ကြေးမုံတဲ'

ဟူ၍လည်း ခေါ်တွင်စေခဲ့၏။

'တပ်ပိုင်မြေအဖွဲ့'၏ ခေါင်းဆောင်ကို မှူးမတ်ပေါက်လှ

www.burmeseclassic.com

www.burmeseclassic.com



အား ခန့်အပ်ခဲ့ပြီး 'ကြေးမုံအဖွဲ့'၏ ခေါင်းဆောင်ကို မှူးမတ်ပေါ်ရဝင်းအား ခန့်အပ်ခဲ့သည်။

ဘုရင်ကြီး၏ အမိန့်တော်ဖြစ်သောကြောင့် ထိုသုံးနေရာကို နေ့စဉ်စစ်ဆေးရန် အမတ်ကြီး ဘိုးဇင်နရနှင့် ဝန်မင်းဦးသာဇံတာဝန်ယူမည် ဖြစ်သည်။

ထိုသို့ဖြင့် ဘုရင့်အမိန့်တော်နှင့်အတူ အချိန်မဆိုင်းဘဲ တူးဖော်ရေးလုပ်ငန်းကို စတင်ခဲ့လေ၏။

■

(၁၁)

ထိုသို့ စတင်တူးဖော်နေသည့် အချိန်မှာပင် ဘိန်မာပြည်ရှိ တိုင်းသူပြည်သားများသည် ထိုတူးဖော်ရေးလုပ်ငန်းကို အလွန်အမင်း စိတ်ဝင်စားလာကြ၏။

အချို့က မိမိတို့ လုပ်ကိုင်နေသည့် အလုပ်အကိုင်များကို [illegible]ရပ်ထားပြီး တူးဖော်ရေးအဖွဲ့များထဲသို့ ဝင်ရောက်လုပ်ကိုင်ကြ၏။

နေ့စဉ်နေ့တိုင်း ထိုတူးဖော်ရေးသတင်းများကိုပဲ ပြောဆို[illegible]ကြတော့သည်။

အရင်တုန်းက ဒီနေရာမှာ ဘယ်လိုတိုင်းပြည် ရှိခဲ့သည် [illegible]ဖြင့် ပြောဆိုမှု များသည်လည်း ဘိန်မာပြည်တစ်ဝန်း ပျံ့နှံ့[illegible]။

မနက်မိုးလင်းလို့ ဈေးရောင်းဈေးဝယ် မလုပ်ခင်မှာပင် [illegible]ဖော်ရေးသတင်းကို နားစွင့်နေကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တိုင်းပြည်ကြီးက အရင်တုန်းက ဘာတိုင်းပြည်ကြီး ဖြစ်ခဲ့လဲဆိုတဲ့ အတွေးသည် သူတို့အတွက် ပုံဖော်စိတ်ကူးစရာ အကောင်းဆုံး ဖြစ်နေတော့သည်။

ထိုသို့ တစ်နိုင်ငံလုံး စိတ်ဝင်တစား ရှိနေကြချိန်တွင် ဘုရင့် အမိန့်တော်အရ ထိုတူးဖော်မှုကို တာဝန်ယူထားသော အမတ်ကြီး ဘိုးဇင်နရနှင့် ဝန်မင်းဦးသာဇံတို့သည်လည်း 'ဆင်ပုံပါတဲ'တွင် စခန်းချကာ ရှေးဟောင်းပေပုရပိုက်များဖြင့် အလုပ်ရှုပ်နေ၏။

ဘုရင်ကြီးက သူတို့ကို သီးသန့်အမိန့်တော် ထပ်မံချထား လိုက်သောကြောင့် ဖြစ်သည်။ ထိုအမိန့်တော်မှာ ဘိန်မာပြည်ရှိ ပေပုရပိုက်များထဲကနေ ဘိန်မာပြည်ရဲ့ သမိုင်းအကျဉ်းချုပ်ကို ရေးသားဆက်သရန် ဖြစ်သည်။

"အဲဒါမှ ဒုက္ခပဲ ဘိုးဘိုး၊ ကျွန်တော်မျိုးတို့ဆီမှာက မှတ်တမ်းမှတ်ရာဆိုလို့ ဘုရင်စာဖတ်တော်ဆောင်က ပေ ပုရပိုက်တွေပဲ ရှိတာဆိုတော့ သိပ်မစုံဘူး၊ အဲဒီတော့ ဘုရင်မင်းမြတ် တောင်းဆို ထားတာကို ဘယ်လိုလုပ်ရေးသားပေးရမလဲတောင် မသိတော့ပါဘူး အဘိုးရယ်"

ဘိုးဇင်နရက ပေပုရပိုက်တစ်ခုကို ကြည့်နေရင်းမှ-

"ရှိတဲ့မှတ်တမ်းမှတ်ရာတွေထဲကပဲ ရေးပေးလိုက်ပေါ့။ ဘိန် မာပြည်မှာရှိတဲ့ စာဖတ်တော်ဆောင်က ပေပုရပိုက်တွေကလည်း မနည်းပါဘူး"



"အဲဒီလိုပဲ ရေးပေးရမှာပေါ့၊ ဒါနဲ့ အဘိုးကို ကျွန်တော်မျိုး တစ်ခု မေးပါရစေ"

"ဘာမေးမလို့လဲ"

"ဘုရင်ကြီးက ဘာဖြစ်လို့ အခုမှ ဘိန်မာပြည်သမိုင်း အကျဉ်းချုပ်ကို လိုချင်ရတာလဲ၊ ဘုရင်ကြီးလည်း တော်တော်များ များ ဖတ်ဖူးတာပဲ"

"ကြော်. . . သာဇံရယ်၊ ဘုရင် ဘာလုပ်ချင်လဲ၊ တို့ကမှ မသိဘဲကွဲ့။ သူခိုင်းတာသာ လုပ်လိုက်ပါ။ ဘာမှ ပြန်မေးမနေပါနဲ့"

ဝန်မင်းဦးသာဇံလည်း ဘာမှဆက်မမေးနေတော့ပဲ ပုရပိုက် အချို့မှ မှတ်တမ်းမှတ်ရာများကို ပေပုရပိုက်အသစ်ထဲသို့ ကူးယူနေ တော့သည်။

ခဏအကြာတွင် ဘုရင်ကြီးအား ဆက်သရန်အတွက် ဘိန် မာပြည်သမိုင်းအကျဉ်းချုပ်ကို ရရှိလေတော့သည်။

ထို့နောက် စစ်ဆေးသည့်အနေဖြင့် ဘိန်မာပြည်သမိုင်း အကျဉ်းချုပ်ကို တစ်ခေါက်ပြန်ဖတ်ကြည့်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ဘိန်မာပြည်သမိုင်းအကျဉ်းချုပ်

### ဘိန်မာပြည်တည်ထောင်ခြင်း

ဘိန်မာပြည်ကြီးကို ခရစ်သက္ကရာဇ် ၂၄၀၉ ခုနှစ်တွင် စတင်တည်ထောင်သည်ဟု နှုတ်စကားများအရ သိရှိရပါသည်။ ပေထက် အက္ခရာတင်ခဲ့သော ခုနှစ်မရှိခြင်းကြောင့် ဘိန်မာပြည်၏ တည်ထောင်သည့် ခုနှစ်ကို အတိအကျ သိရခြင်း မရှိပေ။

ဘိန်မာပြည်တွင်းရှိ ရှေးလူကြီးသူမများ အဆင့်ဆင့်ပြော ကြားစကားများအရ ဘိန်မာပြည်ကြီးကို ဘိန်မာပြည်ကြီး၏ အထက်ပိုင်းမှ ဆင်းသက်လာသော ညီနောင်နှစ်ဦးက တည်ထောင် ခဲ့ကြောင်း သိရှိရပြီး အစ်ကိုဖြစ်သူက ရှင်ဘုရင်အဖြစ် အုပ်ချုပ်ကာ တိုင်းပြည်ကို ထူထောင်ခဲ့ကြောင်း သိရှိရပါသည်။ ထိုညီအစ်ကို နှစ်ဦးက တည်ထောင်ခဲ့သော တိုင်းပြည်သည် ယနေ့ဘိန်မာပြည် ကြီးပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။



ထိုညီအစ်ကိုနှစ်ဦး မတည်ထောင်ခင် ဘိန်မာပြည်နေရာ၌ တောအုပ်ကြီးတစ်ခုသာ ဖြစ်ကြောင်း ရှေးလူကြီးများ ပြောစကား များအရ သိရှိရပါသည်။

စတင်တည်ထောင်ကာစက ဘိန်မာပြည်၏ အမည်နာမ မှာ ဘမပြည်ဟု အမည်တွင်ကြောင်း သိရှိရပြီး မည်သည့်အတွက် ကြောင့် ဘမပြည်ဟု ခေါ်တွင်ကြောင်း မသိရှိရချေ။

နောက်ပိုင်းမှာမှ ဘိန်မာပြည်ဟု ဖြစ်လာကြောင်း သိရှိရ ပါသည်။ ပေထက်အက္ခရာတွင် တွေ့ရသော ဘိန်မာပြည်အကြောင်း တို ခရစ်သက္ကရာဇ် ၂၅၇၂ ခုနှစ်မှ စတင်ပြီး တွေ့ရှိရပါသည်။

ရှင်ဘုရင်ကြီး ဝိမေလက်ထက်တွင်မှ စတင်ပြီး ပေထက် သို့ တင်ခဲ့ခြင်း ဖြစ်ပါသည်။

ပေထက်တွင် တွေ့ရှိရသော ယနေ့တိုင်အထိ ရှင်ဘုရင် များအား မှတ်တမ်းတင်ထားသလောက် တွေ့ရှိရသလောက်အား ဖော်ပြအပ်ပါသည်။

(အချို့ကြားခုနှစ်များမှာ မှတ်တမ်းမှတ်ရာများ မတွေ့ရှိ ရတော့ပါ။)

### ရှေးဦးဘိန်မာပြည်မင်းများ

| နန်းတက်နှစ် (ခရစ်သက္ကရာဇ်) | မင်းအမည် |
|---|---|
| ၂၅၇၂ | ဝိမေ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၂၆၃၈ | နိရုတ |
| ၂၇၁၁ | တြိဘဝနာ |
| ၂၇၅၄ | - |
| ၂၈၀၂ | သိရိပဝရ |
| ၂၈၂၇ | - |
| ၂၈၆၆ | အနန္တမပ |
| ၂၈၉၁ | မဟာသရပိုလ် |
| ၂၉၃၀ | သြိတြိမမ္မရာဇာ |
| ၂၉၅၄ | သုနကစ |

## သနေ့ခေတ်ဘိန်မာပြည်

ဘိန်မာပြည်ကို လေးထောင့်မြို့ရိုးဖြင့် ကာရံထား၏။ မြို့ရိုး အပြင်ဘက်တွင်တော့ သစ်တောအုပ်များနှင့် လယ်ကွင်းများရှိသည်။ မြို့ရိုးအပြင်ဘက်တွင် ဈေးတစ်ခုလည်း ရှိ၏။

ထို့ပြင် အရှင်မင်းကြီးသုနကစ လက်အောက်ခံ ရွာ တစ်ရွာလည်း မြို့ရိုးအပြင်ဘက်တွင် တည်ရှိ၏။ ဘိန်မာပြည်ကြီးကို ရွာပေါင်း (၂၁)ရွာဖြင့် တည်ဆောက်ထားခြင်း ဖြစ်၏။

## ရွာပေါင်း (၂၁)ရွာ (မြို့တွင်း ၂၀ ရွာ၊ မြို့ပြင် ၁ ရွာ)

၁။ ခြေဆင်းရွာ



၂။ မုန့်ကိုင်းရွာ

၃။ အောက်ချောင်းရွာ

၄။ အရှင်မင်းကြီးပျော်ရွာ (ယခင်က ပျော်ရွာဖြစ်ပြီး အရှင် မင်းကြီး သုနကစ၏ ခမည်းတော်လက်ထက်မှသာ မင်းတို့ ပျော်စံရာ ရေကန်သာတစ်ခု တည်ဆောက်ပြီးနောက် ပြောင်းလဲခေါ်ဝေါ်သော အမည်နာမ ဖြစ်ပါသည်။)

၅။ အုတ်မိုင်းဖိုရွာ

၆။ ပေပင်ပေသီးရွာ

၇။ လယ်ကိုင်းရွာ

၈။ အထက်ချောင်းရွာ

၉။ ကုပိုနာရွာ

၁၀။ ဘုန်လုပ်ရွာ

၁၁။ တည်စဉ်ကရွာ (ဘိန်မာပြည်မှာ ပထမဦးဆုံး စတင် တည် ထောင်စဉ်ခဲ့သည့်ရွာဟု ရှေးလူများက ဆိုသည့်ရွာ ဖြစ်ပါ သည်။)

၁၂။ စပါးပင်ရွာ

၁၃။ ကောက်သင်းရွာ

၁၄။ ရှေးရွာ

၁၅။ ကြေးပြားရွာ (ဘိန်မာပြည်သုံးကြေးပြားများ ထုတ်လုပ်သော ကြောင့် ကြေးပြားရွာဟု တွင်ခြင်းဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



၁၆။ လည်ဆောင်ရွာ

၁၇။ စသည်ရွာ

၁၈။ ဆားကုန်ကူးရွာ

၁၉။ ယူရုပ်ရွာ

၂၀။ မြေရွာ

၂၁။ လုံထရွာ

ဖော်ပြပါရွာများတွင် လုံထရွာမှာ ဘိန်မာပြည်မြို့ရိုးအပြင်မှ ရွာဖြစ်ပြီး ကျန်သည့်ရွာများမှာ မြို့တွင်းထဲမှရွာများ ဖြစ်ပါသည်။

## တည်နေရာ

ဘိန်မာပြည်၏ ဘေးဘက်တွင် ချောင်းငယ်တစ်ခု ဖြတ်သန်းစီးဆင်းသည်။ အေးရာတိန်ချောင်းဟု ခေါ်သည်။

ပတ်ပတ်လည်တွင် တောအုပ်များနှင့် တောင်တန်းများ ဝန်းရံထားလျက် ရှိသည်။

## အလုပ်အကိုင်

ဒေသ၏ အလုပ်အကိုင်များမှာ တောကောင်လိုက်ခြင်း၊ မြို့ရိုးဘေးမှ ဖြတ်သန်းစီးဆင်းနေသည့် အေးရာတိန်ချောင်းမှ ငါးဖမ်းခြင်း၊ ယာနှင့် ကိုင်းကျွန်းစိုက်ပျိုးခြင်းသာ အဓိက အလုပ်အကိုင်များ ဖြစ်ကြပါသည်။



ဘိန်မာပြည်အတွင်းမှာ ကျယ်ဝန်းလှသောကြောင့် မြို့အတွင်းမှာပင် စိုက်ပျိုးရေးလုပ်ကိုင်ကြသူများလည်း ရှိသလို မြို့နှင့်အပြင်ဘက်တွင်လည်း စိုက်ပျိုးရေးလုပ်ကိုင်ကြသူများလည်း ရှိကြသည်။

အထူးသဖြင့် စပါးကိုသာ အဓိကထား စိုက်ပျိုးကြသည်။ ဆာသီးနှံများလည်း စိုက်ပျိုးကြသည်။

## လူတန်းစား

ဘိန်မာပြည်တွင် နေထိုင်ကြသော လူများကို အမျိုးအစားအားဖြင့် (လေးမျိုး) ခွဲခြားရရှိနိုင်ပါသည်။

- အရှင်မင်းကြီးသုနကစ အမျိုးရှိသော မင်းဆွေစိုးမျိုးများ
- သူကောင်းမျိုးများ၊
- မင်းမှုထမ်းများနှင့်
- အခွန်ထမ်းပြည်သူများတို့ ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ယာယီတဲအပြင်ဘက်မှ ရုတ်ရုတ်သဲသဲ အသံများ ကြားလိုက်ရသောကြောင့် ဝန်မင်းဦးသာဇံသည် အနီးမှာ ခစားနေသော မင်းမှုထမ်းတစ်ဦးအား-

"ဟဲ့. . . အပြင်မှာ ဘာတွေဖြစ်နေတာလဲ သွားကြည့်စမ်း" ဟု စေလွှတ်လိုက်၏။

ခဏအကြာတွင် ထိုမင်းမှုထမ်းနှင့်အတူ ဆင်ပုံပါအဖွဲ့ ခေါင်းဆောင် မှူးမတ်ကလန်ငယ်လည်း ရေးကြီးသုတ်ပြာပုံစံနှင့် ရောက်ရှိလာလေ၏။

"ဟဲ့. . . ဘာထူးလို့တုန်း"

အမတ်ကြီး ဘိုးဇင်နရက အရင်လှမ်းမေးလိုက်၏။

"မှန်ပါဘုရား. . . ကျွန်တော်မျိုးတို့ 'ဆင်ပုံပါအဖွဲ့'က နောက်ထပ်ပစ္စည်းများ တူးဖော်ရရှိကြောင်း လျှောက်ထားအပ်ပါတယ်ဘုရား"

"ဟေ. . . . ဟုတ်လား"

အမတ်ကြီး ဘိုးဇင်နရနှင့်အတူ ဝန်မင်းဦးသာဇံလည်း ထိုင်နေရာမှထကာ ယာယီတဲအပြင်ဘက်ကို အလျင်စလို ထွက်လိုက်ကြပြီး တူးဖော်နေရာကို နောက်ပါများနှင့်အတူ သွားကြလေ၏။

ထိုအချိန်မှာပဲ 'တပ်ပိုင်မြေအဖွဲ့'နှင့် 'ကြေးမုံအဖွဲ့'တို့မှ ခေါင်းဆောင်များလည်း အသီးသီးရောက်ရှိလာကြပြီး သူတို့တူး



ဖော်သည့်နေရာများတွင်လည်း ပစ္စည်းများ ထပ်မံတွေ့ကြောင်း လာရောက်လျှောက်တင်ကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com





ဆင်ပုံပါအဖွဲ့မှ တူးဖော်တွေ့ရှိသည့် ပစ္စည်း

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





ကြေးမုံအဖွဲ့မှ တူးဖော်တွေ့ရှိသည့် ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံအဖွဲ့မှ တူးဖော်တွေ့ရှိသည့် ပစ္စည်း



ကြေးမုံအဖွဲ့မှ တူးဖော်တွေ့ရှိသည့် ပစ္စည်း

www.burmeseclassic.com





www.burmeseclassic.com

နောက်ပိုင်းတွင် ဆက်တိုက်ဆိုသလိုပင် အခြားပစ္စည်းများကို တူးဖော်တွေ့ရှိကြလေ၏။

ထို့ပြင် ထူးခြားချက်များမှာ ဘိန်မာပြည်ရှိ ရွာများမှာလည်း ပစ္စည်းများကို သူတို့ဘာသာသူတို့ မတော်တဆ တွေ့လာရလေ၏။

(၁၂)

**ထယ်တိုင်းရွာ၊ ၂၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့၊ နေ့လယ် ၁ ချက်တီးချိန်**

"ဟဲ့. . . ဘယ်တုန်း"

ဈေးတောင်းကြီး ရွက်ထားသော အမျိုးသမီးတစ်ဦးကို သူတစ်ယောက်က လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

သူ့ပုံစံကလည်း ပျာတီပျာယာနှင့် ဖြစ်နေသောကြောင့် လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

"ရှင် မသိသေးဘူးလား၊ ဟိုဘက် ဒေါ်မုန်းတို့ အိမ်နားမှာ ပစ္စည်းတစ်ခုတွေ့လို့တဲ့ လူတွေသွားကြည့်နေကြတယ်။ အဲဒါ ဘာပစ္စည်းလဲ၊ ဘယ်ပုံစံလဲဆိုတာ သွားကြည့်မလို့"

"ဟုတ်လား၊ ငါလည်း လိုက်မယ် ခဏနေဦး"

www.burmeseclassic.com

www.burmeseclassic.com



**စပါးပင်ရွာ၊ ၂၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့၊ နေ့လယ် ၃ နာရီတီးချိန်**

"အဘရေ. . . အဘ"

"ဟဲ့. . . ဘယ်သူတုန်း"

"ကျွန်တော်တို့ပါ"

စပါးပင်ရွာစီရင်စုလူကြီးတစ်ဦးဖြစ်သည့် အဘ ဦးတိုး သည် အိမ်ရှေ့ကနေ ဘယ်သူတွေများ အော်နေလဲဆိုတာကို ထွက်ကြည့်လိုက်၏။

ရွာကာလသားများ ဖြစ်၏။

"ဘာဖြစ်လို့ ဒီလောက်တောင် အော်နေကြတာလဲကွဲ့"

"ဖိုးကိုင်းအိမ်မှာ မြေတူးရင်း ပစ္စည်းတွေ တွေ့လို့ အဘကို လာပြတာ"

"ဟေ. . . ဟုတ်လား၊ ဘယ်နှခုတောင် တွေ့တာလဲ"

"ငါးခုတွေ့တယ် အဘ"

**လည်ဆောင်ရွာ၊ ၂၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်၊ နေ့လယ် ၄ နာရီတီးခန့်**

လည်ဆောင်ရွာသား ကိုနောနသည် မြက်ကို အစာကျွေး ရန်အတွက် အိမ်ပေါ်ကနေ ဆင်းလိုက်၏။



သူ့မိန်းမအဆင်သင့် ထည့်ထားသော ကြက်စာများကို ယူကာ ကြက်ခြံနားကို ပုံမှန်လေး လမ်းလျှောက်သွား၏။

ထိုစဉ် သူ၏သားမှာ သူ့ရှေ့ကနေ ဖြတ်ပြေးသွားလေ၏။

အမှတ်တမဲ့ဆိုသလို သူ့သားကို လှမ်းကြည့်လိုက်မိသည်။

"ဟင်"

လက်ထဲမှာ တစ်စုံတစ်ခုကိုင်ကာ ပြေးသွားသည်ဟု ထင်မိ၏၊ ရုတ်တရက်ဆိုတော့ သဲသဲကွဲကွဲ မမြင်လိုက်ရချေ။

သားက ငယ်သေးတော့ တစ်နေရာကနေ ဘာတွေများ ယူလာလဲမသိဘူးဆိုပြီး စိုးရိမ်သွားမိ၏။

ထို့ကြောင့် ကြက်စာကို ခဏချကာ သူ့သားနောက်ကို အရင်ပြေးလိုက်သွားလေ၏။

**ထုံထရွာ၊ ၂၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်၊ ည ၉ နာရီတီးချိန်**

ည ၉ နာရီတီးချိန်တွင် ဘိန်မာပြည်ကြီးအတွင်း လူတစ်ယောက်စ၊ နှစ်ယောက်စ သွားလာနေသည်မှလွဲ၍ အားလုံး တိတ်ဆိတ်နေပြီ ဖြစ်သည်။

ခွေးအူသံအချို့ကိုတော့ ကြားနေရ၏။ ထိုစဉ် ညမှောင်မှောင်ထဲတွင် လူတစ်ဦးသည် မီးတုတ်တစ်ချောင်းကိုကိုင်ကာ လမ်းလျှောက်လာနေတာကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကန်သင်းရိုးအချို့နှင့် ဈေးလမ်းကိုဖြတ်ပြီး လုံထရွာကို သွားနေခြင်းဖြစ်သည်။ မြို့တွင်းရှိ တခြားရွာမှ ပြန်လာပုံရသည်။

ထိုလူကို သေချာကြည့်မည်ဆိုပါက လုံထရွာမှ ဝေနေယ ဆိုသည့် ကောင်လေးတစ်ယောက်မှန်း အားလုံး သိကြလေသည်။

ဒီအချိန်မှ ပြန်လာပုံ ထောက်ခြင်းအားဖြင့် ကောက်သင်းရွာမှာရှိသော သူရဲ့ချစ်သူမယ်ဝန်းဆီက ပြန်လာတာ ဖြစ်ပေလိမ့်မည်။

ညနက်နက်ဖြင့် လ၏အရောင်ရှိသော်လည်း အလင်း သိပ်မရသောကြောင့် မီးတုတ်က မီးကိုသာ အားကိုးကာ လမ်းလျှောက်နေရလေသည်။

ခွေးအူသံတစ်ချက်ကြောင့် ဝေနေယ ခြေလှမ်းများ တွန့်သွား၏။

တိတ်ဆိတ်နေသော အချိန်တွင် ထွက်လာသောကြောင့် ကြက်သီးထသွားလေသည်။ ဒီနေ့မှ မြို့တွင်းထဲမှာ သူ့ချစ်သူနှင့် စကား ကောင်းနေသောကြောင့် မှောင်လို့မှောင်မှန်း မသိခဲ့ချေ။

အခုမှသာ စမ်းတဝါးဝါးနှင့် အိမ်ပြန်နေရချေပြီ။

ထိုစဉ် မီးရောင်ဖြင့် အရိပ်တစ်ခုကို လှမ်းမြင်လိုက်ရ၏။

ရုတ်တရက် လန့်သွားပြီး မီးတုတ်ကို ခပ်မြင့်မြင့် ထားကာ ခုနက တွေ့လိုက်ရသော အရိပ်နေရာကို ကြည့်လိုက်၏။

ခွေးနှစ်ကောင်သည် မြေကြီးကို လက်နှင့်ယှက်နေခြင်း



ဖြစ်သည်။ ထိုအခါမှပဲ သက်ပြင်းချနိုင်ပြီး အနီးရှိ ခဲလုံးတစ်လုံးကို ယူကာ ခြောက်လှန့်ပစ်ခတ်လိုက်၏။

ခွေးနှစ်ကောင်မှာ တစ်ချိုးတည်း လစ်ပြေးလေတော့သည်။

ပြန်ရောက်ရင်တော့ သူ့ကြီးတော်ကတော့ အိပ်နေလောက်ပြီ။ နောက်ဖေးပေါက်ကဝင်ပြီး မနက်ကျရင် ညက စောစောပြန်ရောက်သလို ဟန်ဆောင်ရပေဦးမည်။

အဖေနှင့်အမေက မရှိတော့ ထိုကြီးတော်ကိုပဲ အားကိုးနေရသည်။ ကြောက်ရွံ့ရသည်။

မျက်လုံးက ခုနက ခွေးနှစ်ကောင် တူးဆွထားသည့်နေရာကို ရောက်သွား၏။

ဖွာလန်ကျဲနေသော မြေစာများ. . .။ ကျင်းတစ်ခုနီးပါး ဖောက်နက်လှသည်။

ဒီကန်သင်းရိုးကို ကျော်ပြီးပါက လုံထရွာကို ရောက်ပြီဖြစ်သည်။ ခပ်မြန်မြန်လေး လျှောက်မှပဲ။

မီးတုတ်က အလင်းရောင်နှင့်အတူ တစ်စုံတစ်ခုကို လှမ်းမြင်လိုက်ရ၏။ ခွေးနှစ်ကောင် ယှက်ထားသောကြောင့် မြေစာများပေါ်တွင် ရောက်နေသော ပစ္စည်းတစ်ခုကြောင့် မီးရောင်ထဲတွင် သင်းခနဲ ဖြစ်သွားခြင်း ဖြစ်သည်။

ဝေနေယသည် သူ၏ ခြေလှမ်းများကို ရပ်လိုက်၏။ ခုနက သင်းခနဲ မြင်လိုက်ရသောအရာကို စိတ်ဝင်စားသွားသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မြေလှမ်းများကို ရပ်လိုက်ခြင်း ဖြစ်သည်။

ဘာလေးပါလိမ့်။

မြေစာများအနားသို့ ကပ်သွားလိုက်သည်။ ထို့နောက် အနီးကပ် ထိုင်ချလိုက်ပြီး မီးရောင်မှာ မြင်နေရသော အရာကို တအံ့တသြနဲ့ လှမ်းယူကြည့်မိသည်။

■

ထိုသို့ဖြင့် နေရာပေါင်းမြောက်များစွာတွင် ပစ္စည်းများစွာ တွေ့ခဲ့ကြလေ၏။ တချို့က တာဝန်ရှိသူ မှူးမတ်နှင့် စီရင်စုလူကြီး များထံ သွားရောက်ဆက်သကြသော်လည်း အချို့ကတော့ မိမိ အိမ်မှာပင် သိမ်းထားကြ၏။

ဤသို့ဖြင့် ဘိန်မာပြည်ကြီးတွင် 'အမျိုးအမည် မသိသော ပစ္စည်း'များကို တစ်စတစ်စ တွေ့ရှိလာရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

မနက်ခင်းတစ်ခု၏ နေရောင်ခြည်သည် ဘိန်မာပြည်ကြီး တစ်ခုလုံးကို လွှမ်းခြုံကာ အနွေးဓာတ်ပေးလျက် ရှိနေသည်။

လှပပြီး စိမ်းလန်းသော သစ်တောအုပ်များနှင့် တောင်တန်းများ၏ အလယ်တွင် တည်ရှိသော ဘိန်မာပြည်ကြီး၏ နံနက်ခင်းသည် ထူးခြားမှုရှိနေသည်ဟု တွေးထင်ကြရသည်။

မည်သို့ဆိုသော် ယနေ့သည် တူးဖော်တွေ့ရှိရသမျှ ပစ္စည်းများနှင့် ထိုခေတ်ထိုအခါက အကြောင်းများကို နံနက်ခင်းညီလာခံ၌ ဘုရင်မင်းကြီးသုနကစအား လျှောက်ထားတင်သွင်းရမည့်နေ့ ဖြစ်ပါသည်။

ဘိန်မာပြည်သူပြည်သားများသည် 'ဆင်ပုံပါပစ္စည်း' တွေ့ရှိရသည့်နေ့မှ ယနေ့အထိ တွေ့ရှိရသော ပစ္စည်းများကို အစုံအလင် မသိရှိရခြင်း၊ ထိုခေတ်က အကြောင်းများကို တစ်စွန်းတစ



အနေနှင့်လည်းကောင်း၊ ကောလာဟလအနေနှင့်လည်းကောင်း သည်ဖြင့်သာ တစ်ဆင့်စကားတစ်ဆင့် သိရပြီး အသေးစိတ် မသိရှိရချေ။

ထို့ကြောင့် ယနေ့တွင် ဘုရင်မင်းကြီးအား လျှောက်ထားတင်သွင်းမည်ဖြစ်သောကြောင့် ထိုခေတ်ထိုအခါက အကြောင်းကို သိလိုကြသော ဘိန်မာပြည်သူပြည်သားများသည် နန်းတော်အနီးအဝိုက်၌ စုစည်းရောက်ရှိလာနေကြခြင်း ဖြစ်သည်။

နန်းတော်ထဲဝင်ခွင့် မရသော်လည်း ထိုခေတ်က သမိုင်းအကြောင်းအရာကို တစ်စုံတစ်ခု သိရနိုးနိုးဖြင့် နန်းတော်မြို့ရိုးတံခါးအပြင်တွင် မနက်ကတည်းက ရောက်ရှိလာသော ဘိန်မာပြည်သူပြည်သားများမှာ တစ်စတစ်စ များပြားလာလေ၏။

တချို့ကလည်း နန်းတော်အနီးအနားရှိ သစ်ပင်အရိပ်အောက်တွင်လည်းကောင်း၊ တချို့ကလည်း ဖွင့်ထားသော ဆိုင်တချို့တွင်လည်းကောင်း၊ တချို့လည်း လူစုလူဝေးဖြင့်လည်းကောင်း အသီးသီး စကားပြောဆိုနေကြတော့၏။

မကြာမီ လူများလာသောကြောင့် ဆိုင်များမှာလည်း ပြည့်ကျပ်နေသည်။ သစ်ပင်များတွင်လည်း လူမဆန့်တော့၊ နောက်ဆုံးတွင် နန်းတော်ပတ်ပတ်လည်တွင် လူများပြားလာကာ ကျိတ်ကျိတ်တိုး စည်ကားနေတော့သည်။

သူတို့တိုင်းပြည်တွင်လည်း တစ်ခါမှ ဒီလောက်လူအများ

www.burmeseclassic.com

www.burmeseclassic.com



ကြီး မတွေ့ဘူးသောကြောင့် ဘိန်မာပြည်သူပြည်သား အချင်းချင်းပင် တအံ့တသြ ဖြစ်နေကြ၏။

ရွာပေါင်း (၂၁)ရွာမှ လူအားလုံးနီးပါးလိုလိုပင် ဖြစ်သည်။ လူအများ စုဝေးဖြစ်ကြတော့ စကားစမြည် ပြောဖြစ်ကြသည်။ ထိုပြောဖြစ်သည့် အကြောင်းအရာများကလည်း လွန်ခဲ့သည့် နှစ်ပေါင်းကိုးရာကျော်လောက်က ဘာတွေဖြစ်ခဲ့သလဲ၊ ဘယ်သူတွေ ဘာလုပ်ခဲ့ကြသလဲ၊ သူတို့ဘိန်မာပြည်နေရာမှာ ဘယ်လိုတိုင်းပြည်မျိုး ရှိခဲ့သလဲစသည်ဖြင့် မိမိတို့ ထင်ရာမြင်ရာများကိုလည်းကောင်း၊ ယခုတလော ထွက်နေသော ကောလာဟလများကိုလည်းကောင်း ပြောဆိုနေကြလေ၏။

ထို့ပြင် အထူးခြားဆုံး ကောလာဟလ တစ်ခုကတော့-

**' ဘိန်မာပြည်၏ နေရာတွင် ၂၀၁၄ ခုနှစ်တုန်းက တည်ရှိခဲ့သော တိုင်းပြည်သည် ကျိန်စာများကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သည်။ ထိုကျိန်စာများကြောင့် ပြည်ပျက်ခဲ့သော တိုင်းပြည်ကို ယခု ပြန်လည်တူးဖော်သောကြောင့် ဘိန်မာပြည်လည်း ထိုအတိုင်းပင် ပြည်ပျက်လိမ့်မည်'** ဆိုသည့် ကောလာဟလပင် ဖြစ်သည်။

ဘယ်သူက ဘယ်လိုစပြောပြီး ထွက်လာသည့် ကောလာဟလမှန်းလည်း မသိချေ။

အခြားကောလာဟလများ ကြားထဲတွင် ထိုကောလာဟလ



တော့ အထင်ရှားဆုံး ဖြစ်သည်။

ထိုအချိန်တွင် နန်းတော်၏ ညီလာခံခန်းမဆောင် အတွင်းမှာလည်း ဘုရင်မင်းကြီး ကြွချီလာရန်အတွက် ဝန်မင်းများ၊ မှူးမတ်များကလည်း အသင့်စောင့်နေကြပြီ ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

ဘုရင်မင်းကြီး ပုလ္လင်တော်၏ လက်ဝဲဘက်တော်နှင့် လက်ယာဘက်တော်တို့တွင် မင်းခမ်းမင်းနား အဆောင်အယောင် များနှင့်အတူ ထပ်မံတူးဖော်တွေ့ရှိရသော ပစ္စည်းများကို အစီအစ ချထား၏။

ဘေးတစ်ဖက်တစ်ချက်တွင်လည်း နာခံတော်မှူးမ သံတော်ဆင့်မင်းများက အသင့်ခစားနေကြ၏။

အတိုင်ပင်ခံ ပညာရှိအမတ်ကြီး ဘိုးဇင်နရ၊ ဝန်မ ဦးသာဖုံ နန်းတွင်းရေးရာဝန်မင်းဦးဖျော့၊ အခွန်တော် ကော ရေးနှင့် ဘဏ္ဍာတော်ဆိုင်ရာ ဝန်မင်းဦးဝေါနှင့် အခြားဆိုင် ဝန်မင်းများ၊ ဗေဒင်နှင့် နမိတ်ဖတ်ပုရောဟိတ်ကြီးများ၊ ဘုရ လက်စွဲတော် ဗေဒင်ကျော်ပုဂ္ဂိုလ်ကြီးများ၊ မင်းသားငယ်များ၊ မိဖု ငယ်များ၊ အဆောင်ကိုင်မှူးမတ်များ၊ တာဝန်ရှိမှူးမတ်များအား



ညီလာခံ ခန်းမဆောင်အတွင်းတွင် စုံညီစွာ ခစားနေကြသည်ကို တွေ့ကြရလေသည်။

ဘုရင်မင်းကြီးနှင့် မိဖုရားခေါင်ကြီး ကြွချီခါနီး ဖြစ်သော ကြောင့် ပြောစရာရှိသည့် စကားများကို တိုးတိုးတိတ်တိတ်နှင့်သာ ပြောဆိုညှိနှိုင်းတိုင်ပင်နေကြရ၏။

တူးဖော်တွေ့ရှိရသည့် ပစ္စည်းများအကြောင်း၊ ထွက်ပေါ် နေသည့် ကောလဟာလများအကြောင်း၊ ယနေ့ညီလာခံ ကျင်းပ သည့် အချိန်တွင် နန်းတော်ပတ်လည်မှာရှိသော ပြည်သူပြည်သား များ စုဝေးကြသည့် အကြောင်းများ စသည်တို့သည် ဆွေးနွေးပြော ဆိုစရာတွေချည်းပဲ ဖြစ်နေကြသည်။

ထိုအချိန်တွင်-

"ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး ကြွချီတော်မူလာပါ ပြီ ခင်ဗျား"

ထိုအသံ ကြားရသည်နှင့် တစ်ပြိုင်နက် ညီလာခံခန်းမ ဆောင်အတွင်းမှာရှိသော လူအားလုံးသည် ကြမ်းပြင်ကို ထိလု နီးပါး ဝပ်တွားနေလိုက်ကြသည်။

ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးနှစ်ဦးသည် ညီလာခံ ခန်းမဆောင်အတွင်းရှိ ပလ္လင်တော်ပေါ်ကို ရောက်လာကြပြီ ဖြစ် သည်။

ဘုရင်မင်းကြီးသုနကစသည် ပုလ္လင်တော်ပေါ်ကနေ

www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲတော်နှင့် လက်ယာတော်တွင် ပြသထားသည့် တူးဖော် ပစ္စည်းများကို အရင်ကြည့်ရှု၏။

ပြီးမှသာ ဝပ်တွားနေကြသော မှူးမတ်များကိုကြည့်ကာ-

"အားလုံးပဲ သက်သောင့်သက်သာ နေကြတော့"

ထိုစကားကြားမှပင် ကြမ်းပြင်ထိလုမတတ် ဝပ်တွားခစား နေကြသော သူများမှာ လှုပ်လှုပ်ရွရွ ဖြစ်လာပြီး သက်သောင့်သက် သာပုံစံပြောင်းကာ ခစားနေကြ၏။

"အမတ်ကြီး ဘိုးဇင်နရ"

"ဘုရား"

"ဝန်မင်းဦးသာဇံ"

"ခစားနေကြောင်းပါဘုရား"

"ဒီနေ့မောင်မင်းတို့ တူးဖော်တွေ့ရှိတဲ့ ကိစ္စတွေကို အသေးစိတ် လျှောက်တင်ကြပါဦး"

"မှန်ပါ့ဘုရား. . . တူးဖော်တွေ့ရှိတဲ့ ပစ္စည်းတွေကိုတော့ နေ့စဉ်နေ့တိုင်း အရှင်မင်းကြီးရဲ့ ညအိပ်ဆောင်မှာ ဆက်သခဲ့လို့ အရှင်မင်းကြီးလည်း တွေ့ရှိသိရှိပြီး ဖြစ်ပါတယ် ဘုရား"

"အိမ်း. . . ဟုတ်တယ်"

အမတ်ကြီးဘိုးဇင်နရက လျှောက်တင်နေခြင်း ဖြစ်သည်။

"အခုအခါ တူးဖော်တွေ့ရှိတဲ့ ပစ္စည်းများကို ဆက်စပ် တွေးတောပြီး လွန်ခဲ့တဲ့နှစ်ပေါင်းကိုးရာကျော်က ဘိန်မာပြည်နေရာ



ရှိခဲ့တဲ့ တိုင်းပြည်တစ်ပြည်ရဲ့ အခြေအနေကို တွေးတောတွေ့ရှိ သလောက် လျှောက်တင်ပါရစေ ဘုရား"

"အင်း. . . ကျုပ်လည်း အဲဒါပဲ ကြားချင်နေတာပဲ မြန်မြန် လျှောက်တင်ပါဦး"

"မှန်ပါ့ဘုရား"

အမတ်ကြီးဘိုးဇင်နရက ခန္ဓာကိုယ်ကို အနည်းငယ် မတ် လိုက်ကာ-

"၂၀၁၄ ခုနှစ်အထိ အကြောင်းအရာအချို့ကိုတော့ တူးဖော်တွေ့ရှိတဲ့ ပစ္စည်းတွေကနေ သိရှိသင့်သလောက် သိရှိခဲ့ပါ တယ် ဘုရား။ တပ်ပိုင်မြေဆိုတဲ့ ပစ္စည်း တွေ့ရှိတဲ့နေရာက အရင် ခေတ် ၂၀၁၄ ခုနှစ်လောက်တုန်းက လယ်မြေတွေ ဖြစ်ခဲ့တယ်ဆိုပြီး လေ့လာတွေ့ရှိရပါတယ်ဘုရား၊ ဒါ့အပြင် ကြေးမုံသတင်းစာလို့ ဆိုတဲ့ အရာတွေ့ရှိတဲ့ နေရာမှာတော့ အရင်ခေတ်က စာကြည့်တိုက် လို့ ခေါ်တဲ့ နေရာဖြစ်ခဲ့ပုံရပါတယ် ဘုရား"

"ဘယ်လိုဖြစ်လို့ အဲဒီလိုထင်ရတာလဲ"

"အခြား သတင်းစာတွေ၊ စာအုပ်တွေလို့ အဲဒီခေတ်က ခေါ်တဲ့ ထူထူထဲထဲ အရာတွေကို တွေ့ရပါတယ် ဘုရား။ အဲဒီ စာအုပ်လို့ ခေါ်ခဲ့တဲ့ အရာတွေအပေါ်မှာ မှိန်ဝါးပေမယ့်လည်း စာကြည့်တိုက်ဆိုတဲ့ စာလုံးတွေကို တွေ့ရပါတယ် ဘုရား။ ဒါကြောင့် ပါ အခုခေတ် ၂၉၈၇ ခုနှစ် အခေါ်ဆိုရင်တော့ ပေ၊ ပုရပိုက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ထားရာနေရာနဲ့ ပုံစံဆင်တူပါတယ် ဘုရား"

"အိမ်း. . . ဟုတ်ပြီ၊ ဆက်လျှောက်ပါဦး"

"သတင်းစာတို့၊ စာအုပ်လို့ခေါ်တဲ့ မှတ်တမ်းတင်တဲ့ အရာတွေကိုတော့ အခုခေတ်လို ပေ၊ ပုရပိုက်တွေနဲ့ အသုံးပြုတာ မဟုတ်ပဲ စက္ကူလို့ခေါ်တဲ့ ခပ်ပါးပါး အရွက်တစ်ရွက်ပေါ်မှာ ပုံနှိပ်ပြီး သုံးတယ်လို့ တွေ့ရှိရပါတယ် ဘုရား"

လက်ဝဲတော်မှာ ခစားနေသော မှူးမတ်တစ်ဦးက သတင်းစာဆိုသည့် အရာပစ္စည်းအချို့ကို ရှင်ဘုရင်အား ဆက်သသည်။ ဘိုးဇင်နရက ဆက်ပြောလေ၏။

"အဲဒီသတင်းစာတွေ၊ စာအုပ်တွေထဲကပဲ အဲဒီခေတ်က အကြောင်းတွေကို လေ့လာလို့ ရခဲ့ပါတယ်ဘုရား"

". . . . . . . . . . . ."

"ဒါပေမဲ့ ဘုရား အချို့တွေက နှစ်ပေါင်းအတော် ကြာခဲ့ပြီဖြစ်တော့ ဆွေးမြေ့ပျက်စီးပြီး အချို့တလေကိုသာ သူတို့ခေတ်က သေချာထုတ်သိမ်းခဲ့လို့ အကောင်းအတိုင်းနီးပါး ဖတ်ရှုလို့ ရပါတယ် ဘုရား"

"အေးပေါ့လေ၊ နှစ်ပေါင်းတော်တော်ကြာပြီပဲ"

"တွေ့ရတဲ့ ခုနှစ်တွေကတော့ ၂၀၁၄ ခုနှစ်နဲ့ ရှေ့နှစ်သုံးနှစ်လောက်ကိုပဲ တွေ့ရှိရပါတယ် ဘုရား၊ ၂၀၁၄ နောက်ပိုင်း ၂၀၁၅၊ ၂၀၁၆ စတဲ့နောက်ပိုင်း နှစ်တွေကိုတော့ အစအနတောင်



ရှာမရပါဘူး ဘုရား၊ ဒီတော့ နောက်ပိုင်းနှစ်တွေမှာ အဲဒီတိုင်းပြည်မှာ ဘာတွေဖြစ်ခဲ့လဲဆိုတာ မသိရပါဘူး ဘုရား. . .၊ တိုင်းပြည်ပျက်စီးသွားတယ်လို့ ယူဆမိပါတယ် ဘုရား"

"အင်းလေ တွေ့တဲ့နှစ်က အဖြစ်အပျက် အချို့ကိုသာ ပြောပါတော့၊ ကိုယ်တော် သိချင်နေပြီ၊ အဲဒီ ၂၀၁၄ ခုနှစ်လောက်က အခု တူးဖော်တွေ့ရှိတဲ့ တိုင်းပြည်ကို ဘယ်မင်းက အုပ်ချုပ်လဲ"

"အဲဒီကိစ္စကတော့ နည်းနည်း ဒွိဟဖြစ်နေပါတယ် ဘုရား"

"ဟေ. . . ဘာဖြစ်လို့လဲ"

"သတင်းစာထဲမှာပါတဲ့ ဓာတ်ပုံဆိုတဲ့ အရာတွေကို ကြည့်ခြင်းအားဖြင့်. . ."

"ဓာတ်ပုံဆိုတာ ဘာလဲ"

"ဓာတ်ပုံဆိုတာ အဲဒီခေတ်က ပုံရိပ်တွေကို မှတ်တမ်းတင်တဲ့ ပစ္စည်းလို့ပဲ အကြမ်းဖျင်း သိရပါတယ် ဘုရား၊ ဘယ်လိုလုပ်လဲဆိုတာတော့ မသိသေးပါဘူး ဘုရား"

"အင်း. . . ထားပါတော့ ဆက်လျှောက်ပါဦး"

"ဓာတ်ပုံတွေ၊ သတင်းစာတွေထဲက မှတ်တမ်းအရ ကျွန်တော်မျိုးတို့ အခုနေတဲ့ ဘိန်မာပြည်မှာ လွန်ခဲ့တဲ့ နှစ်ပေါင်းတိုးရာကျော်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုတဲ့ နိုင်ငံတစ်ခုရဲ့ အစိတ်အပိုင်း တစ်ခု ရှိခဲ့တယ်လို့ ယူဆရပါတယ်ဘုရား"

"အစိတ်အပိုင်း တစ်ခုလေးပဲဆိုတော့ မြန်မာနိုင်ငံဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟာကြီးက အရင်တုန်းက အကြီးကြီးပေါ့"

"ကြီးပါတယ် ဘုရား"

"အင်း. . . စိတ်ဝင်စားစရာပဲ ဆက်လျှောက်ပါဦး"

"အဲ့ဒီ မြန်မာနိုင်ငံကို. . ၂၀၁၄ ခုနှစ်မှာ သမ္မတဦးသိန်းစိန် ဆိုတဲ့ ပုဂ္ဂိုလ်က အုပ်ချုပ်တယ်လို့ တွေ့ရပါတယ် ဘုရား"

"ဒါဆို မြန်မာနိုင်ငံကို ရှင်ဘုရင်ကြီး သမ္မတဦးသိန်းစိန်က အုပ်ချုပ်မင်း လုပ်ခဲ့တာပေါ့"

"အဲဒီလိုလဲ မဟုတ်ပါဘူး ဘုရား"

"မောင်မင်းဟာက ဘယ်လိုကြီးတုန်း၊ အုပ်ချုပ်တယ်လည်း ပြောသေးတယ်၊ ဘုရင်ကြီးလည်း မဟုတ်ဘူးဆိုတော့ ရှင်းစမ်းပါဦး"

"အဲ့ဒီခေတ်က အုပ်ချုပ်ရေးက ယခုခေတ်လို ရှင်ဘုရင် အုပ်ချုပ်ရေး မဟုတ်ပါဘူး ဘုရား"

"ဘယ်လိုအုပ်ချုပ်ရေးမို့လို့လဲ"

"ဒီမိုကရေစီလို့ခေါ်တဲ့ အုပ်ချုပ်ရေးပုံစံပါ ဘုရား"

"ဘာလဲ. . . ဒီမိုကရေစီဆိုတာ. . . ကျုပ်တို့အုပ်ချုပ် ရေးနဲ့ ဘာကွာလဲ"

"ဟို. . ."

အမတ်ကြီးဘိုးဇင်နရသည် ဆက်လျှောက်သင့် မလျှောက်သင့် စဉ်းစားနေ၏။ သို့သော် ဘုရင်ကြီးကလည်း အမေးရှိက အဖြေ



ရှိရမည်ဆိုသည့် ပုံစံဖြင့် ကြည့်နေသောကြောင့် ဆက်လက်လျှောက် ထားပြန်၏။

"ဟို. . . သူက နိုင်ငံအုပ်ချုပ်တဲ့လူကို တိုင်းသူပြည်သား တွေက ရွေးချယ်ပြီး တင်မြှောက်ရတာပါ"

ဘုရင်ကြီးမှာ မျက်မှောင်ကြုတ်သွားပြီး-

"အောင်မယ်. . . သူတို့ကပဲ ရာရာစစ၊ သူတို့တင်မြှောက် မှပဲ အုပ်ချုပ်ရတယ်ဆိုတော့ မဟုတ်သေးပါဘူး။ ဒါဆို သမ္မတကြီး ဦးသိန်းစိန်က ကျုပ်အဖေရဲ့ အရိုက်အရာကို ဆက်ခံပြီး အုပ်ချုပ် ခဲ့တာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူးတဲ့ဘုရား"

ဘုရင်ကြီးမှာ စိတ်ထဲ ဘဝင်မကျ ဖြစ်နေပုံရသည်။

ဘိုးဇင်နရမှာလည်း ပညာရှိပီပီ ဘုရင့်အရိပ်အကဲကို သိ သောကြောင့်-

"မှန်ပါ့ဘုရား. . . ကျွန်တော်မျိုးတို့ သိသလောက် ထပ်မံ လျှောက်တင်ပါရစေ ဘုရား"

ဟု အလျင်အမြန် လျှောက်တင်လိုက်၏။

"အင်း. . . လျှောက်တင်စမ်းပါဦး"

"မှန်ပါ့. . . ၂၀၁၄ ခုနှစ်ကာလမှာ ကျွန်တော်မျိုးတို့လို နွားလှည်း၊ မြင်းလှည်း မသုံးကြပဲ ကား၊ ဆိုင်ကယ်၊ စက်ဘီးဆိုတဲ့ ယာဉ်တွေကို သွားလာရေးအတွက် သုံးပါတယ် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဇင်နရက ဘုရင့်နားမှာ ခစားနေသော မင်းမှုထမ်းတစ်ဦးကို မျက်ရိပ်မျက်ခြေ ပြလိုက်သည်။

ထိုအခါ မှူးမတ်က သတင်းစာထဲမှာပါသော ကားပုံ၊ ဆိုင်ကယ်ပုံ၊ စက်ဘီးပုံဟု ရေးထိုးထားသည့် ဓာတ်ပုံများကို ရှင်ဘုရင်အား ဆက်သလိုက်၏။

ရှင်ဘုရင်ကြီးက ပုံများကိုကြည့်ပြီး ခေါင်းတဆတ်ဆတ်ငြိမ့်တာ-

"ဘယ်လိုပုံစံကြီးတွေလဲ မသိဘူး"ဟု မိန့်တော်မူသည်။

"အဲဒီထဲမှာ တွေ့ရတဲ့ ကားပုံစံနဲ့တူတဲ့ ပစ္စည်းကိုလည်း အပြင်မှာ တွေ့ရှိတူးဖော်လို့ ရခဲ့ပါတယ် ဘုရား၊ အရှင်ဘုရားရဲ့ လက်ဝဲတော်မှာ ပြသထားပါတယ် ဘုရား"

"ကျုပ်တွေ့တယ်၊ ဆက်ပြောပါဦး"

"နောက်ပြီး အဲဒီခေတ်တုန်းက ဧရာဝတီမြစ်ဆိုတဲ့ မြစ်ကြီးတစ်စင်း ရှိခဲ့တယ်လို့ ဆိုပါတယ် ဘုရား၊ အခု အဲဒီမြစ်က ကျွန်တော်တို့ ဘိန်မာပြည်နားမှာ ရှိနေတဲ့ အေးရာတိန်ချောင်းလေး ဖြစ်နေတယ်လို့ ယူဆရပါတယ် ဘုရား"

"ဟင်. . . မြစ်ဆိုတာ အကျယ်ကြီးပဲလို့ ကျုပ်ကြားဖူးတယ်၊ အခု ချောင်းလေးက တစ်ချိန်တုန်းက မြစ်ကြီးတစ်ခု ဖြစ်ခဲ့တယ်လို့ ဘယ်လိုလုပ် ယုံကြည်ရမလဲ၊ ထင်ရာစွတ်ပြောနေတာလား"



"နှစ်တွေကြာလာတော့ ဧရာဝတီကနေ အေးရာတိန်ဆိုတဲ့ နာမည် ပြောင်းလာတယ်လို့ ယူဆရပါတယ် ဘုရား၊ ပြီးတော့ အဲဒီဧရာဝတီမြစ် သက်တမ်းဟာ နှစ်ပေါင်း (၁၅)သန်းရှိပြီး ဧရာဝတီဆိုတဲ့နာမည်နဲ့ ကျော်ကြားခဲ့တာတောင် နှစ်ပေါင်း (၁၆၀၀)ကျော်ပြီလို့ စာအုပ်တစ်အုပ်ထဲမှာ ဆိုထားပါတယ် ဘုရား"

"ဒါတောင် ကျုပ်ခေတ်မှာ ချောင်းလေးဖြစ်သွားပြီး အေးရာတိန်ဆိုတဲ့ နာမည်တွင်နေတာ အဲဒီဧရာဝတီဆိုတဲ့ မြစ်ရော ဟုတ်ပါ့မလား"

"ဖြစ်နိုင်ပါတယ်ဘုရား ဘာကြောင့်ဆို စာအုပ်တစ်အုပ်ထဲက ပုံကိုကြည့်မယ်ဆိုရင် ခေတ်အဆက်ဆက် ကျဉ်းမြောင်းလာတဲ့ မြစ်ဝှမ်းကို ပြထားပါတယ် ဘုရား"

ဘုရင်ကြီးကို ပုံပါစာရွက်တစ်ခု ဆက်သရပြန်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

"နောက်ပြီးတော့ ဘုရား၊ တူးဖော်တွေ့ရှိရတဲ့ သတင်းစာတွေ၊ မှတ်တမ်းတွေထဲမှာ ခဏခဏပါတဲ့ လူပုဂ္ဂိုလ်အချို့ရဲ့ နာမည်တွေကိုလည်း တွေ့ရပါတယ်ဘုရား၊ ကျွန်တော်မျိုးတို့ ယူဆချက်အရ ထိုပုဂ္ဂိုလ်တွေဟာ (၂၀၁၄)မှာ ထင်ထင်ရှားရှားရှိတဲ့ လူပုဂ္ဂိုလ်တွေလို့ ယူဆရပါတယ် ဘုရား"

"ဘယ်သူတွေများလဲ ဘိုးဇင်နရရဲ့"

"မှန်ပါ့. . . ကျွန်တော်မျိုးကြီး ပေလွှာပေါ်မှာ မှတ်တမ်းတင် ရေးသားထားပါတယ် ဘုရား. . . လျှောက်ထားဖတ်ကြားခွင့်ပြုပါ ဘုရား"

"အင်း. . . မြန်မြန်လျှောက်တင်စမ်း"

အမတ်ကြီးဘိုးဇင်နရသည် သူ့ရှေ့မှာ အသင့်ရှိနေသော ပေလွှာကို ယူကာ ရှင်ဘုရင်နှင့် ညီလာခံခန်းမ ရှိသူများအားလုံး



ကြားရန် အတွက် ဖတ်ပြလိုက်၏။

"ဦးသန်းရွှေ၊ ယခင်ဗိုလ်ချုပ်မှူးကြီးဟောင်းဟု ဖော်ပြထားတဲ့ တစ်ယောက်"

"သူက ဘယ်သူလဲ"

"၂၀၁၄ မတိုင်ခင်မှာ အာဏာရှင်ဟောင်း တစ်ယောက်ပါဘုရား၊ သူ့နောက်မှာမှ ဦးသိန်းစိန်ဆိုတဲ့ ပုဂ္ဂိုလ်က အုပ်ချုပ်ပါတယ်ဘုရား"

"ဩော်. . . ဒီလိုလား"

"မှန်ပါတယ် ဘုရား"

"အင်း. . . သိပြီ၊ ဆက်ဖတ်ပါဦး"

"ဦးရွှေမန်းဆိုတဲ့ လူရဲ့နာမည်လည်း တော်တော်ပါပါတယ်ဘုရား"

"သူကရော ဘယ်သူလဲ"

"ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌလို့ စာတွေထဲမှာ ဖော်ပြထားပါတယ်"

"ကျုပ်တို့မှာရှိတဲ့ လွှတ်တော်နဲ့ အတူတူပဲလား"

"မတူပါဘူး ဘုရား"

"ဘာ မတူတာတုန်း"

"သူတို့ခေတ်က ပြည်သူတွေ ရွေးချယ်ထားတယ်ဆိုတဲ့ ကိုယ်စားလှယ်တွေက လွှတ်တော်တက်တာတဲ့ ဘုရား၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မျိုးတို့ဆီမှာက အရှင်မင်းကြီး ရွေးချယ်ထားတဲ့လူတွေက လွှတ်တော်တက်ရတာပါ ဘုရား၊ ကွဲပြားမှုတော့ ရှိပါတယ် ဘုရား"

"သူတို့ခေတ်က သိပ်ရှုပ်တာပဲ၊ ပြည်သူတွေက အားအားယားယား နေရာတိုင်း ပါတယ်၊ ကျုပ်သာဆိုရင် သူတို့ တယ်မလွယ်ဘူး"

"အရှင်မင်းကြီးရဲ့ စနစ်က ပိုကောင်းပါတယ် ဘုရား"

"အေးလေ၊ အဲဒါကြောင့် အဲ့ဒီတိုင်းပြည်လည်း ပျက်သွားတာနဲ့ တူပါရဲ့၊ ဆက်ဖတ်စမ်းပါဦး၊ နောက်တစ်ယောက်က ဘယ်သူတဲ့လဲ"

"နောက်တစ်ယောက်ကတော့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပါ သူလည်း စာတွေထဲမှာ တော်တော်ပါပါတယ်"

ဘုရင်ကြီးက ခေါင်းညိတ်ပြသည်။

အမတ်ကြီး ဘိုးဇင်နရက ဆက်ပြောလေ၏။

"သူကတော့ အဲ့ဒီခေတ် ၂၀၁၄ ခုနှစ်တုန်းက စစ်တပ်ရဲ့ အကြီးအကဲလို့ ဆိုပါတယ် ဘုရား၊ တော်တော်များများက သူ့ကိုလည်း ကြောက်ကြတယ်တဲ့ ဘုရား"

"အောင်မာ. . . ဘုရင်ဖြစ်တဲ့ မောင်သိန်းစိန်လေးကို ကြောက်ရမှာ မဟုတ်ဘူးလား"

"သူက သေစေလောက်တဲ့ လက်နက်တွေရဲ့ ခေါင်းဆောင်ဖြစ်နေလို့ ထင်ပါတယ် ဘုရား"



"ကျုပ်သာ အဲ့ဒီခေတ် ဘုရင်ဖြစ်လို့ကတော့ သင်းမလွယ်ဘူးမှတ်"

အရေးထဲ ဘုရင်က အရင်ခေတ်က စစ်တပ်အကြီးအကဲကို ကြိမ်းမောင်းနေသေးသည်။

အမတ်ကြီး ဘိုးဇင်နရကလည်း ပေထဲမှာ ရေးထားသည့်အတိုင်း ဆက်ရွတ်နေလိုက်၏။

"အခုပြောမယ့် တစ်ယောက်ကတော့ ရှေ့ကသူတွေနဲ့ မတူပါဘူးဘုရား၊ သူကတော့ အမျိုးသမီးတစ်ဦး ဖြစ်နေလို့ပါ"

အမျိုးသမီးတစ်ဦးဟု ဆိုသောကြောင့် ဘုရင်ကြီးတင်မဟုတ်ဘဲ မိဖုရားကြီးပါ စိတ်ဝင်စားသွားလေ၏။

"ဘယ်သူတုန်း"

"ပြည်သူလူထုခေါင်းဆောင်လို့ ရေးထားတာကို တွေ့ရပါတယ် ဘုရား"

"သူ့နာမည် ဘယ်သူလဲ"

"ဒေါ်အောင်ဆန်းစုကြည်ပါတဲ့ ဘုရား"

"သူ့ပုံရှိလား"

မိဖုရားကြီးက ဝင်မေးလိုက်ခြင်း ဖြစ်သည်။

"ရှိပါတယ် ဘုရား၊ သူတို့အားလုံးရဲ့ ပုံရှိပါတယ် ဘုရား"

"အားလုံးတော့ မကြည့်ချင်ဘူး၊ အဲဒီအမျိုးသမီးရဲ့ ပုံကိုကြည့်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီး ဘိုးဇင်နရက လက်ယာတော်မှာ ခစားနေသော မင်းမှုထမ်းတစ်ဦးကို အချက်ပြလိုက်သည်။

ထိုမင်းမှုထမ်းကလည်း ချက်ချင်းဆိုသလိုပင် ပစ္စည်းပုံတွေကြားထဲကနေ ပုံတစ်ပုံကို ဆွဲထုတ်ကာ မိဖုရားကြီးအား ဆက်သလိုက်၏။

မိဖုရားကြီးသည် ထိုပုံကိုကြည့်ကာ မျက်မှောင်တစ်ချက်ကုတ်လိုက်၏။ ဘုရင်ကြီးက မိဖုရားကြီး၏ လယ်တွင်းမှ စာတ်ပုံကို ယူကာ တစ်ချက်ကြည့်၏။ ခဏအကြာတွင် မိဖုရားကြီးက သူ့မောင်တော်လက်ထဲမှ ထိုပုံကို ယူကာ ပြန်ကြည့်နေပြန်၏။

အတော်ကြာသည်အထိ ကြည့်နေမိကြသည်။

အမတ်ကြီး ဘိုးဇင်နရ၏ ဆက်လက်လျှောက်ထားသော လျှောက်တင်ချက်များကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေလေသည်။

"အခြားကျန်တဲ့ နာမည်ကြီး ပုဂ္ဂိုလ်တွေလည်း ရှိသေးပါတယ်ဘုရား. . .၊ သူတို့ကတော့ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

"နောက်ပြီး အဲဒီခေတ် ၂၀၁၄ တုန်းက ခဏခဏ တွေ့ရတဲ့ အကြောင်းအရာတွေလည်း ရှိပါတယ် ဘုရား၊ မယ်ရွေးပွဲဆိုတဲ့ အကြောင်းအရာတွေ၊ ဆန္ဒပြပွဲဆိုတဲ့ အကြောင်းအရာတွေ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."



မိဖုရားကြီးသည် လက်ထဲကပုံကို မှူးမတ်အား ပြန်ပေးလိုက်၏။

"ဧရာဝတီအား ကယ်တင်ပါဆိုတဲ့ ကိစ္စတွေ၊ လယ်မြေသိမ်းတဲ့ ကိစ္စတွေ၊ ဥပဒေပြင်ရေးဆိုတဲ့ကိစ္စတွေ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

အမတ်ကြီး ဘိုးဇင်နရက ဆက်ရှုတ်ပြနေ၏။

အဓိပ္ပါယ်အကုန် မသိသော်လည်း တချို့တလေတော့ နားလည်သင့်သလောက် နားလည်သည်။

ဘုရင်ကြီးသည် အမတ်ကြီး ဘိုးဇင်နရ ရွတ်ပြနေသည့် စကားများကို ဆက်နားထောင်နေ၏။ ခဏအကြာတွင် ဘုရင်ကြီးက လက်ကာ ပြလိုက်သောကြောင့် တရစပ်ရွတ်နေသော အမတ်ကြီး ဘိုးဇင်နရမှာ ခဏရပ်ကာ ဘုရင်ကြီး ဘာများမိန့်ကြားမလဲဆိုပြီး နားစွင့်နေလေ၏။

"ဘိုးဇင်နရ"

"ဘုရား"

"နောက်ဆုံး ရွတ်သွားတာလေး ပြန်ရွတ်ပါဦး"

"ကားအကြောင်းကို ပြောတာလား ဘုရား"

"မဟုတ်ဘူး အဲဒီနောက်က"

"မြို့မင်းချမ်းရေး ဆွေးနွေးပွဲ၊ ရွေးကောက်ပွဲ . . ."

"ဟုတ်တယ်၊ အဲဒါတွေကိုပြောတာ။ အဲဒါတွေက ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပွဲလို့ပါတဲ့အတွက် ကျွန်တော်မျိုးတို့ဆီမှာ နှစ်စဉ်နှစ်တိုင်း ကျင်းပတဲ့ ပွဲလမ်းသဘင်မျိုးလား မသိဘူးဘုရား"

"ဟုတ်မယ်ထင်တယ်"

ဘုရင်ကြီးက ခေါင်းတဆတ်ဆတ် ငြိမ့်သည်။

"စာအုပ်တစ်အုပ်ထဲမှာတော့ ငြိမ်းချမ်းရေးနဲ့ ပတ်သတ်လို့ ရေးထားတာတော့ တွေ့ပါတယ် ဘုရား"

"ဘယ်လိုရေးထားတာလဲ"

"စစ်ပွဲအကြောင်းကို ကောင်းကောင်းမသိပဲနဲ့ ငြိမ်းချမ်းရေးဆိုတာ ဘာလဲ မသိနိုင်ပါတဲ့ ဘုရား"

"အဲဒါ့မှ ပိုရှုပ်ကုန်တော့တယ် ထားလိုက်တော့၊ နောက်ကျန်သေးလား"

"နှစ်ခုပဲ ကျန်ပါတော့တယ်"

"ဘာတွေလဲ"

"ကြံ့ခိုင်ရေးပါတီနဲ့ နောက်တစ်ခုက ပါတီတော့ပါတယ် ဘုရား၊ ရှေ့က စာလုံးတွေတော့ မဖတ်တတ်တဲ့အတွက် မသိပါဘူး ဘုရား"

"ဘယ်လိုရေးထားလို့လဲ ပြပါဦး"

လက်ယာတော်မှူးမတ်က ခစားနေရာမှ ထလိုက်ပြီး အမတ်ကြီး ဘိုးဇင်နရရဲ့ လက်ထဲက ပေလွှာကိုယူကာ ဘုရင်ကြီးအား ဆက်သလိုက်၏။



ဘုရင်ကြီးနဲ့အတူ မိဖုရားကြီးကလည်း အတူကြည့်လိုက်၏။

**NLD**

ဘာစာလုံးနဲ့ ရေးထားလဲဆိုတာ သူတို့လည်း မသိချေ။ ထို့ကြောင့် ပြန်ပေးလိုက်၏။

"ကြံ့ခိုင်ရေးပါတီဆိုတဲ့ အဖွဲ့ကို ခုနက ဦးရွှေမန်းဆိုတဲ့ သူက ခေါင်းဆောင်တယ်လို့ ခဏခဏပါပါတယ် ဘုရား၊ အခု နောက်ဆုံး အရှင်ဘုရားတို့ကို ပြခဲ့တဲ့ ပါတီကိုတော့ ခုနက ကျော်ကြားတဲ့ အမျိုးသမီးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်တယ်လို့ ရေးသားထားတာတွေ တွေ့ရပါတယ် ဘုရား၊ အခု အရှင်မင်းကြီးကို လျှောက်တင်ခဲ့တဲ့ အကြောင်းအရာတွေကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးရာကျော်ကဖြစ်တဲ့ ၂၀၁၄ ခုနှစ်တုန်းက ရေပန်းစားခဲ့တဲ့ အကြောင်းအရာကိစ္စတွေလို့ ယူဆရပါတယ် ဘုရား"

အမတ်ကြီး ဘိုးဇင်နရက သူ၏လျှောက်ထားမှုကို အဆုံးသတ်လိုက်သည်။

ဘိုးဇင်နရ၏ လျှောက်ထားမှု ပြီးဆုံးသည်နှင့် တစ်ပြိုင်နက်နန်းတော်ညီလာခံ ခန်းမဆောင်အတွင်းမှာလည်း တိတ်ဆိတ်သွားသော၏။

ဘုရင်ကြီးက ဘာများ မိန့်ကြားမလဲဆိုပြီး အားလုံးက စောင့်နေကြခြင်း ဖြစ်သည်။ ဘုရင်ကြီး၏ သက်ပြင်းမှုသံကို

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကြားလိုက်ရ၏။

ဘုရင်ကြီးသည် သူ၏စိတ်ထဲတွင် တွေဝေနေသည်။ စိတ်ရှုပ်ထွေးမှုတွေလည်း ဖြစ်ပေါ်နေ၏။

ထို့ကြောင့် ပုရောဟိတ် ပညာရှိကြီးများဘက်ကို တစ်ချက်ကြည့်လိုက်ပြီးနောက်-

"ကဲ. . . ပုရောဟိတ်ကြီးတွေကလည်း လျှောက်တင်ကြစမ်းပါဦး"

■

(၁၆)

"မှန်ပါ့ဘုရား"

ပုရောဟိတ်ကြီး တစ်ဦးဖြစ်သည့် သွန်ချတ္တရာသည် ရှင်ဘုရင်ကြီးအား လက်စုံမိုးကာ စတင်လျှောက်ထားလေ၏။

"ကျွန်တော်မျိုးကြီး တတ်ကျွမ်းတဲ့ ဗေဒင်ပညာ၊ ရှေ့ဖြစ်ဟော၊ စနည်း၊ တဘောင်စတဲ့ အရာတွေနဲ့ ချိန်ထိုးပြီး ယခုဖြစ်ပျက်နေတဲ့ ကိစ္စတွေကို လေ့လာတွက်ချက် ကြည့်ခဲ့ပါတယ် ဘုရား"

"ဒါဆို အမြန်လျှောက်တင်စမ်း"

"မှန်ပါ့ဘုရား. . . ယခု တူးဖော်မှုတွေနဲ့ ရရှိလာတဲ့ ပစ္စည်းတွေဟာ ကျွန်တော်မျိုးတို့ တိုင်းပြည်အတွက်တော့ ကောင်းကျိုးထက်၊ ဆိုးကျိုးကိုသာ ပိုပြီး ပေးနိုင်ပါလိမ့်မယ် ဘုရား"

"ဘယ်လိုမျိုး ဆိုးကျိုးလဲ ပုရောဟိတ်ကြီးရဲ့"

"အရှင်မင်းကြီးရဲ့ ထီးနန်းပျက်ကိန်း ရှိပါတယ် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

နန်းတော်ညီလာခံ ခန်းမဆောင်တစ်ခုလုံး အာမေဋိတ်သံများဖြင့် ဆူညံသွားလေတော့သည်။

"မှန်ပါတယ် ဘုရား၊ အခု တူးဖော်တွေ့ရှိတဲ့ ၂၀၁၄ ခုနှစ် အကြောင်း ကျွန်တော်မျိုးကြီး လေ့လာကြည့်ခဲ့ပါတယ် ဘုရား"

"အင်း"

"၂၀၁၄ ခုနှစ်မတိုင်မီ နှစ်အနည်းငယ်တုန်းက အဲ့ဒီ တိုင်းပြည်ဟာ အာဏာရှင်စနစ်နဲ့ အုပ်ချုပ်တဲ့တိုင်းပြည်ပါဘုရား။ အခု ကျွန်တော်မျိုးတို့ ဘိန်မာပြည် အုပ်ချုပ်ရေးနဲ့ ဆင်တူပါတယ် ဘုရား၊ နောက်ပိုင်းကျမှသာ အာဏာရှင်စနစ်ကနေ တိုင်းသူပြည်သားတွေရဲ့ အလိုဆန္ဒအရဆိုပြီးတော့ ဒီမိုကရေစီဆိုတဲ့စနစ်ကို သွားတယ်လို့ တွေ့ရပါတယ် ဘုရား။ ဒီတော့ကာ ကျွန်တော်မျိုးတို့ စတင်တွေ့ရှိတဲ့နှစ်ကလည်း ၂၀၁၄ ခုနှစ်၊ အာဏာရှင်စနစ် ပျက်သုဉ်းပြီးတာစလို့ ယူဆရတဲ့အချိန်ကို တူးဖော်တွေ့ရှိတာပါဘုရား။ နမိတ်အနေနဲ့ပြောရရင် အရှင်မင်းကြီးအတွက် နိမိတ်မကောင်းပါဘူး။ ဥပမာအနေနဲ့ပြောရရင် ခုနကဆိုခဲ့တဲ့ အာဏာရှင် ဦးသန်းရွှေခေတ်က အရာတွေကို စတင်တူးဖော်တွေ့ရှိတယ်ဆိုရင်တော့ အရှင်မင်းကြီးအတွက် ကောင်းမွန်သော နိမိတ်တွေပါဘုရား။ အခုတော့ ကျွန်တော်မျိုးအနေနဲ့ ရဲရဲဝင့်ဝင့် ပြောနိုင်တာကတော့ လက်ရှိ တူးဖော်နေတဲ့ တိုင်းပြည်ဖြစ်တဲ့ မြန်မာနိုင်ငံတော်အကြောင်း



ကို အရှင်မင်းကြီးနဲ့ ကျွန်တော်တို့ လူတစ်စုသာ သိထားသင့်ပါတယ် ဘုရား၊ တိုင်းသူပြည်သားတွေသာ အဲ့ဒီတိုင်းပြည်ရဲ့ အမှန်ဖြစ်ပျက်မှုတွေကို သိသွားခဲ့ပါက လိုက်လံတုပခြင်း၊ ပုန်ကန်ခြင်း၊ ဒီမိုကရေစီဆိုတဲ့ ဘာမှန်းမသိတဲ့အရာကို တောင်းဆိုခြင်းများ ဖြစ်ပေါ်လာနိုင်ကြောင်းပါ ဘုရား"

ဟု ပုရောဟိတ်ကြီးစကားဆုံးသောအခါတွင် ဘုရင်ကြီးမှာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။ ကျိုးကြောင်းသင့်လျော်သော စကားတွေ ဖြစ်သည်။

သို့သော် ဘိန်မာပြည်နန်းတွင်းတွင် ပညာရှိပုရောဟိတ်ကြီး (၃)ဦး ရှိသည်။

ထိုပုရောဟိတ်ကြီး (၃)ဦး၏ ပြောစကားများသည် မှန်သည့် ကိစ္စများသာ ဖြစ်ခဲ့သောကြောင့် အခုကိစ္စတွင်လည်း မှန်လိမ့်မည်ဟု ထင်မိသည်။

သို့သော် အခြားပုရောဟိတ်ကြီး (၂)ဦး၏ ပြောစကားများကိုလည်း နားထောင်ပေးရဦးမည်။

"ပရောဟိတ်ကြီး ဥတ္တရာကရော ဘာလျှောက်တင်ဦးမလဲ"

"မှန်ပါ့ဘုရား. . . ပုရောဟိတ်ကြီး သွန်ချတ္တရာ လျှောက်တင်ခဲ့သလိုပါပဲ ဘုရား. . . ပြည်သူတွေသာ အဲဒီခေတ်က အကြောင်းကို သိသွားခဲ့ရင် မျက်စိပွင့်နားပွင့်ဖြစ်ပြီး အရှင် မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ထီးနန်းအတွက် လုံခြုံမှု ရှိနိုင်မှာ မဟုတ်ပါဘူး ဘုရား"

ဘုရင်ကြီး၏ မျက်နှာပေါ်တွင် အနည်းငယ် စိုးထိတ်သည့် အရိပ်အယောင်များ ပေါ်သွားလေသည်။

ဘေးနားတွင် ထိုင်နေသော မိဖုရားကြီးမှာတော့ ပြောဖွယ်ရာမရှိတော့။

"အသေးစိတ် လျှောက်တင်စမ်းပါဦး ပုရောဟိတ်ကြီး"

ဘုရင်ကြီးက ဆက်မေးလိုက်သည်။ နန်းတော်ညီလာခံခန်းမဆောင်တစ်ခုလုံးမှာ ခစားနေသော သူများအားလုံးရဲ့ ရင်ထဲမှာလည်း စိတ်လှုပ်ရှားမှုများ ဖြစ်ပေါ်နေ၏။

ဘုရင့်ထီးနန်း ဆုံးရှုံးမှုသည် သူတို့ဘဝ ဆုံးရှုံးမှုနဲ့ အတူတူပဲ ဖြစ်နေသောကြောင့် ဖြစ်သည်။

"မှန်ပါ့ဘုရား. . . ရှာဖွေတွေ့ရှိမှုများအရ ၂၀၁၄ ခုနှစ်သည် အင်မတန် ရှုပ်ထွေးတဲ့ အခြေအနေတွေ ဖြစ်ပေါ်ခဲ့တဲ့ နှစ်တစ်နှစ်ဖြစ်ကြောင်း သိရပါတယ်ဘုရား၊ ကောလာဟလတွေ၊ လိမ်လည်မှုတွေ၊ ကျိန်စာတိုက်မှုတွေ၊ စကားဖောင်းပွမှုတွေ၊ ကိုယ်သာရှင်ပြီးရောဆိုပြီး လုပ်ခဲ့ကြတဲ့ ကိစ္စတွေ၊ တစ်ဦးနဲ့တစ်ဦး အမုန်းပွားစေတဲ့ကိစ္စတွေစတဲ့ အဖြစ်အပျက်တွေ များစွာ ဖြစ်ပျက်ခဲ့တဲ့ နှစ်တစ်ခုလည်း ဖြစ်ပါတယ် ဘုရား ဒီလိုမျိုး ကိစ္စတွေရှိတဲ့ နှစ်တစ်နှစ်ကို တူးဖော်တွေ့ရှိခြင်းဟာ ကျွန်တော်မျိုးတို့ တိုင်းပြည်အတွက် ပျက်စီးခြင်းလမ်းစ အတိတ်နိမိတ်လို့ အဲဒီလိုပဲ ယူပါဆယ် ဘုရား၊ တိုင်းသူ



ပြည်သားတွေ သိရှိပါကလည်း တစ်ချိန်ချိန်မှာ အဲ့ဒီခေတ်ကလိုလိုက်မလုပ်ဘူးလို့ မပြောနိုင်ပါဘူး ဘုရား၊ ထို့ပြင် တိုင်းပြည်အတွင်းထွက်နေတဲ့ တဘောင်များအရလည်း တူးဖော်တွေ့ရှိခဲ့တဲ့ ကျိန်စာတွေကြောင့် တိုင်းပြည် ပျက်စီးမယ်ဆိုတာကလည်း ထီးနန်းပျက်စီးခြင်းကို ဆိုလိုတာပါဘုရား၊ အရှင်မင်းကြီးအနေနဲ့ ထိုကိစ္စကို အလျှင်အမြန် ပြုလုပ်ဖို့ကို လျှောက်တင်အပ်ပါတယ်ဘုရား"

ထို့နောက် ပုရောဟိတ်ကြီးကလည်း သူ၏ လျှောက်တင်ချက်ကို အဆုံးသတ်လိုက်၏။

ဘုရင်ကြီးသည် အလိုမကျ ဖြစ်နေလေသည်။

ထို့ကြောင့် နောက်ဆုံးကျန်နေသည့် ပုရောဟိတ်တစ်ဦးဖြစ်သည့်မက အနန္တကို ကြည့်လိုက်သည်။

ပုရောဟိတ်ကြီးကလည်း ဘုရင့်အရိပ်အခြေကို သိသောကြောင့် ချက်ချင်းဆိုသလိုပင် ဦးတင်ကာ-

"ကျွန်တော်မျိုးကတော့ အဲဒီလို မထင်ပါဘူးဘုရား"ဟုလျှောက်ထားလိုက်သောကြောင့် ဘုရင်ကြီး၏ မျက်နှာမှာ ဝင်းပသွားလေသည်။

"ဟုတ်ပြီ. . . ပုရောဟိတ်ကြီးရဲ့. . . ခပ်မြန်မြန် လျှောက်တင်စမ်းပါဦး"

"အရှင်မင်းကြီးသည် တိုင်းသူပြည်သားတွေကို မှန်မှန်တန်ကန် အုပ်ချုပ်နေသည့် ကာလပတ်လုံး အရှင်မင်းကြီး၏ထီးနန်းက

www.burmeseclassic.com

www.burmeseclassic.com



ထာဝစဉ် တည်နေမှာပါ ဘုရား"

"ဟင်"

ထိုလျှောက်တင်ချက်ကြောင့် ဘုရင်ကြီး၏ စိတ်ထဲတွင် စိုးစနောင့် ဖြစ်သွားလေသည်။

မိမိသည် ဘိန်မာပြည်သူပြည်သားများကို မှန်ကန်တိကျစွာ အုပ်ချုပ်လာခဲ့သည်။ ထိုအကြောင်းအရာ တစ်ခုတည်းကပဲ မိမိထီးနန်းကို ကာကွယ်နိုင်သည်ဆိုသည့် ပုရောဟိတ်မဟာအနန္တ၏ လျှောက်တင်ချက်ကို စိတ်ထဲ ဘဝင်မကျပဲ ဖြစ်နေလေသည်။

ကျန်တဲ့ ပုရောဟိတ် (၂)ဦးကလည်း ၂၀၁၄ မြန်မာနိုင်ငံ အကြောင်းကို တိုင်းသူပြည်သားတွေ အသေးစိတ်သိရှိပါက တိုင်းပြည်ပျက်မည် ဆိုသည်ချည်းပဲ ပြောနေလေသည်။

မိမိ ဘာလုပ်ရမလဲ။ ပညာရှိအမတ်ကြီး ဘိုးဇင်နရကိုလည်း လှမ်းကြည့်လိုက်သည်။

သူ့မှာလည်း လျှောက်တင်စရာရှိပုံ မရချေ။

နန်းတော်ညီလာခံ တစ်ခုလုံးမှာလည်း တိတ်ဆိတ်နေ၏။ ထို့ကြောင့် မိမိ၏ မိဖုရားကြီးဖြစ်သည့် စန္ဒဒေဝီဘက်ကို လှည့်ကာကြည့်လိုက်၏။

မိဖုရားကြီးကလည်း ဘုရင်ကြီး၏ အလိုကို ရိပ်မိသောကြောင့် ဘုရင့်နားသို့ တိုးတိုးလေးကပ်ကာ-

"မောင်တော်က တိုင်းသူပြည်သားတွေကို မှန်ကန်တည့်



မတ်စွာ အုပ်ချုပ်တယ်ဆိုတာ အားလုံးအသိပါပဲ ဘုရား၊ သို့သော်လည်းပဲ ပုရောဟိတ်ကြီး (၂)ဦးက ထီးနန်းပျက်ကိန်း ဟောသောကြောင့် သူတို့၏ စကားများအား အရေးတယူ ရှိသင့်ပါတယ် ဘုရား၊ ဘယ်တုန်းက ဘယ်သူတွေ ဘာလုပ်ခဲ့လဲ မသိတာကို နှမတော်တို့ကို ထိခိုက်လာမှာ မလိုပါဘူး ဘုရား"

မိဖုရားကြီး၏ လျှောက်တင်ချက်တွေကို ဘုရင်ကြီး စိတ်နှလုံးတွေ့သွားလာသည်။

ထို့ကြောင့် ထီးနန်းပျက်ကိန်း ရှိသည်ဟုဆိုသော ပုရောဟိတ်ကြီး (၂)ဦးဘက်ကို ပြန်လှည့်ကာ-

"အဲဒီတော့ ကျုပ် ဘာလုပ်ရမလဲဆိုတာကို ပုရောဟိတ်ကြီး (၂)ဦးကပဲ ထပ်မံလျှောက်တင်ပါဦး"

ဟု မိန့်ဆိုလိုက်၏။

ထိုအခါ ပုရောဟိတ်ကြီး သွန်ချတ္တရာက-

"အရှင်မင်းကြီး အဲ့ဒီကိစ္စကို အရှင်မင်းကြီးနဲ့ ကျွန်တော်မျိုးတို့ နန်းတွင်းက လူတချို့သာ သိသင့်ပြီး တိုင်းသူပြည်သားတွေကို ထိုကိစ္စ အတွက် အမှောင်ချထားရပါမယ် ဘုရား၊ သူတို့လက်ထဲမှာ အဲ့ဒီခေတ်က ပစ္စည်းတွေ မရှိအောင် လုပ်ရပါမယ်ဘုရား။ အဲဒီခေတ်က အကြောင်းတွေ၊ လူပုဂ္ဂိုလ်အကြောင်းတွေကိုလည်း မပြောဆိုအောင် တားဆီးပိတ်ပင်မှုတွေ လုပ်ရပါမယ်ဘုရား။ ဒါ့အပြင် ပြည်သူတွေကို အဲ့ဒီခေတ်နဲ့ ပတ်သက်ပြီး ကြောက်စိတ်တွေ ထည့်

www.burmeseclassic.com

www.burmeseclassic.com



ပေးရပါမယ် ဘုရား။ ဒါမှ သူတို့တွေ အဲ့ဒီကိစ္စကို ကြောက်နေကြမှာပါဘုရား။ ဒါ့အပြင် အဲ့ဒီခေတ်က ပစ္စည်းတွေကိုလည်း တိုင်းသူပြည်သားတွေ ယုံကြည်စေရန် တချို့ကို မီးရှို့ပြသခြင်းများပြုလုပ်ပြီး အသုံးဝင်ပြီး ထူးဆန်းမယ့်ပစ္စည်းတွေကိုတော့ သီးသန့်တစ်နေရာမှာ သိမ်းထားပြီး ထပ်မံလေ့လာလို့ရအောင် သိမ်းထားသင့်ပါတယ်ဘုရား၊ သို့မှသာ ပြည်သူတွေထက် အရှင်မင်းကြီးက တစ်ပန်းသာမှာပါဘုရား"

ဟုဆိုပြီး ရှည်လျားစွာ လျှောက်တင်လိုက်လေ၏။

ဘုရင်ကြီးသည် ပုရောဟိတ်ကြီး သွန်ချတ္တရာ၏ လျှောက်တင်ချက်ကို သဘောကျသွားကာ-

"ကဲ. . . အားလုံးကို အမိန့်မှတ်မယ်"

ဟုပြောပြီး အမတ်ကြီး ဘိုးဇင်နရဘက်ကို လှည့်ကာ-

"အမတ်ကြီး ဘိုးဇင်နရဦးဆောင် ပြုလုပ်နေတဲ့ မြန်မာနိုင်ငံ တူးဖော်မှုကို ချက်ချင်းရပ်တန့်ပြီး ထိုတူးဖော်မှုမှ တွေ့ရှိတဲ့ ပစ္စည်းတွေကို ပြည်သူတွေလက်ထဲမှာ မရှိရအောင် လှည့်လည်ကြေညာသိမ်းဆည်းရမည်။ ပစ္စည်းတစ်ခုခု ထိန်ချန်ထားတာ တွေ့ရှိရပါက တစ်အိမ်သားလုံး သေဒဏ်သတ်မှတ်ရမည်။ ထို့ပြင် သွန်ချတ္တရာ လျှောက်တင်ခဲ့သည့် ကိစ္စကိုလည်း အမတ်ကြီးနှင့်အတူ ဦးသာဖုံက ဦးဆောင်ပြီး ပြုလုပ်ကြရမည်"

ဘုရင်ကြီးက အမိန့်ချမှတ်ခြင်းကို အဆုံးသတ်လိုက်သည်။



ထို့နောက် အမတ်ကြီးဘိုးဇင်နရက ဘုရင်ကြီးအား-

"အရှင်မင်းကြီးဘုရား. . . ကျွန်တော်မျိုး တစ်ခုလောက်လျှောက်တင်ပါရစေ"

"လျှောက်တင်ပါ အမတ်ကြီး"

"နန်းတော်အပြင်မှာ စောင့်ဆိုင်းပြီး တူးဖော်တွေ့ရှိတဲ့ မြန်မာနိုင်ငံအကြောင်းကို သိလိုနေကြတဲ့ ဘိန်မာပြည်သူပြည်သားတွေကို ဘယ်လိုလုပ်ရပ့ါမလဲ ဘုရား"

ဘုရင်ကြီးက ချက်ချင်းဆိုသလိုပင် ပြတ်ပြတ်သားသား အမိန့်ပေးလေသည်။

"ခုနက ကျုပ်အမိန့်ချထားတာကိုပဲ ရွတ်ပြ၊ ပြီးရင် တူးဖော်တွေ့ရှိတဲ့ မြန်မာနိုင်ငံဟာ ကျိန်စာတွေကြောင့် ပျက်စီးခဲ့တဲ့အတွက် တူးဖော်ခဲ့ပါက ဘိန်မာပြည်ကြီး ပျက်စီးနိုင်တဲ့အတွက် ဘိန်မာပြည်သူများလည်း ပူးပေါင်းပါဝင်ရန်ဆိုပြီး နန်းတော်က အမိန့်ချတယ်ဆိုပြီး ပြည်သူတွေကို ပြောရမယ်၊ ထို ၂၀၁၄ ခုနှစ်က အကြောင်းအရာတွေကိုလည်း ပြည်သူတွေ တစ်ယောက်မှမသိစေရ၊ သူတို့သိလို့ မဖြစ်ဘူးနော် ဘိုးဇင်နရ"

"မှန်ပါ့ဘုရား"

"သူတို့သိရင် လိုက်လုပ်မှာတို့၊ ကျုပ်ထီးနန်းကို ကလန်ကဆန် လုပ်မှာတို့ကို စိုးရိမ်ရတယ်။ ဒီတော့ အဲ့ဒီကိစ္စကို ဘိုးဇင်နရတို့ တာဝန်ယူရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီး အမိန့်ချကာ ပလ္လင်တော်ပေါ်ကနေ မိဖုရားကြီးနှင့်အတူ ဆင်းသွားလေ၏။

သူတို့၏ ဘုရင်ကြီးသည် တိုင်းပြည်ကို စတင် အမှောင်ချထားလိုက်ပြီဖြစ်သည်။

■

(၁၇)

ဝေနေယျသည် သူ့ကြီးတော် ခိုင်းလိုက်သောကြောင့် မြို့တွင်းဈေးထဲကနေ ပစ္စည်းတစ်ခု ဝယ်ယူပြီး အပြန်တွင် တစ်နေရာ၌ လူစုလူဝေးကိုတွေ့သောကြောင့် အများနည်းတူ စိတ်ဝင်တစားနဲ့ တိုးဝင်ကြည့်လိုက်သည်။

ဘုရင့်နန်းတော်မှ မင်းမှုထမ်းများက ဘုရင့်၏ အမိန့်ပြန်တမ်းကို တိုင်းသူပြည်သားများသိအောင် ဖတ်ပြနေခြင်း ဖြစ်သည်။

**ဘိန်မာပြည်နေ တိုင်းသူပြည်သားများအား ရေမြေ့ရှင် ဘိန်မာပြည်၏ မင်းကြီးသုနတစက ယခုအမိန့်တော်ဖြင့် တိုင်းသူပြည်သားများအား သိစေရန် အမိန့်ထုတ်ပြန်လိုက်သည်။ ဘိန်မာပြည်တွင်း တူးဖော်နေသော မြန်မာ့ပြင်တော် တူးဖော်မှုသည် ဘိန်မာပြည်အား ဆိုးကျိုးများသာ**

www.burmeseclassic.com

www.burmeseclassic.com



သတ်ရောက်နိုင်သောကြောင့် တူးဖော်မှုများကို ချက်ချင်း ရပ်ပစ်ရန် အမိန့်ထုတ်ပြန်လိုက်သည်။ ထို့ပြင် ဘိန်မာပြည်တွင်းမှာရှိတဲ့ မည်သူမဆို တူးဖော်မှုများ ဆက်လက်ပြုလုပ်ပါက သေဒဏ်ကျခံရမည်၊ ထို့ပြင် ထိုတူးဖော်တွေ့ရှိသော ပစ္စည်းများသည် ကျိန်စာသင့်ပစ္စည်းများ ဖြစ်သောကြောင့် တိုင်းပြည်ထိခိုက်ခြင်း၊ ပျက်စီးခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အတွက် နန်းတော်ဆိုင်ရာဝန်မင်းထံသို့ ယခု အမိန့်တော်မှတ်ပြီးနောက်တွင် ချက်ချင်း လာရောက်အပ်နှံစေရမည်။ မအပ်နှံပဲ နေအိမ်များတွင် သိမ်းထားသောကြောင့် စစ်ဆေးသည့်အခါ တွေ့ရှိပါက သေဒဏ်ကျခံရမည်။ ထို့ပြင် ထိုတူးဖော်တွေ့ရှိရသည့် တိုင်းပြည်အကြောင်းများ ပြောဆိုခြင်း၊ နားထောင်ခြင်း၊ ရေးသားခြင်းများ ပြုလုပ်ပါကလည်း သေဒဏ်ကျခံရမည်။ ယခု အမိန့်တော်ကို ကြားသိပြီးပါက မိမိတို့လက်ဝယ်တွင်ရှိသော မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ပစ္စည်းများကို ချက်ချင်းအပ်နှံရန် အမိန့်တော်ထုတ်ပြန်လိုက်သည်။

ဝုံ

ဘိန်မာပြည် မင်းတရားကြီး သုနတ်စ



မှုနမတ်များ၏ အမိန့်တော် ပြန်တမ်းအပြည့်အစုံ ကြားပြီးသည့်နောက်တွင် နားထောင်နေသောသူများမှာ မိမိတို့အိမ်များသို့ အသီးသီးပြန်ကြကာ အိမ်တွင်ရှိနေသော တူးဖော်တွေ့ရှိသည့် ပစ္စည်းများကို ချက်ချင်းဆိုသလိုပင် အပ်နှံရန် ပြင်ဆင်ကြလေသည်။

တချို့က ထိုပစ္စည်းများကို ကြောက်ကြောက်လန့်လန့်နှင့် မကိုင်ရဲ ဖြစ်နေကြ၏။

သို့သော်လည်း ဘုရင့်အမိန့်တော် ရှိသောကြောင့် တစ်ခုခုနှင့် အုပ်ကာကိုင်ပြီး နန်းတော်သို့ အလျင်အမြန် သွားရောက်အပ်နှံကြ၏။

ထိုသို့ ဘုရင့်နန်းတော်မှ တရားဝင် ထုတ်ပြန်လိုက်သောကြောင့် ထွက်ပေါ်နေသော ကောလဟာလများ၊ ထင်မြင်ချက်များမှာ အဆုံးသတ်သွားပြီး တူးဖော်မှုနှင့် မြန်မာပြည်သည် ကြောက်စရာအကောင်းဆုံးဆိုသည့် ယူဆချက်သည် ဘိန်မာပြည်သူပြည်သားများ စိတ်ထဲတွင် စွဲသွားလေ၏။

ဝေနေယျလည်း ထိုအမိန့်ပြန်တမ်းကို ကြားကြားပြီးချင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

သူတွင်လည်း တူးဖော်တွေ့ရှိမှုမှ ရရှိသည့် ပစ္စည်းတစ်ခုရှိနေသည်။ သူ့ချစ်သူ အိမ်ကနေ ညဘက်ပြန်လာရင်း လမ်းမှာ ခွေးများယှက်နေသောကြောင့် ကြည့်မိရာမှ တွေ့ရှိသည့် ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ထိုပစ္စည်းလေးကို သူတွေ့ရှိခဲ့တာ လေးရက်လောက် ရှိပြီ ဖြစ်သည်။ နေ့စဉ် ညတိုင်းလိုလိုပင် ကိုင်ကြည့်သော်လည်း ဘာ ပစ္စည်းမှန်း၊ ဘာနဲ့လုပ်ထားမှန်း၊ ဘာအတွက် အသုံးပြုတဲ့ ပစ္စည်း မှန်းမသိချေ။

ထို့ပြင် အခြားလူများကိုလည်း ထိုပစ္စည်းအကြောင်း မပြောပြခဲ့ချေ။ ယခုတော့ ဘုရင့်နန်းတော်ကို ပို့ရပေတော့မည်။

ဆက်လျှောက်လာရင်း မြို့ပြင်ကို ထွက်လာခဲ့သည်။

တစ်လမ်းလုံးတွေ့ရသော လူများအားလုံးမှာ မိမိတို့ရဲ့ တွေ့ရှိပစ္စည်းများ အပ်ရန်အတွက် ဘုရင့်နန်းတော်ကို သွားနေကြ တာတွေ့ရ၏။

တချို့နေရာများမှာလည်း ဘုရင့်အမိန့်တော်ကို ထုတ်ပြန် နေသော မှူးမတ်များကိုလည်း အဖွဲ့လိုက် တွေ့နေရ၏။

မကြာမီ သူတို့ရွာထဲကို ရောက်သောအခါတွင်လည်း ရွာ သူ၊ ရွာသားများ အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်ကို တွေ့ ရသည်။

တူးဖော်ပစ္စည်းရှိတဲ့ အိမ်တွေက နန်းတော်ကို သွားရောက် အပ်နှံရန် ပြင်ဆင်နေကြသည်ကို တွေ့ရ၏။

ထိုစဉ် အိမ်တစ်အိမ်ထဲမှ ထွက်လာသော သူ့ကြီးတော်ကို တွေ့လိုက်ရ၏။



"ကြီးတော်. . . ဒီမှာကြီးတော်ဝယ်ခိုင်းတာတွေ ဝယ် လာပြီ"

သူက လှမ်းပြောလိုက်သော်လည်း သူ့ကြီးတော်မှာ သူ့ အပြောကို စိတ်ဝင်စားပုံ မပေါ်ချေ။

"အဲဒါ အသာထားပါဦး၊ နင့်မှာရော၊ တူးထားတဲ့ပစ္စည်း တွေ ရှိလား"

"ဟို. . ."

ကြီးတော်မှာ မေးပြီး သူ့စကားကိုတောင် ဆုံးအောင် နား မထောင်တော့ပဲ။

"ရှိရင်လည်း နန်းတော်ကို မြန်မြန်ပို့ဖို့ လုပ်ဦး. . . တော် ကြာ ငါ့အိမ်ခိုက်နေဦးမယ်"

ကြီးတော်မှာ ကြောက်နေပုံရသည်။

ဒါနဲ့သူလည်း ကြီးတော်ကို ဘာမှဆက်မပြောတော့ဘဲ အိမ်ဘက်ကို ဆက်လျှောက်လာလိုက်သည်။

ကြီးတော်ကတော့ ရွာထဲက အိမ်အချို့ကို လှည့်လည်ရင်း ကျန်နေခဲ့၏။ သူဝယ်ခိုင်းထားတဲ့ ပစ္စည်းကို တစ်နေရာမှာ သေချာ ထားထားနော်ဟုပင် လှမ်းအော်ပြောသေး၏။

ဝေနေယျသည် အိမ်ကို ရောက်သောအခါတွင် နောက်ဖေး ရှိ အိုးအလွတ်ထဲမှာ သိမ်းထားသော တူးဖော်ရရှိသည့်ပစ္စည်းကို ထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ပြောရရင် သူ့စိတ်ထဲမှာ ထိုပစ္စည်းကို နန်းတော်ကို မအပ်ချင်ပေ။

ဒီပစ္စည်းဟာ ဘာပစ္စည်းမှန်းမသိသော်လည်း ဒီပစ္စည်းလေး ဖျက်စီးခံရမှာကို မလိုလားပေ။

ဒီပစ္စည်းတွေ့ရှိခြင်းကြောင့် တိုင်းပြည်ပျက်စီးမယ်ဆိုတာ ဟုတ်ပါ့မလား။

ဘာပဲဖြစ်ဖြစ် သူလာရာ လမ်းတစ်လျှောက် မြင်တွေ့ချက်များအရ ဘိန်မာပြည်သူများ အားလုံးမှာ 'အကြောက်တရား'တွေ လွှမ်းမိုးနေပြီ ဖြစ်သည်။

တူးဖော်တွေ့ရှိသော ပစ္စည်းတွေကို နန်းတော်ကို သွားမအပ်မှာစိုးသောကြောင့် သူတို့သိသော ပစ္စည်းပိုင်ရှင်များကိုလည်း တစ်ဦးနှင့်တစ်ဦး သတိပေးနေကြတာကို ကြည့်ခြင်းအားဖြင့် ထိုပစ္စည်းများရှိခြင်းဟာ တိုင်းပြည်အတွက် အန္တရာယ်ဆိုတာကို အားလုံးက ယုံကြည် ကြောက်လန့်နေကြမှန်း အထင်းသား ပေါ်လွင်နေသည်။

သူ့မှာ ဒီပစ္စည်းလေးရှိတာကို ဘယ်သူမှ မသိချေ။ ထို့ကြောင့် သူကို ဘယ်သူမှ လာရောက်ပြောဆိုခြင်း မရှိချေ။

နန်းတော်ကို သွားမအပ်ပါက သူ့မှာရှိတဲ့ ပစ္စည်းကို ဘယ်သူမှ သိနိုင်မှာ မဟုတ်ဘူးဆိုတဲ့ အတွေးသည် ဝေနေယှ ခေါင်းထဲတို့ ဝင်လာ၏။



ငယ်ငယ်ကတည်းက မိဘမဲ့ ဖြစ်ခဲ့သောကြောင့် တစ်စုံတစ်ခုကို စွဲလန်းမိပြီဆိုပါက ဘယ်လောက်ပင် အပြစ်အနာဆာ ရှိနေပါစေ မစွန့်လွှတ်ချင်သည့်စိတ်က သူ့တွင် ရှိနေသည်။

နန်းတော်ကို သွားအပ်ရမလား။

ဒါမှမဟုတ် . . .

ဘယ်သူမှမသိအောင် အိမ်ထဲမှာပဲ တိတ်တဆိတ် သိမ်းထားမလား။

တစ်ယောက်ယောက် သိသွားရင်ရော။

တကယ်တော့ တစ်ယောက်ယောက် သိဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ချေ။

သူ မပြောရင် ဘယ်သူမှ မသိနိုင်တော့ပေ။ သို့သော် တစ်အိမ်ထဲ အတူနေသည့်ကြီးတော် မမြင်အောင်တော့ ဖွက်ထားရပေမည်။

နောက်ပြီး သူ့မှာရှိတဲ့ ပစ္စည်းလေးတစ်ခု မဖျက်စီးဘဲ ကျန်ခဲ့သောကြောင့် တကယ်ပဲ တိုင်းပြည်ပျက်သွားရင်ရော . . .။

■

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ခဏအကြာတွင် သူ၏ကြီးတော် ပြန်ရောက်လာလေ၏။ ရောက်ရောက်ချင်းပဲ ကြီးတော်က သူ၏ဝသီအတိုင်း ရွာထဲက အကြောင်းများ၊ တူးဖော်ပစ္စည်းများ ပြန်အပ်ရန် တိုက်တွန်းရသည့် အိမ်များအကြောင်း၊ ရှင်ဘုရင်ကြီး၏ အမိန့်တော် ထုတ်ပြန်သည့် အကြောင်း၊ ခေါင်းရင်းအိမ်က လင်မယားအကြောင်း စသည်ဖြင့် မနားတမ်း ပြောနေသည်ကို အရင်နားထောင်ရ၏။ ပြီးမှသာ-

"ငါ့ဝယ်ခိုင်းတဲ့ ပစ္စည်းတွေ ဘယ်မှာလဲ"ဟု သတိတရ မေးရှာသည်။

ပြီးနောက် အိမ်မှုကိစ္စများကို တရစပ်လုပ်ရင်း ပါးစပ်က လည်း သူ့ကို ဆူပူနေ၏။

နေ့တိုင်းပဲ အလုပ်မရှိ အလုပ်ရှာ မြို့တွင်းထဲကိုပဲ သွားနေ ကြောင်း၊ ချစ်သူတွေ့နေပြီလား၊ အလုပ်မရှိပဲနဲ့ မိန်းမယူဖို့ မစဉ်း



စားသင့်ကြောင်း၊ အလုပ်အကိုင် အတည်တကျ တစ်ခုရှာရန် စသည် ဖြင့် ပြောနေကျ စကားတွေကို ပြောလေ၏။

ဝေနေယျလည်း နားငြီးလာသောကြောင့် အိမ်ရှေ့ခြံဝန်း ထဲ ဆင်းခဲ့လိုက်သည်။ ကြီးတော်သည် သူ၏အမေဘက်မှ တော် စပ်ရသည့် အမျိုးဖြစ်သည်။

ယခုအရွယ်ရောက်လာတော့ ဝေနေယျကို လယ်ထဲတွင် အလုပ်လုပ်ရန် အကြိမ်ကြိမ် ပြောသော်လည်း ဝေနေယျက ဟိုရွှေ့ ဒီရွှေ့နှင့် အကြိမ်ကြိမ် ငြင်းခဲ့၏။

ဝေနေယျကလည်း ဝေနေယျပင်။ သူသည် လယ်ယာ အလုပ်ကို အတော်ကလေး မုန်း၏။

ဒါဆို ကြီးတော်က အခြားအလုပ်တစ်ခု လုပ်ပါတော့လား ဆိုတော့လည်း သူစိတ်ဝင်စားသည့် အလုပ်မတွေ့သောကြောင့် အခု ချိန်ထိ ကြီးတော်၏ အပြောကို ခံနေရခြင်း ဖြစ်သည်။ သူ့ချစ်သူ နှင့်လည်း ထိုကိစ္စနဲ့ ပတ်သက်ပြီး ခဏခဏ ပြဿနာတက်ခဲ့ရ သည်။ သူကတော့ မိန်းကလေးပီပီ သူယူမယ့် ယောကျ်ားကို အလုပ် အကိုင် အခြေတကျ ရှိစေချင်နေပုံရသည်။

သူသည် အလုပ်လုပ်ရမှာ ပျင်းတဲ့လူတစ်ယောက်တော့ မဟုတ်ပေ။ သို့သော် သူက သူစိတ်ပါသည့် အလုပ်ကိုသာ လုပ်လို သည့်သူတစ်ဦး ဖြစ်သည်။

သူဘာအလုပ်ကို စိတ်ဝင်စားသလဲ၊ ဒါကလည်း နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



တော့ ပြောရခက်သည်။ သူတို့ ဘိန်မာပြည်မှာကလည်း အလုပ်အကိုင်ဆိုလို့-

တောပစ်၊ လယ်ယာလုပ်၊ အရောင်းအဝယ်၊ အိမ်တွင်းသုံးပစ္စည်းလုပ်သူ၊ စိုက်ပျိုးရေးလုပ်သူ စသည်ဖြင့် အလုပ်အကိုင် အမျိုးအမည်များမှာ အနည်းငယ်သာ ရှိသည်။ ထိုအလုပ်တွေကိုလည်း သူတစ်ခုမှ စိတ်မဝင်စား။ သူစိတ်ဝင်စားတာက ဘုရင့်နန်းတော်ထဲက မင်းမှုထမ်း အလုပ်ပဲ လုပ်ချင်နေသည်။

ထိုကိစ္စကို သူ့ချစ်သူနှင့် ကြီးတော်အား ပြောပြသောအခါတွင် သူ့ကို လှောင်ပြောင်ကြ၏။ မဖြစ်နိုင်သည့် ကိစ္စဟု ထင်ကြသည်။

တကယ်လည်း သူတို့ထင်တာ မမှားချေ။ သူတို့ ဘိန်မာပြည်မှာ အခြားအရာသာ ဖြစ်ချင်ဖြစ်နိုင်မည် ဖြစ်သော်လည်း နန်းတွင်းထဲမှာ မင်းမှုထမ်းတစ်ဦးဖြစ်ဖို့ကား မလွယ်ချေ။

ပေစာများ ဖတ်တတ်၊ ရေးတတ်ရမည် ဖြစ်သည့်အပြင် နန်းတွင်းမှ တစ်နှစ်တစ်ခါခေါ်သည့် မင်းမှုထမ်းအရည်အချင်း စစ်သည့်ပွဲကိုလည်း ဝင်ရောက်ရသည်။ မှူးကြီးများ၊ မတ်ကြီးများ၊ ဝန်မင်းများက အဆင့်ဆင့် မေးမြန်းစစ်ဆေးပြီး သဘောကျမှသာ နန်းတွင်းမှာ ခစားအမှုထမ်းခွင့် နေရာတစ်ခု ရရှိကြရသည်။

ဤသည်မှာလည်း လူတိုင်းအောင်မြင်ကြသည်တော့ မဟုတ်ချေ။ တစ်ခါတစ်လေ တစ်ယောက်မှ နန်းတွင်းသို့ မရောက်



သည့် နှစ်လည်း ရှိသည်။

ဒီနှစ်မှာလည်း သူသည် သူ့သူငယ်ချင်း ခိနော့နှင့်အတူ ဝင်ရောက်စစ်ဆေးခံခဲ့သေး၏။

သို့သော် ရွေးချယ်ခြင်း မခံခဲ့ရချေ။

ဤသည်ကြောင့် ကြီးတော်၏ ပိုပြောခြင်းကို ခံခဲ့ရသည်။ အလုပ်တစ်ခု ဝင်ရောက်လုပ်ကိုင်ရန်အတွက်လည်း ခဏခဏ ပြောခံနေရခြင်း ဖြစ်သည်။

သူကတော့ နောက်နှစ်မှာ ဝင်ပြိုင်ချင်သေးသည်။ ဝင်ပြိုင်မယ်လို့လည်း ဆုံးဖြတ်ထားသည်။

သူ့ချစ်သူနှင့် ကြီးတော်ကတော့ သဘောမတူချေ။ နန်းတော်ထဲက မင်းမှုထမ်းဖြစ်ပါက မက်မောစရာတွေ များစွာရှိသည်။

အခွန်ဆောင်ခွင့် သက်သာသည်။ သာမန်ပြည်သူများက ရိုသေကြသည်။ လေးစားကြသည်။

နန်းတွင်းထဲက လူဆိုသောအရှိန်ဖြင့် သွားလေရာတွင် မျက်နှာပွင့်သည်။ ထိုထက် နန်းတွင်းထဲတွင် ရာထူးအဆင့်ဆင့်တက်ခဲ့ပါက အပြင်မှာ လုပ်ကိုင်ရသည်ထက် ပို၍အခွင့်အလမ်းနှင့် စည်းစိမ်ရှိစွာ နေရသောကြောင့် လူတိုင်းသည် နန်းတော်ထဲတွင် မင်းမှုထမ်းချင်ကြခြင်း ဖြစ်သည်။

“ဟဲ့. . . ဝေနေယျ၊ ငါပြောတာကြားလား”

ကြီးတော်၏ အသံကြောင့် အတွေးများ ရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ဘာပြောလိုက်တာလဲ၊ ကြီးတော်ရဲ့"

"မနက်ဖြန် တူးဖော်ပစ္စည်းတွေကို နန်းတော်ဘေးက ကွင်းပြင်မှာ မီးရှို့မှာတဲ့၊ အဲဒါ ငါ့ကို လိုက်ပို့ရမယ့် လူများတော့ ဟိုလူတို့၊ ဒီလူတို့နဲ့ နင်ပါမှဖြစ်မှာ"

ထိုအခါမှ သက်ပြင်းချနိုင်သည်။

"ဟုတ်ကဲ့ပါ ကြီးတော်ရဲ့၊ ကျုပ်လိုက်ပို့ပါမယ်"

ခဏအကြာတွင် ကြီးတော်မှာ နောက်ဖေးမီးဖိုချောင်ထဲ ပြန်ဝင်သွားသောကြောင့် အချိန်ရှိတုန်းလေး မိမိလက်ထဲတွင်ရှိသော 'တူးဖော်ပစ္စည်း'ကို အချိန်မီသွားအပ်ရန် လိုကြောင်း သတိရမိသည်။

ထို့ကြောင့် ကြီးတော်မသိအောင် အိမ်ကိုပတ်ပြီး နောက်ဖေးစဥ့်အိုးထဲကနေ ပစ္စည်းကိုနှိုက်ကာ ထွက်ခဲ့လိုက်၏။

ကြီးတော်မြင်ပါက ကိစ္စမရှိသော်လည်း တွေ့တုန်းက သူ့တို့ ဘာဖြစ်လို့ မပြရတာလဲ၊ ဘာလဲ စသည်ဖြင့် ပြောနေမည်စိုးသောကြောင့် တိတ်တိတ်ကလေးယူပြီး ထွက်လာခြင်း ဖြစ်သည်။

'တူးဖော်ပစ္စည်း'တွေ သွားပေးရမည့် နေရာမှာ မနက်ဖြန် မီးရှို့ပွဲ ပြုလုပ်မည့် မြို့တွင်းရှိ 'ရတနာသိဂီါကွင်းပြင်'ကို သွားပို့ရမည် ဖြစ်သည်။

■

## (၁၉)

ဝေနေယျသည် 'ရတနာသိဂီါကွင်းပြင်'ကို ရောက်တော့ ညမှောင်လုလု ဖြစ်နေပြီ ဖြစ်သည်။

ကွင်းပြင်ပတ်ပတ်လည်တွင် မီးများဖိုထားသောကြောင့် ထိန်ထိန်လင်းနေပြီး ကွင်းပြင်အလယ်တွင် ပြည်သူပြည်သားများ လာအပ်ထားသည့် တူးဖော်ပစ္စည်းများ၊ နန်းတော်မှ တူးဖော်တွေ့ရှိရသည့် ပစ္စည်းများ ပုံထားသည့် ပစ္စည်းပုံကြီးကို တွေ့ရသည်။

မနက်ဖြန်တွင် မီးရှို့မည့် ပစ္စည်းပုံကြီး ဖြစ်သည်။ အတော်ကြီးမားပြီး ဝေနေယျ မမြင်ဖူးသော ပစ္စည်းများကိုလည်း တွေ့ရ၏။

ခပ်လှမ်းလှမ်းမှာတော့ တဲလေးတစ်ခု ရှိသည်။ လာအပ်သည့် ပစ္စည်းများကို စာရင်းပြုလုပ် လက်ခံနေသော မင်းမှုထမ်းအရာရှိများ ရှိနေသည်။

ထိုတဲဘေးတွင်တော့ ယာယီအဆောက်အဦတန်းကို ဆောက်နေကြသောသူများကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာအတွက် ဆောက်နေတာလဲဆိုပြီး မေးမြန်းကြည့်တော့ မနက်ဖြန် မင်းကြီးကြွလာမည်ဆိုသောကြောင့် မင်းကြီးကြည့်ရှုရန် အဆောင်တော်ကို ယာယီဆောက်လုပ်နေခြင်းဖြစ်ကြောင်း ဆောက်လုပ်ရသူ တစ်ယောက်က ပြန်ဖြေသည်။

ဝေနေယျသည် သူ၏လက်ထဲက ပစ္စည်းကိုကိုင်ကာ ယာယီတဲထဲ ဝင်လိုက်၏။

တဲထဲတွင် မင်းမှုထမ်း သုံးလေးဦး ရှိနေသည်။

အကြီးဆုံး ဖြစ်ပုံရသည့် အရာရှိက စင်မြင့်ပေါ်တွင် ထိုင်နေတာကို တွေ့ရ၏။ ထိုအရာရှိကို ဝေနေယျ မြင်မြင်ချင်း မှတ်မိသည်။

ထိုသူမှာ တူးဖော်ပစ္စည်းများကို ရှာဖွေခဲ့သည့် အဖွဲ့များထဲမှ ဆင်ပုံပါအဖွဲ့ ခေါင်းဆောင်မှူးမတ်ကလန်ငယ်ပင် ဖြစ်ပါသည်။ ဝေနေယျလည်း ချက်ချင်းပင် ဒူးတုပ်ထိုင်ချလိုက်သည်။

"ပစ္စည်းလာအပ်တာလားဟေ့"

ဝင်ဝင်ခြင်းပင် လှမ်းမေး၏။ အသံမှာ အနည်းငယ် မာနေသည်။

သေရည်အချို့လည်း သောက်ထားပုံရ၏။

"မှန်ပါတယ် အရှင်"

"အခုမှ ဘာဖြစ်လို့ လာအပ်တာလဲ၊ ညပဲ မိုးချုပ်နေပြီ၊ နေ့ခင်းကတည်းက ကြေညာထားတာကို"



"အခုမှ အားလို့ လာအပ်တာပါ အရှင်"

ကျန်တဲ့သူများမှာ ကြောက်အားလန့်အားနှင့် ဘုရင့်အမိန့်တော်ပြန်ပြီး အချိန်ကနေ လာအပ်ကြပုံရပြီး ဝေနေယျ တစ်ဦးတည်းသာ အခုလိုအချိန်မှာမှ လာအပ်သောကြောင့် သူ့ကို သက်သာမတင်း ဖြစ်နေကြပုံရသည်။

"မောင်မင်းအမည် ဘယ်လိုခေါ်လဲ"

"ဝေနေယျပါ ဘုရား"

"ဘယ်ရွာကလဲ"

"လုံထရွာကပါ ဘုရား"

"ပစ္စည်းဘယ်နှခု ရှိသလဲ"

"တစ်ခုတည်းပါ ဘုရား"

ကလန်ငယ်က မျက်မှောင်ကြုတ်သည်။

ထို့နောက် သူ့အနားမှာ ရှိနေသော အမှုထမ်းတစ်ယောက်ကို အချက်ပြလိုက်သည်။

ထိုအမှုထမ်းက ဝေနေယျလက်ထဲက ပစ္စည်းကိုယူကာ ကလန်ငယ်အား ဆက်သလိုက်၏။

"ဒီပစ္စည်းက ဘာပစ္စည်းလဲ"

ကလန်ငယ်က ဝေနေယျကို လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

"မသိပါဘူး ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က တွေ့တာလဲ"

"မြို့ပြင်မှာ ညဘက်ပြန်လာတုန်း တွေ့တာပါ ဘုရား"

ကလန်ငယ်သည် လက်ထဲက ပစ္စည်းကို အသေးစိတ်ကြည့်ရှုနေ၏။

ထို့နောက် ထိုပစ္စည်းကို အမှုထမ်းအား ပြန်ပေးပြီး-

"ကွင်းပြင်အလယ်မှာ ပုံထားတဲ့ ပစ္စည်းပုံထဲကို သွားထားချေ"ဟုဆိုပြီး အမိန့်ပေးလိုက်လေ၏။

အမှုထမ်းမှာလည်း ဝေနေယျ၏ တူးဖော်ပစ္စည်းကိုယူပြီး တဲအပြင်ကို ထွက်သွားလေ၏။

ဝေနေယျလည်း ကလန်ငယ်က ဘာမှမမိန့်သေးသောကြောင့် ထိုင်မြဲအတိုင်း ထိုင်နေရလေသည်။

ကလန်ငယ်ကတော့ ဘေးနားက သေရည်ကိုတစ်ခွက်မော့သောက်နေတာကို တွေ့ရ၏။

ပြီးမှ ခစားနေသော ဝေနေယျကို သတိရသွားပုံဖြင့်-

"တဲ. . . မောင်မင်း တာဝန်ပြီးပြီ ပြန်ချေတော့"ဟုဆိုမှ ဝေနေယျလည်းထကာ ရှိရှိကျိုးကျိုးပုံစံဖြင့် တဲထဲမှ ထွက်ခဲ့လိုက်သည်။

တဲအပြင် ရောက်သောအခါ ခုနက သူရဲ့ ပစ္စည်းကို ယူသွားသော အမှုထမ်းသည် ပစ္စည်းပုံကြီးထဲရှိ တစ်နေရာတွင် ဝေနေယျ၏ ပစ္စည်းအား ချလိုက်သည်ကို တွေ့ရ၏။



သူ၏ ပစ္စည်းဘေးနားတွင် သေတ္တာလိုလို ပစ္စည်းပုံစံကို တွေ့ရသည်။

အရောင်မှာ အစိမ်းရောင်ဟု ထင်ရသည်။

မသဲကွဲပေ။ သို့သော် ရှင်းရှင်းလင်းလင်း မြင်ရသည်က သူ့ဘေးနားရှိ ပစ္စည်းများမှာ ထိုသေတ္တာပုံစံနှင့် ပုံစံကွဲပြားကြသောကြောင့် ထိုသေတ္တာသည် ထင်းခနဲ ဖြစ်နေခြင်း ဖြစ်သည်။

ထိုသေတ္တာပုံစံဘေးနားတွင် ဝေနေယျပစ္စည်းကို တင်လိုက်ခြင်း ဖြစ်သည်။ ဝေနေယျလည်း သူရဲ့ 'တွေ့ရှိပစ္စည်း'ကို ခဏမျှကြည့်လိုက်ပြီးနောက် အိမ်ကို ခပ်မြန်မြန် ပြန်ခဲ့လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ထိုနေ့က 'ရတနာသဂီကွင်းပြင်'တွင် လူတော်တော် များ၏။ 'တူးဖော်တွေ့ရှိ ပစ္စည်းမီးရှို့ပွဲ' ဖြစ်သောကြောင့် လူအများအပြား စိတ်ဝင်တစား လာရောက်ကြည့်ရှုကြသည်။

ဘုရင်မင်းကြီးနှင့် မိဖုရားခေါင်ကြီးပါ တက်ရောက်ကြည့်ရှုမည်ဆိုသောကြောင့် ဘုရင်မင်းကြီးကိုပါ ဖူးမျှော်ရင်းနဲ့ ရောက်လာကြသည့် ပြည်သူများမှာလည်း မနည်းမနော ရှိသည်။

ဝေနေယျနှင့် သူ၏ကြီးတော် ရောက်သွားသောအချိန်တွင် လူများ တိုးမပေါက်အောင် စည်ကားလျက် ရှိနေတာကို တွေ့ရသည်။

ထို့ကြောင့် လူအများရဲ့ နောက်ကိုရောက်သွားပြီး ရှေ့က မီးရှို့မည့်နေရာကို မမြင်ရပဲ ဖြစ်နေသည်။

ကြီးတော်ကလည်း ဝေနေယျကြောင့် နောက်ကျခြင်းဖြစ်



သည်ဆိုပြီး သူ့ကိုပဲ ပူညံပူညံ လုပ်နေ၏။

ကြီးတော်သည် မီးရှို့သည့် မြင်ကွင်းကို ကွက်ကွက်ကွင်းကွင်း မြင်ချင်နေသည်။ သို့မှသာ နောက်တစ်နေ့တွင် ရွာထဲမှာ တစ်အိမ်တက်ဆင်း အတင်းအဖျင်း စကားလိုက်ပြောနိုင်မည် ဖြစ်သောကြောင့် ရှေ့ကိုသာ ဖွတ်တိုးနေ၏။

သို့သော်လည်း ရှေ့က လူများမှာ ပိုပြီးတောင့်တင်းသောကြောင့် ဘယ်လိုမှ တိုးမရပဲ ဖြစ်နေသည်။

ကြီးတော်က တိုးမရလေ ဝေနေယျကို အပြစ်ပြောလေဖြစ်နေ၏။ ကြာတော့ ဝေနေယျလည်း စိတ်ညစ်လာသောကြောင့်-

"ကဲ. . .ကြီးတော်၊ ရှေ့ကို ကောင်းကောင်း မြင်ရမယ့်နေရာကို သွားရှာပေးမယ်၊ ဒီမှာခဏစောင့်"ဟုဆိုပြီး ကြီးတော်ကိုထားခဲ့ကာ ထွက်လာခဲ့၏။

တကယ်တော့ သူလည်း ဘယ်နေရာကနေ ဘယ်လို မြင်ကွင်းကောင်းကောင်း မြင်ရမှန်း မသိချေ။ ကြီးတော်နားက ထွက်လာရရင်ပြီးရောဆိုပြီး ထွက်လာခြင်း ဖြစ်သည်။

နောက်ကျမှ ရောက်လာသော သူတချို့က မမြင်ရသောကြောင့် ကွင်းပြင်ပတ်လည်ရှိ သစ်ပင်အချို့ပေါ် တက်ကြည့်နေတာကို တွေ့ရသည်။

သစ်ပင်ပေါ် တက်ကြည့်ပါက ရှေ့မီးရှို့ရာကို မြင်နိုင်သော်လည်း ကြီးတော်ကတော့ သစ်ပင်တက်နိုင်မှာ မဟုတ်ချေ။ သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းသာ မြင်နိုင်မည် ဖြစ်သည်။

မြင်သမျှ ပြန်ပြောပါကလည်း ကြိုးတော်က ကြိုက်မည် မဟုတ်။ သူက သူ့ဘာသာသူ မြင်ချင်ခြင်း ဖြစ်သည်။

ကွင်းလယ်တွင် ပစ္စည်းပုံ. . .။ ခပ်လှမ်းလှမ်းတွင် ဘုရင့်ကြည့်ရှုဆောင်. . .။ သူ့ဘေးတွင် ယာယီတဲ. . .။ ထို့နောက် ဘေးပတ်ပတ်လည်တွင် ကြည့်ရှုနေသော သူများအပြည့်. . . ဆိုတော့ ရှုခင်းကောင်းကောင်း မြင်နိုင်တာဆိုလို့ ဘုရင့်ကြည့်ရှုဆောင်ပေါ်က ကြည့်မှသာ မြင်နိုင်မည် ဖြစ်သည်။

ဒါကတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်ချေ။

သို့သော်လည်း လူနည်းသည့်နေရာ၊ လွတ်သည့်နေရာရှိလို ရှိငြား ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း ဘုရင်ကြည့်ရှုဆောင်နားတို ရောက်လာခဲ့၏။

ဘုရင့်ကြည့်ရှုဆောင်နားဆိုသော်လည်း ကြည့်ရှုဆောင်ကို ခပ်လှမ်းလှမ်းမှ လှမ်းမြင်ရသည့် အကွာအဝေး ဖြစ်သည်။

မင်းမှုထမ်းများက တားဆီးထားသောကြောင့် ဘယ်သူမှ အနားကပ်ခွင့် မရချေ။

သို့သော် ထိုနားမှာတော့ ကြည့်ရှုသူနည်းနည်းပါးသော ကြောင့် အရှေ့ကို တိုးလို့ရနိုင်သည်။

ထို့ကြောင့် ကြိုးတော်ကို လှမ်းခေါ်ရန်အတွက် ကြိုးတော် မတ်တပ်ရပ်နေသည့် နေရာကို လှမ်းကြည့်လိုက်သည်။



ကြိုးတော်ကို မတွေ့ရတော့။ ဘယ်များ ရောက်သွားပါ လိမ့်။ ဒါမှမဟုတ် လူအုပ်ကြီးကို တိုးလို့ရလို့များ တိုးရင်းတိုးရင်း ရှေ့ရောက်သွားတာများလား။

တွေးရင်းနဲ့ပဲ အခြားကြည့်ရှုမည့်သူများ ထပ်ရောက်လာ သောကြောင့် လူများလာပါက သူပါကြည့်လို့မရ ဖြစ်သွားမှာစိုး သောကြောင့် လူနည်းသည့်နေရာကနေ တိုးရင်းတိုးရင်း ရှေ့ရောက် သွားလေ၏။

ရှေ့ဆိုသည်မှာ မီးရှို့မည့်အပုံနှင့် နည်းနည်းလှမ်းသေး၏။ သေသေချာချာတော့ မြင်ရပေမယ့် မင်းမှုထမ်းများ ကာထား သည့်နေရာမှာ ရပ်ကြည့်ရခြင်း ဖြစ်သည်။

ရှေ့ဆုံး ရောက်လာသော်လည်း ဘုရင်မင်းကြီး မကြွချီလာ သောကြောင့် မီးမရှို့သေးချေ။

ဘုရင့်ကြည့်ရှုဆောင်ကို တစ်ချက်လှမ်းကြည့်လိုက်၏။ မှန်မင်းတွေ၊ အမတ်တွေကတော့ စုံလင်စွာ ရောက်နေတာကို တွေ့ ရသည်။

သူညက တွေ့ခဲ့သော ကလန်ငယ်ကတော့ ကြည့်ရှုဆောင် တောင်ဘက်တွင် မီးရှို့ရန် အဖွဲ့ကို ဦးဆောင်ကာ အသင့်အနေ အထား ပြင်ဆင်ထားသည်ကို တွေ့ရသည်။

သူ၏ မျက်လုံးက မီးရှို့သည့်အပုံကို ရောက်သွားပြန်သည်။ ညက သူလာပို့သော ပစ္စည်းလေးကို ဘာရယ်မဟုတ် ရကြည့်

www.burmeseclassic.com



နေမိသည်။

ရှာလို့မတွေ့ရသောကြောင့် သူ့ပဲ မျက်စိမှားသလားဆိုပြီး ထပ်ရှာမိပြန်သည်။

ဒီတစ်ခါလည်း မတွေ့ပေ။ ထို့ကြောင့် သူ့ပစ္စည်းနားမှာ ရှိသော သေတ္တာအစိမ်းလေးကို ရှာကြည့်ပြန်၏။

သေတ္တာအစိမ်းကိုလည်း မတွေ့ရချေ။ ဒါမှမဟုတ် သူ့ပစ္စည်းက ဟိုဘက်အခြမ်းမှာ ရှိတာလား။

ဒါကတော့ မဖြစ်နိုင် ညက ယာယီတဲကနေ ပြန်ထွက်လာသည့် လမ်းနှင့်သူအခု ရပ်နေသော နေရာသည် အတူတူလောက်ပဲဖြစ်သည်။

နေပါဦး။ အဲဒီ့ သေတ္တာနားမှာ ငါဘာတွေ့သေးလဲ။

ဝေနေယျသည် ညက သူကြည့်တုန်းက တွေ့ခဲ့ရသည့် သူ့တွေ့ရှိပစ္စည်းနားက ပစ္စည်းအချို့ကို စဉ်းစားလိုက်၏။

ပစ္စည်းတွေ ထပ်ရောက်လာလို့ ထပ်ပုံလို့များ သူ့ပစ္စည်းက အောက်ရောက်သွားတာလား။

မဖြစ်တော့ မဖြစ်နိုင်။ သူက ဒီတိုင်းပြည်မှာ နောက်ဆုံးမှ ပစ္စည်းလာအပ်တဲ့ သူပဲ။ သူ့နောက်ကနေ အလွန်ဆုံးလာအပ်မှ တစ်ခုတစ်လေပဲ ရှိမည်။ သို့သော် ထိုအရာကလည်း ဘယ်လိုမှ မဖြစ်နိုင်ပေ။

မျက်လုံးထဲမှာ ညက အနီရောင်လိုလို ပစ္စည်းတစ်ခုတို



သတိရလိုက်၏။ ဂုံစံက အတုံးပုံစံဖြစ်ပြီး ဘာပစ္စည်းမှန်းမသိသော်လည်း အနီရောင်တောက်တောက် ဖြစ်နေသောကြောင့် သတိထားမိသည်။

ထို့ပြင် ထိုအနီရောင် ဘေးတွင်လည်း ခပ်မှိန်မှိန် အနီရောင်သဏ္ဌာန် ပစ္စည်းတစ်ခုလည်း ရှိနေသေးသည်။

ဟုတ်တယ်။ သေချာတယ်။

ဝေနေယျသည် ညက တွေ့ခဲ့သော အနီရောင်ပစ္စည်းကို ရှာကြည့်ပြန်သည်။ ချက်ချင်းဆိုသလိုပင် ထိုပစ္စည်းကို တွေ့ရ၏။

သို့သော် ထိုပစ္စည်းဘေးနားတွင် ရှိသော သူထားခဲ့သည့် ပစ္စည်းနှင့် သူတွေ့ခဲ့သည့် အစိမ်းရောင်သေတ္တာကိုတော့ မတွေ့ရချေ။

သေချာတာကတော့ သူတွေ့နေရသည့် နေရာသည် သူ ညက ကြည့်ခဲ့သော သူ့ပစ္စည်းတင်လိုက်ရာ နေရာဆိုတာကတော့ သေချာနေသည်။

ဒါပေမဲ့ သူ့ရဲ့ပစ္စည်းကို မတွေ့ရ။

ဘယ်ရောက်သွားလဲ။

တစ်ယောက်ယောက်က ယူသွားသလား။

သူစဉ်းစားနေတုန်းမှာပဲ စည်တီးသံကို ကြားလိုက်ရ၏။ ဘုရင်မင်းမြတ် ကြွလာပြီ ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

အိမ်ပြန်လာတဲ့ လမ်းတစ်လျှောက်လုံး ဝေနေယျ မကျေမနပ်ဖြစ်လာခဲ့သည်။ မကျေမနပ် ဖြစ်နေသည်ဆိုတာထက် စိတ်ထဲမှာ ဝေခွဲမရ ဖြစ်နေသည်ဆိုပါက ပို၍မှန်နိုင်သည်။

သို့သော်လည်း သူ့အထင်သည် အထင်သာဖြစ်သောကြောင့် စိတ်ထဲမှာရှိတာကို ရှိသည့်အတိုင်း အခြားလူများကို ပြောလို့မရပဲ ဖြစ်နေသည်။

မည်သို့ဆိုသော် အပြန်လမ်းတစ်လျှောက်တွင် လိုက်ထရွာက လူများ 'တူးဖော်တွေ့ရှိပစ္စည်း မီးရှို့ပွဲ'အကြောင်းကို ကျွတ်ကျွတ်ညံအောင် စကားပြောလာကြသောကြောင့် ဖြစ်သည်။

"နောင်ကြီး ဘာထာ"

အခြားသူများပြောသည့် စကားများကို နားထောင်နေသော နောင်ကြီးဘာထာကို ဝေနေယျက လှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။

"ဘာလဲ ဝေနေယျ"



"မီးရှို့တဲ့အထဲမှာ နောင်ကြီးရဲ့ တွေ့ရှိတဲ့ ပစ္စည်းလည်း ပါတယ်မှတ်လား"

"ပါတာပေါ့"

"အခုသွားကြည့်တော့ မီးရှို့တဲ့အပုံထဲမှာ နောင်ကြီးရဲ့ တွေ့ရှိပစ္စည်းကို တွေ့မိလား"

"တွေ့သားပဲ"

ဟုပြောလိုက်သောကြောင့် ဝေနေယျလည်း ဘာမှဆက်မမေးတော့ချေ။

ဒါနဲ့ တွေ့ရှိပစ္စည်း အပ်ခဲ့သည့် နောက်တစ်ယောက်နားတပ်ကာ-

"နောင်ကြီးကျောက်၊ ခင်ဗျားရဲ့ တွေ့ရှိပစ္စည်းကို မီးရှို့တဲ့အထဲမှာ တွေ့မိလားဗျ"

"ဟာ မီးရှို့တဲ့ ပစ္စည်းကများတော့ သတိမထားမိပါဘူး. . . ဘာဖြစ်လို့လဲ"

"ကျုပ်ရဲ့ တွေ့ရှိပစ္စည်း မတွေ့လို့ဗျ"

"မင်း. . . သွားမပေးလို့လား"

"ဟာ. . . ပေးတာပေါ့"

"သွားပေးရင် မီးရှို့တဲ့အထဲ ပါမှာပေါ့ကွ၊ ပစ္စည်းတွေကများတော့ အောက်ရောက်နေလား မသိတာ"

ဝေနေယျလည်း ထိုအကြောင်းကို ဘာမှ ဆက်မပြောတော့

www.burmeseclassic.com

www.burmeseclassic.com



ဘဲ အခြားအကြောင်းများကိုသာ ပြောနေလိုက်၏။

စိတ်ထဲမှာတော့ နောင်ကြီးကျောက်ထင်သလိုလည်း ဖြစ်နိုင်တာပဲဟု တွေးနေမိသည်။

အားလုံး မီးရှို့ဖျက်ဆီးရမည်ဟု ပြောထားသောကြောင့် သူ့ရဲ့ တွေ့ရှိပစ္စည်းသည် မီးရှို့ပုံကြီးရဲ့ တစ်နေရာမှာ ရှိနိုင်သည်။

မီးရှို့မည့် ပစ္စည်းများကို ပြန်လည်ထားသိုရင်း တခြား (သူ မမြင်နိုင်သည့် ဘက်အခြမ်း)သို့ ရောက်ရှိသွားနိုင်သည်။

ဤသို့ဖြင့် ဝေနေယျသည် ထိုအကြောင်းကို မေ့ပစ်လိုက်ပြီး ချစ်သူနှင့် ညနေ တွေ့ရမည့်အကြောင်းကို စိတ်ကရောက်သွားပြန်သည်။

ဒီညနေမှာ ပြောရမည့် စကားတွေ ပေးရမည့် လက်ဆောင်လေးတွေကို တွေးရင်း သူများတွေရဲ့ စကားသံများကို မကြားတော့ဘဲ အိမ်ပြန်ရောက်လို့ ရောက်မှန်းမသိအောင် အတွေးထဲမှာ ကြည်နူးနေခဲ့မိလေသည်။

■

အဲဒီလိုနဲ့ တစ်နှစ်ခန့်ကြာသောအခါ ဘိန်မာပြည်သူပြည်သားတွေရဲ့ ထုံးစံအတိုင်း အကြောင်းအရာတစ်ခုကို ချက်ချင်းဆိုသလိုပင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြသည်။

အရှေ့ကအရာတွေ ဘယ်လောက်ပဲကြီးကျယ်ခဲ့ ကြီးကျယ်ခဲ့ လက်ငင်း အကြောင်းအရာကိုပဲ စိတ်ဝင်စားကြတော့သည်။

ဤသို့ဖြင့် ပြည်သူတွေကြားထဲတွင် ထိုတူးဖော်မှုအကြောင်းသည် မေ့မေ့ပျောက်ပျောက် ဖြစ်သွားလေတော့သည်။

'မြန်မာပြည်'ဆိုသည့် အကြောင်းအရာလည်း သူတို့ခေါင်းထဲမှာ မရှိတော့. . .။ သူတို့ ဘာတွေ တူးဖော်တွေ့ခဲ့လဲဆိုတာကိုတောင် မေ့မေ့လျော့လျော့ ဖြစ်လာကြသည်။

ဒီလိုနဲ့ ခရစ်သက္ကရာဇ် ၂၉၈၇ ခုနှစ် ကုန်ဆုံးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ခရစ်သက္ကရာဇ် ၂၉၈၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

နှစ်တစ်နှစ်ကို စတင်ဝင်ရောက်သည့်သည်နှင့် တစ်ပြိုင်နက် ဘိန်မာပြည်အတွင်းမှာရှိသော လူငယ်များသည် လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

မည်သို့ဆိုသော် နန်းတွင်းတာဝန် ထမ်းဆောင်ရန် အမှုထမ်း ရွေးချယ်ပွဲ ရှိသောကြောင့် ဖြစ်၏။

ထိုရွေးချယ်ပွဲမှာ ရွေးချယ်ခံရပါက နန်းတော်မှာ အမှုထမ်းခွင့်ရပြီး အခြားတိုင်းသူပြည်သားများနှင့်မတူ ထူးခြားသော အခွင့်အရေးဆိုပြီး ဘိန်မာပြည်တစ်ပြည်လုံးက လက်ခံထားကြသည်။

မိဘများကလည်း သူတို့သားသမီးများကို မင်းမှုထမ်းဝတ်စုံနှင့် မြင်လိုကြသည်။

သမီးရှိသော မိဘများကလည်း သူတို့သမီးများကို မင်းမှုထမ်းများနှင့်သာ လက်ထပ်စေလိုကြသည်။



ဤသည်မှာ ဘိန်မာပြည်ရှိ လူငယ်များ စိတ်လှုပ်ရှားမှု ဖြစ်ကြရသည့် ရွေးချယ်ပွဲဆိုလည်း မမှားချေ။

သို့သော် နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသော နန်းတွင်းအမှုထမ်း ရွေးချယ်ပွဲမှာ ခေါ်ယူခန့်ထားသည့် ဦးရေသည် တစ်နှစ်နှင့်တစ်နှစ် မတူညီပေ။

မည်သည့်အခါမှ (၁၀)ဦးထက် ကျော်လွန်ပြီး ခေါ်ယူ လေ့မရှိတတ်ပါ။ ထို့ကြောင့် ဘိန်မာပြည်တွင်းမှာရှိသော လူငယ် များမှာ မင်းအမှုထမ်းဖြစ်ဖို့ အခွင့်အရေး အလွန်နည်းလှသည်။

ယခုနှစ်ဖြစ်သော ၂၉၈၈ ခုနှစ်အတွက် ခေါ်ယူမည့် အမှုထမ်းဦးရေမှာ (၃)ဦးသာ သတ်မှတ်ထားသောကြောင့် လူငယ် တော်တော်များများမှာ အားလျော့နေကြလေသည်။

ထို့ပြင် ဘိန်မာတစ်ပြည်လုံးတွင် ထိုသုံးဦးထဲ ပါဝင်ဖို့ ရေပန်းစားနေသည့် သုံးဦးလည်း ရှိနေသောကြောင့် အခြားသူများမှာ ပို၍ပင် စိတ်ဓာတ်ကျနေကြ၏။

ထိုသုံးဦးမှာ-

(၁) ပေပင်ပေသီးရွာမှ ဝဏ္ဏထိပ်

(၂) အရှင်မင်းကြီးပျော်ရွာမှ ခေါင်မင်း

(၃) စပါးပင်ရွာမှ နရတင်

တို့ ဖြစ်ကြသည်။

သူတို့သုံးဦးမှာ နာမည်ကြီးလည်း ကြီးချင်စရာပင်။ မည်သို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော် သူတို့ရပ်ရွာမှာ ထိုလူငယ်သုံးဦးသည် ထင်ရှားပြီး၊ လုပ်ရည်ကိုင်ရည်၊ ဉာဏ်ရည်ဉာဏ်သွေးကအစ အားလုံး ပြောစရာမရှိအောင် တော်ကြသူတွေ ဖြစ်ကြသည်ဟု ကျော်ကြားလှသောကြောင့် ဖြစ်သည်။

ဘယ်လိုပဲ သတင်းတွေ ထွက်နေစေကာမူ ဘိန်မာပြည်တွင်း ရွာများရှိ လူငယ်များသည် မိမိတို့ ပါလိုပါငြား ဝင်ပြိုင်ရန် တာစူနေကြသည်။

ထိုအထဲတွင် လုံထရွာမှာရှိသော ဝေနေယျတစ်ယောက်လည်း အပါအဝင်ပင် ဖြစ်သည်။

■

(၂၃)

'နန်းတွင်းအမှုထမ်းခွင့် ရွေးချယ်ပွဲ'မှာ အဖွဲ့ဝင် ငါးဦးပါသည့် နန်းတွင်းအရာရှိ အမတ်ငါးဦးက ရွေးချယ်စိစစ်ရသည်။

ပါဝင်ရွေးချယ်ခံမည့် လူငယ်သည်-

(က) သတ်မှတ်ထားသည့် အသက်အရွယ် ရှိရမည်။

(ခ) ပေစာရေးတတ်၊ ဖတ်တတ် ရှိရမည်။

(ဂ) အတတ်ပညာ တစ်ခုခု တတ်ရမည်။

(ဃ) စီရင်စုအကြီးအကဲက ခေါ်ယူဆုံးမခြင်း ခံရဖူးသူ မဖြစ်ရ။

စသည့် အချက်အလက်တွေနှင့် ပြည်စုံပါက ဝင်ရောက်အရွေးချယ်ခံခွင့်ရှိသည်။

သို့သော်လည်းပဲ လူငယ်အားလုံးသည် အခြားနေရာတွေမှာ တန်းတူဖြစ်နိုင်သော်လည်း အချက် (ဂ)ဖြစ်သည့် အတတ်ပညာတစ်ခုခု တတ်ရမည်ဆိုသည့် နေရာမှာ ကွဲပြားသွားကြခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး မင်းမှုထမ်းဖြစ်ခွင့် ဆိုသည်မှာလည်း ထိုအချက်နှင့် ဆိုင်သည်ဟု အားလုံးက ယူဆထားကြလေသည်။

မည်သည့် အတတ်ပညာ တတ်ရမည်ဟု မပြောထားသော ကြောင့် ကြိုက်နှစ်သက်သည့် အတတ်ပညာတတ်နိုင်သည်။ သို့သော် ထိုအတတ်ပညာကို ကြည့်ပြီး နန်းတွင်းက အမတ်တွေက ကြိုက်ပြီ ဆိုမှ ခေါ်ယူမည် ဖြစ်သည်။

ထို့ကြောင့် နန်းတွင်းအမှုထမ်းခွင့် ရရန်အတွက် လူငယ်များမှာ နန်းတွင်းမှ ကြိုက်နှစ်သက်မည် ထင်သော အတတ်ပညာ တစ်ခုခုကို လေ့လာထားကြရခြင်းဖြင့် နန်းတွင်းအမှုထမ်းခွင့် ရရန် ပြင်ဆင်ထားကြလေသည်။

ယခုနှစ်အတွက် ရွေးချယ်ရေး အဖွဲ့ဝင် အမတ်များ စာရင်းကိုလည်း နန်းတော်မှ ထုတ်ပြန်ထားလေသည်။

၎င်းတို့မှာ-

(က) နန်းတွင်းရေးရာဝန်မင်းဦးဖျော့ (အကြီးအမှူး)

(ခ) အမတ်ဦးမင်းကျော်

(ဂ) အမတ်ဦးတဝေ

(ဃ) အမတ်ကလန်ငယ် (အမတ်ငယ် ရာထူးမှ နန်းတွင်း အမတ်ရာထူးသို့ တိုးပေးလိုက်သည့် အမတ်ငယ်ကလန်ငယ်)တို့ ဖြစ်ကြသည်။

■

(၂၄)

ရွာမှာ ထုံးစံအတိုင်း ဝေနေယျက ဝင်ပြိုင်မည်ဆိုသော ကြောင့် လုံထရွာသူရွာသားများက လှောင်ပြောင်ကြသည်။

မနှစ်ကလည်း မရတာ ဒီနှစ်လည်း ရမှာမဟုတ်ဟု အားလုံး က တွေးထင်ထားကြသည်။

ဝေနေယျကလည်း ဝေနေယျပင်။ မည်သို့ဆိုသော် နန်း တွင်းအမှုထမ်းခွင့်အတွက် အရေးကြီးသည်ဟုဆိုသည့် ‘အတတ် ပညာတစ်ခုခု တတ်ရမည်’ဆိုသည့်အချက်တွင် ဝေနေယျက ဘာမှ မလုပ်တတ်၊ မကိုင်တတ် လူစားမျိုးတစ်ယောက်သာ ဖြစ်သည်။

မနှစ်ကဆိုလည်း အတတ်ပညာ ဘာတတ်လဲဟု မေးသော အခါ ထင်းခုတ်တတ်ကြောင်း ပြန်ဖြေသဖြင့် ဝင်ခွင့်မရမှန်း အားလုံး သိနေကြသောကြောင့် ဒီနှစ်ဝေနေယျ ဝင်ပြိုင်မယ် ကြားသောအခါ ရွာထဲက လူများက-

www.burmeseclassic.com

www.burmeseclassic.com



"ဝေနေယျ၊ မင်း. . . ထင်းခုတ်တာအပြင် ဘာတတ်ပြီလဲ" ဟု ဝိုင်းပြီး နောက်ပြောင်ကြသည်။

ဝေနေယျကလည်း မှင်သေသေပင်။ သူလုပ်တတ်သည့် အလုပ်ကို လုပ်တတ်ကြောင်း ပြောသောကြောင့် ဘာမှပူစရာမလို ဟု တွေးထင်ထားသည်။

သို့သော်လည်း သူ့စိတ်ထဲ နည်းနည်းရှက်နေတာကိုတော့ သူ့ကိုယ်သူ သိနေသည်။

သူ့ကြီးတော်ကတော့ သူ့ကို တစ်ခွန်းတည်းသာ-

"နင်မရှက်ပေမယ့် ငါရှက်တယ်"ဟု ပြောလေ၏။

သို့သော်လည်း လုံထရွာတွင် နန်းတွင်းအမှုထမ်းရွေးချယ်ပွဲသို့ ဝင်ပြိုင်သူမှာ သူတစ်ယောက်တည်းသာ ဖြစ်သောကြောင့် တချို့က ဝေနေယျ ဘက်မှနေပြီး "သူများကိုသာ ပြောနေတယ် သူတို့ကျတော့ ဝင်မပြိုင်ဘူး"ဆိုပြီး ပြန်ပြောကြသောကြောင့် ဝေနေယျမှာ နည်းနည်းခံသာနေသေးသည်။

ဝေနေယျမှာ နန်းတွင်းအမှုထမ်း ရွေးချယ်ပွဲကို ဝင်ပြိုင်ရန်အတွက် 'အတတ်ပညာ တစ်ခုခု သင်ရန်' စဉ်းစားဆုံးဖြတ်သေးသည်။

သို့သော် ဘာသင်လို့ သင်ရမှန်း မသိချေ။ သူတို့ဆီမှာတာ လယ်စိုက်တတ်၊ ကောက်စိုက်တတ်၊ ထင်းခုတ်တတ် စတာတွေကို အတတ်ပညာလို့ ထင်တာမဟုတ်ချေ။



အတတ်ပညာကို အိမ်တစ်အိမ် ဆောက်လုပ်တတ်၊ ကုန်စည် တွက်ချက်တတ်၊ မြင်းစီးခြင်း စတာတွေကိုပဲ အတတ်ပညာလို့ ထင်နေကြတာတွေက ဆိုးသည်။

ထိုအတတ်ပညာ တစ်ခုခု သင်ဖို့ကလည်း ဝေနေယျမှာ ဝါသနာမပါချေ။ ထို့ကြောင့် ဘာသင်ရမလဲဆိုပြီး အခြားလူများကို အကြံဉာဏ် တောင်းကြည့်သေးသည်။

တချို့က-

"သမားတော်လုပ်" ဟုဆိုသည်။

တချို့က-

"မင်းဝါသနာပါ စိတ်ဝင်စားတဲ့ အတတ်ပညာကို လုပ်" ဟု ပြောကြသည်။

ခက်တာက သူလည်း သူ့ကိုယ်သူ ဘာဝါသနာပါလို့ပါမှန်း မသိချေ။ **ဒီတိုင်းပြည်မှာတလည်း ကိုယ့်ဝါသနာ ပါရာထက် တိုယ်နဲ့ နီးစပ်ရာ၊ လွယ်တူရာ အလုပ်ကိုသာ လုပ်နေကြတာ** အများကြီးပဲ မဟုတ်လား။

ထိုသို့ စဉ်းစားရင်း စဉ်းစားရင်းနဲ့ပဲ ဘာမှဖြစ်ဖြစ်မြောက်မြောက် မတတ်ချေ။

ဒီလိုနဲ့ နန်းတွင်းအမှုထမ်း ရွေးချယ်ပွဲနေ့ကို ရောက်လာခဲ့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

ရွေးချယ်ပွဲကို မြောက်ဘက်မြို့တံခါး အနီးရှိ နန်းတွင်းမှ ဆောက်လုပ်ပေးထားသည့် ဓမ္မာရုံတွင် ကျင်းပလေသည်။ နှစ်စဉ် နှစ်တိုင်းလည်း ထိုနေရာမှာပဲ ကျင်းပလေ့ရှိခြင်း ဖြစ်သည်။

ရွေးချယ်ပွဲကို နံနက်ဦးပိုင်းမှာ စတင်၏။ ကျေးရွာ အသီးသီးမှ လူငယ်များသည် ဓမ္မာရုံထဲတွင် ပြည့်ကျပ်လျက် ရှိလေသည်။ ဓမ္မာရုံ အပြင်ဘက်တွင်လည်း ဆွေမျိုးများ၊ သူငယ်ချင်းများနှင့် ရပ်ရွာအသီးသီးမှ လာကြည့်သော သူများနှင့်လည်း စည်ကားနေလေသည်။

စစ်ဆေးမေးမြန်းမည့် နန်းတွင်းမှ အရာရှိများမှာ ဓမ္မာရုံ အတွင်းရှိ ငွေလဝန်းရောင် အဆောင်တော်ခန်းမှနေပြီး တစ်ဦးချင်းစီခေါ်ကာ စစ်ဆေးမေးမြန်းနေခြင်း ဖြစ်သည်။

ဝေနေယျလည်း အများနည်းတူ ဓမ္မာရုံထဲတွင် ထိုင်တာ



နာမည်ခေါ်မည့် အချိန်ကို စောင့်နေရ၏။

မနှစ်တုန်းက အတွေ့အကြုံ ရှိသောကြောင့် ဒီနှစ်မှာတော့ ထူးထူးခြားခြား စိတ်လှုပ်ရှားခြင်း မရှိပေ။

သူ့ဘေးနားမှာရှိသော လူငယ်များကတော့ . . . ယခုနှစ်မှ စပြီး ရွေးချယ်ပွဲကို ဝင်ပြိုင်ပုံရသည်။ အချင်းချင်း ဟိုပြောဒီပြော နှင့် နာမည်တစ်ခုခေါ်တိုင်း သူတို့လားဆိုပြီး ထထနားထောင်နေရတာနဲ့ပင် မောနေကြသည်။

ထို့ပြင် သူတို့ ပြောတဲ့စကားများတွင်လည်း . . . ယခုနှစ် အတွက် ရေပန်းအစားဆုံး လူငယ်သုံးဦး အကြောင်းလည်း မပါ မဖြစ်ပါ၏။ ဘာတွေမေးမှာလဲဆိုပြီး ခန့်မှန်းမေးခွန်းများ အကြောင်း လည်း ပါ၏။

တစ်ယောက်နဲ့တစ်ယောက် ငါကတော့ ဘာတတ်တယ်ဆို ပြီး ပြိုင်ဆိုင်ပြောနေတာတွေကိုလည်း ကြားရ၏။

ရွေးချယ်ပွဲ အခန်းထဲကနေ လူငယ်တစ်ယောက် ပြန်ထွက် လာတာကို တွေ့ရသည်။

လူတော်တော်များများ မေးမြန်းပြီး ဖြစ်သောကြောင့် ဓမ္မာရုံထဲတွင် ရွေးချယ်ပွဲ အခန်းထဲဝင်ရန် လူငယ်အနည်းငယ်သာ ကျန်တော့သည်။

ထိုင်စောင့်နေတာပင် အချိန်တော်တော် ကြာပြီဖြစ်သည်။

သူ့ဘေးနားက လူငယ်တစ်စု မတ်တပ်ထရပ်လိုက်တာကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။ နောက်ထပ်တစ်ယောက် နာမည်ကို ခေါ်လိုက်ပုံ ရသည်။

ရုတ်တရက် စဉ်းစားနေသောကြောင့် အော်ခေါ်သည့် နာမည်ကို မကြားရပဲ ဖြစ်နေသည်။

သူတို့နည်းတူ မတ်တပ်ထရပ်ပြီး နားထောင်မှသာ သေသေချာချာ ကြားရလေ၏။

"ဝေနေယျ. . . အထဲကိုဝင်မယ်"

■

(၂၆)

ခုနက စိတ်မလှုပ်ရှားပေမယ့် အခန်းထဲဝင်ခါနီးမှာတော့ နည်းနည်းတုန်လှုပ်လာ၏။

သို့သော်လည်း အားတင်းကာ အခန်းထဲ ဝင်လိုက်၏။

"ဝေနေယျလား"

"ဟုတ်. . . အဲ. . . မှန်ပါ့ ဘုရား"

ပြန်ထူးသည့် အသုံးအနှုန်းကို ချက်ချင်းပင် ပြင်ပြောရလေသည်။

"မနှစ်ကလည်း လာပြိုင်ဖူးတယ်မှတ်လား"

"မှန်ပါ့ ဘုရား"

မနှစ်ကလည်း နန်းတွင်းရေးရာ ဝန်မင်းဦးဖျော့ပင် အကြီးအမှူး လုပ်သောကြောင့် သူ့ကို မှတ်မိနေခြင်း ဖြစ်သည်။

"ဒါဆို ဒီတစ်နှစ်အတွင်းမှာ အတတ်ပညာတစ်ခုသာတတ်လို့

www.burmeseclassic.com

www.burmeseclassic.com



ထပ်ဖြိုင်တာပေါ့”

“ဟို. . .”

ဦးဖျော့၏ အမေးကြောင့် ဝေနေယျမှာ ဘာဖြေရမှန်းမသိ ဖြစ်နေသည်။

ကျန်အမတ်များမှာလည်း ဝေနေယျကိုသာ စူးစိုက်ကြည့်နေကြ၏။

“အတတ်ပညာကတော့ မနှစ်ကအတိုင်း ထင်းခုတ် ကျွမ်းကျင်တာပါပဲ ဘုရား”

“ဟေ. . . မောင်မင်းက ဒီတစ်နှစ်အတွင်း ဘာမှမသင်ယူပဲ လာပြိုင်ရသလား”

ဦးဖျော့၏ အပြစ်တင်သည့် လေသံကြောင့် ဒီတစ်နှစ်လည်း ငါလွဲပြန်ပြီဟု တွေးလိုက်မိသည်။

“ဟို. . . ကျွန်တော်မျိုးကြီးက ထင်းခုတ်တာမှာ သူများတွေထက် ပိုပြီးအချိန်မြန်မြန်နဲ့ ထင်း ပိုခုတ်နိုင်ပါတယ် ဘုရား”

သူ့မှာလည်း ဒါပဲထပ်ပြောစရာ ရှိသည်။

ဦးဖျော့ကတော့ ခေါင်းခါပြီး ကျန်တဲ့အမတ်များကို ကြည့်လိုက်၏။ သူ့မှာ မေးစရာမရှိတော့ပါဆိုသည့် သဘောဖြစ်သည်။

ကျန်တဲ့ အမတ်များကလည်း ဆက်လက်မေးမြန်းချင်တဲ့ပုံ မပေါ်ချေ။ ဝေနေယျလည်း သူ့ကိုမှတ်မိလို မှတ်မိငြား အမတ်ကလန်ငယ်ကို ပြုံးပြမိ၏။



အမတ်ကလန်ငယ်မှာ သူ့ကို မှတ်မိပုံပေါ်ချေ။ သို့သော်လည်း သူ့ကို တစ်ခုတော့ ဝင်မေး၏။

“မင်းက ထင်းခုတ်တာ ကျွမ်းတယ်ဆိုတော့ ဘယ်လောက်မြန်မြန် ခုတ်နိုင်တာလဲ”

“အရှင် တွေးထင်ထားတဲ့ အချိန်ထက် ပိုပြီး ကျွန်တော်မျိုး မြန်မြန်ခုတ်နိုင်ပါတယ် ဘုရား”

ကလန်ငယ်က မျက်လုံးတစ်ချက်ပင့်ပြီး ပြုံးစိစိ ဖြစ်သွား၏။

ထို့နောက်. . .

“ငါတို့နန်းတွင်းမှာက ထင်းခုတ်တာကို အလုပ်တစ်ခုလို့ မသတ်မှတ်ဘူးကွ၊ လူတိုင်းနီးနီး မင်း ခုတ်ပိုင်းသလောက်တော့ ခုတ်နိုင်ကြတာချည်းပဲ၊ **မင်းတို့လူငယ်တွေက အတတ်ပညာတစ်ခုကိုတော့ ဖြစ်ဖြစ်မြောက်မြောက် မသင်ချင်ဘူး၊ ကိုယ့်မှာရှိတာလေးပဲ တျေနပ်နေကြတယ်”**

ထို့နောက် သူ့ကို ဘယ်သူမှ ဆက်မမေးကြတော့ချေ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

အားလုံး စစ်မေးပြီးသော အချိန်တွင် ချက်ချင်းဆိုသလိုပင် ရွေးချယ်ခံရသော သူကို ကြေညာပေးလေ့ ရှိသည်။

ထိုအချိန်သည် အုံးအုံးကျွတ်ကျွတ် အဖြစ်ဆုံးအချိန် ဖြစ်သည်။ စိတ်လှုပ်ရှားစရာလည်း ကောင်းလှ၏။

ကြေညာချက်ကို နန်းတွင်းရေးရာ ဝန်မင်းဦးဖျော့က ဖတ်ကြားကာ ထုတ်ပြန်လေ့ ရှိသည်။

အခုလည်း ထိုအတိုင်းပင် ဖြစ်သည်။

ဝန်မင်းဦးဖျော့သည် အဆောင်တော်ထဲမှ ထွက်လာ၏။ သူ့နောက်တွင် ကျန်တဲ့ အမတ်များက ဝန်းရံကာ လိုက်ပါလာ၏။

အားလုံးမှာ ဓမ္မာရုံထဲတွင် ဝပ်တွားကာ ခစားလိုက်ကြသည်။

ဝန်မင်းဦးဖျော့က ခစားနေသူများ ရှေ့တွင် မတ်တတ်ရပ်



လိုက်၏။ ထို့နောက် လက်ထဲတွင် ကိုင်လာသော ပေလွှာကို ကြည့်ကာ-

"ယနေ့ နန်းတွင်းအမှုထမ်း ရွေးချယ်ခံရတဲ့သူတွေကို ကြေညာပါမယ်။ သုံးဦး ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ထိုသုံးဦးဟာ အခု ကြေညာပြီးတဲ့ အချိန်ကစပြီး တစ်ပြိုင်နက်တည်း နန်းတွင်းကို လိုက်ပါကာ အမှုထမ်းစေရမည်။ အမိန့်တော်။

အောက်ပါ (၃)ဦးအား နန်းတွင်းနေရာ ဌာနအလိုက် ယှဉ်တွဲပြီး နန်းတွင်းအမှုထမ်းအဖြစ် ရွေးချယ်ခန့်အပ်လိုက်သည်။

(က) စပါးပင်ရွာမှ နရတင် (မင်းကြီးပေလွှာများ ထိန်းသိမ်းရေးဌာန)

(ခ) အရှင်မင်းကြီး ပျော်ရွာမှ ခေါင်မင်း (နန်းတွင်းရေးရာဌာန)

(ဂ) အထက်ချောင်းရွာမှ ပေါက်လှ (နန်းတွင်းရေးရာဌာန)

တို့တွင် အမှုထမ်းစေရန် အရှင်မင်းကြီးကိုယ်စား ကျွန်ုပ် နန်းတွင်းရေးရာဝန်မင်းမှ အမိန့်ထုတ်ပြန်သည်။"

ထုတ်ပြန်ချက်ကို နားထောင်ပြီးနောက် ဝေနေယျမှာ သက်ပြင်းချလိုက်၏။ ဒီနှစ်လည်း သူမပါချေ။

ရွာက လူတွေကတော့ သူ့ကိုထပ်ပြီး လှောင်ပြောင်ကြပေဦးမည်။ အမိန့်တော် ကြေညာပြီးနောက် ဓမ္မာရုံပေါ်ကနေ ဆင်းဖွဲ့ပြန်သွားကြသော်လည်း ဝေနေယျမှာ စိတ်ပျက်လက်ပျက်ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေလိုက်၏။

ယခုအချိန်မှာ အိမ် မပြန်ချင်သေးပေ။ သူ့ချစ်သူကို လည်း သူမပါသည့် သတင်းကို မပြောချင်ပဲ ဖြစ်နေသောကြောင့် ဓမ္မာရုံပေါ်မှာပဲ ထိုင်မိနေခြင်း ဖြစ်သည်။

ခဏအကြာတွင် ဓမ္မာရုံပေါ်၌ လူရှင်းသွားလေ၏။

ထို့ကြောင့် ထောင့်တစ်ခုနားကို ပြောင်းကာ ဆက်လက် ထိုင်နေလိုက်သည်။

■

(၂၈)

ဝေနေယျသည် ညလူခြေတိတ်မှသာ ရွာကို ပြန်လာရဲ သည်။ ဒီနေ့တစ်နေ့လုံးလည်း သူ့ချစ်သူကို သွားမတွေ့ဖြစ်ပဲ ဓမ္မာရုံပေါ်မှာသာ ထိုင်နေဖြစ်သည်။

ညမှောင်ပြီဆိုမှသာ ဓမ္မာရုံပေါ်က ဆင်းပြီး မြို့တွင်းကို ဖြတ်ကာ ရွာကိုခြေကျင် လျှောက်ပြန်ခဲ့သည်။

သူရွေးမခံရတာကို တစ်ရွာလုံး သိနေလောက်ပြီဟု ဝေနေယျ ထင်မိသည်။ သူ့ချစ်သူရော၊ သူ့ကြီးတော်ပါ သူ့ကို ဘာပြောမလဲ။ ငါတို့ မပြောဘူးလား အလုပ်တစ်ခု လုပ်ပါတော့လားဆိုပြီး ပူညံ ပူညံတော့ လုပ်ပေဦးမည်။

ရွာသူရွာသားများကလည်း သူ့ကိုဝိုင်းပြီး ကဲ့ရဲ့ကြဦးမည်။ ပြောဆိုကြဦးမည်။ သူတို့ပြောသလိုပဲ အလုပ်တစ်ခုခု ဝင်လုပ်ရင် ကောင်းမလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် အတတ်ပညာ တစ်ခုခုကို ဝါသနာမပါလည်း တတ်အောင်လုပ်ပြီး နောက်နှစ် ဝင်ပြိုင်ရင် ကောင်းမလား။

အတတ်ပညာ တစ်ခုခုတတ်သော်လည်း ကိုယ့်ထက်တော်တဲ့လူတွေ ရှိနေရင် ဒီနှစ်လိုပဲ ရွေးချယ်မခံရဘဲ ဖြစ်နေဦးမည်ဆိုပြီး တွေးပူ မိနေပြန်သည်။

တွေးရင်းနဲ့ လမ်းလျှောက်လာရာ မကြာမီအချိန်တွင် မြို့ပြင် မြောက်ဘက်တံခါးကို ရောက်လာခဲ့၏။

မြို့တံခါးကနေ ထွက်ပြီး သူတို့ရွာကို ရောက်အောင် အတော်အတန် လမ်းလျှောက်ရပေဦးမည်။

ဒီအချိန်ဆိုပါက လူသွားလူလာ သိပ်မရှိသလောက် နည်းပါးသောကြောင့် ဝေနေယျအဖို့ အဆင်ပြေလှသည်။

ရှေ့က တောအုပ်တစ်ခု ဖြတ်ပြီးရင် သူတို့ရွာကို ရောက်ပြီဖြစ်သည်။

လမ်းသွားရင်း ခွေးအူသံအချို့ ကြားရသည်။

ဒီအချိန် ပြန်လာနေကျ ဖြစ်သောကြောင့် ဝေနေယျအဖို့ ထိုခွေးအူသံများက သိပ်မဆန်းလှပေ။

ပြီးခဲ့တဲ့ နှစ်တုန်းကတောင် ဒီအချိန် ပြန်လာရင်း ခွေးနှစ်ကောင် လက်ဖြင့် ယှက်နေသည့် နေရာမှာ တူးဖော် ပစ္စည်းတစ်ခု တွေ့ရှိခဲ့ဖူးတာကို သတိရမိလိုက်သည်။

ထိုစဉ် သူ့ရှေ့ခပ်လှမ်းလှမ်းကနေ လူတစ်ယောက် ဖြတ်



ပြေးသွားသည့် သဏ္ဌာန်ကြောင့် ဝေနေယျ ခြေလှမ်းများ ရပ်သွားလေ၏။

"အား"

"ဟင်"

လူတစ်ယောက် အော်သံကြောင့် ဝေနေယျမှာ ထိတ်လန့်သွားလေသည်။

ဘယ်သူလဲ၊ ဘာဖြစ်လို့လဲ။

လက်ထဲက မီးတုတ်ကိုကိုင်ကာ အော်သံကြားရာနေရာကို မှန်းဆပြီး မရဲတရဲ လျှောက်သွားလိုက်သည်။

သရဲလား။ သရဲတော့ မဖြစ်နိုင်လောက်ပါဘူး။ လူအော်သံကို သေသေချာချာ ကြားလိုက်ရတာပဲ။

ဝေနေယျသည် ခြေလှမ်းကို သတိထားလှမ်းရင်း ခဏအကြာတွင် ရှေ့ခပ်လှမ်းလှမ်းမှာ လူတစ်ယောက် လဲကျပြီး ညည်းညူအော်နေတာကို တွေ့လိုက်ရလေသည်။

လူတစ်ယောက်မှန်း သေချာသွားသောကြောင့် ဝေနေယျသည် ပြေးသွားကာ လဲကျနေသော လူကို သေချာကြည့်လိုက်၏။

"ဟင်. . . ဦးရွှေကြားပဲ"

သူတို့ လုံထရွာနှင့် ခပ်လှမ်းလှမ်း တောအုပ်ထဲတွင် တစ်ဦးတည်း နေထိုင်သည့် အဖိုးကြီး ဖြစ်သည်။

သားသမီး မရှိဘဲ တစ်ဦးတည်းနေပြီး လုံထရွာနှင့်လည်း

www.burmeseclassic.com



ပတ်ပတ်သက်သက် သိပ်မလုပ်သည့် အဘိုးကြီး ဖြစ်သည်။

သူတို့ လုံထရွာက လူတွေကတော့ ဦးရွှေကြားကို မရှိတော့ဘူးလို့တောင် ထင်ထားကြသည်။

သူကလည်း သူပင်။ ညဘက်မှသာ ထွက်လေ့ရှိပြီး နေ့ခင်းဘက်တွေမှာဆို သူနေသည့် တောအုပ်အတွင်းမှာသာ နေလေ့ရှိသည်။

သူလည်း တစ်ခေါက်ပဲ မြင်ဖူးလို့ မှတ်မိခြင်း ဖြစ်သည်။

"အင်း. . ."

ညဉ်းညူသံကြောင့် ဝေနေယျလည်း သတိပြန်ဝင်လာ၏။

ဦးရွှေကြားကို ကြည့်လိုက်သောအခါ ခြေထောက်မှာ ငုတ်စူးနေတာကို တွေ့ရ၏။

ညဘက် သွားရင်းလာရင်း မမြင်မကန်းနဲ့ စူးမိသွားပုံရသည်။

ထို့ပြင် လူတွေကို တွေ့လေ့တွေ့ထ မရှိသောကြောင့် လူလာနေတာကို မြင်ပြီး အထိတ်တလန့် ပြေးလွှားရင်း ငုတ်စူးမိပုံရသည်။

ခြေထောက်က သွေးတွေကလည်း တလဟော ထွက်နေ၏။

ဝေနေယျက-

"အဘ. . . သွေးတွေ ဒီအတိုင်းထွက်နေရင် မလွယ်ဘူး"



ဟု ပြောဆိုပြီး သူ့ရဲ့ပုဆိုးစ တစ်စကို ဖြဲပြီး ခြေထောက်တွင် စည်းပေးလိုက်၏။

ဒီအတိုင်း အဘိုးကြီးကို ထားခဲ့ပါက သွေးထွက်လွန်ကာ သေဆုံးသွားနိုင်သည်။ ထို့ကြောင့်-

"အဘ. . ကျွန်ုပ် အိမ်လိုက်ပို့ပေးမယ်"

ဟု ပြောလိုက်၏။

အဘိုးကြီးကတော့ နာကျင်မှုကိုသာ ကျိတ်မှိတ်ခံရင်း ဘာမှ မပြောနိုင်ဘဲ ဖြစ်နေသည်။

အဘိုးကြီး၏ လက်တစ်ဖက်ကို မကာ သူ့ပခုံးပေါ် တင်လိုက်၏။

"ရလား အဘ"

သူ့ကို ခေါင်းပြန်ညိတ်ပြသည်။

ထို့ကြောင့် ဝေနေယျသည် လက်တစ်ဖက်က မီးတုတ်ကို ကိုင်ရင်း အခြားလက်ကနေ အဘိုးကြီးကိုတွဲကာ အိမ်လိုက်ပို့ရန်အတွက် ဖြည်းဖြည်းချင်း တွဲလျှောက်လိုက်၏။

အဘိုးကြီး၏ အိမ်သည် ဒီနေရာကနေဆိုပါက သိပ်မသွားရတော့ချေ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

အိမ်ရှေ့တွင် မီးဖိုထားသော သစ်သားအိမ်လေး တစ်လုံးကို လှမ်းမြင်လိုက်ရသည်။ သေချာသည်။ ထိုအိမ်သည် ဦးရွှေကြား၏ အိမ်ဖြစ်သည်။

မည်သို့ဆိုသော် ဒီတောအုပ်ထဲတွင် ဦးရွှေကြားမှလွဲ၍ ဘယ်သူမှ လာရောက်နေထိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်။

"အဘ. . . အဆင်ပြေလား"

ခြေထောက်က သွေးများတစ်စက်စက် ကျနေပြီး အသက်ကလည်း ကြီးနေပြီ ဖြစ်သောကြောင့် မောဟိုက်နေပုံရသည်။

ခဏအကြာတွင် အိမ်ရှေ့ကို ရောက်သွားသောအခါ မီးဖိုနား၌ ကွပ်ပျစ်တစ်ခုကို တွေ့လိုက်ရ၏။

ထို့ကြောင့် သူ၏မီးတုတ်ကို ငြိမ်းကာ အဘိုးကြီးကို ကွပ်ပျစ်ပေါ်သို့ အသာလေး မှေးတင်လိုက်၏။



အဘိုးကြီးကလည်း အလိုက်သင့် မှေးထိုင် လှဲလျောင်းလိုက်သည်။

"အဘ. . . အဘအနာကို ထည့်ဖို့ ဆေးရှိလား"

"ဟင်"

အဘိုးကြီးက မျက်လုံးမှိတ်ထားရာမှ ဖွင့်ကြည့်ပြီး မေးသည်။

"ဆေး. . . ဆေးရှိလားလို့"

အဘိုးကြီးသည် ကွပ်ပျစ်ပေါ်ကနေ အားယူပြီး ကုန်းထသည်။

"အဘ ဘာလုပ်မလို့လဲ. . . ပါးစပ်ကပဲ ပြောလိုက်လေ၊ ကျွန်ုပ် ယူပေးမှာပေါ့"

"မဟုတ်ဘူး"

အသံက တိုးသော်လည်း ပီပြင်၏။

အဘိုးကြီးသည် ကွပ်ပျစ်ပေါ်ကနေ မြေကြီးပေါ်တွင် သူ၏လက်ညှိုးဖြင့် ထောက်ကာ အောက်ပါအတိုင်း ရေးလိုက်၏။

**Spirit (Alcohol)**

"အဲဒီလို ပုံစံပါတဲ့ ပုလင်းတစ်လုံးရှိတယ် ယူလာ ပေးပါ"

"အဲ့ဒါက ဘာကြီးလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူလည်း တစ်ခါမှ မမြင်ဖူးသောကြောင့် မေးလိုက်ခြင်း ဖြစ်သည်။ တုတ်ရှည်တွေ အကွေးတွေ ပူးထားတာနှင့် တူသည်။

"အဲ့ဒီပုံစံရေးထားတဲ့ပုလင်းသာ အရင်ယူလာပေးပါ"

"ဟုတ်. . . ဟုတ်ကဲ့"

ဝေနေယျလည်း ဆက်မမေးတော့ပဲ အဘိုးကြီးကို ကွပ်ပျစ်ပေါ် ပြန်အိပ်ခိုင်းလိုက်တာ အဘိုးကြီး၏ သစ်သားအိမ်ထဲကို လှမ်းဝင်လိုက်၏။

"ဟင်"

■

## (၃၀)

ထိုအချိန်တွင် ဘုရင်ကြီး၏ အိမ်ဆောင်တော်၌ ညဦးပိုင်း အရေးကြီးညီလာခံ ကျင်းပနေ၏။ ဘုရင်မင်းကြီး၊ မိဖုရားခေါင်ကြီး၊ အမတ်ကြီး ဘိုးဇင်နရ၊ ဝန်မင်းဦးသာဇံ၊ နန်းတွင်းရေးရာ ဝန်မင်းဦးဖျော့၊ အခွန်တော်ကောက်ခံရေးနှင့် ဘဏ္ဍာတော်ဆိုင်ရာ ဝန်မင်းဦးဝေါတို့သာ ကျင်းပရသည့် အရေးကြီးညီလာခံ ဖြစ်သည်။

ဆွေးနွေးရသည့် အကြောင်းအရင်းမှာ ဘုရင့်ဘဏ္ဍာတော်မှ ကြေးပြားများ လျော့နည်းလာခြင်းနှင့် နောက်ထပ် လအနည်းငယ်အတွင်း ဘုရင့်ဘဏ္ဍာတော် အခက်အခဲ ဖြစ်နိုင်သည့် အခြေအနေများကြောင့် ဖြစ်လေသည်။

ဘုရင့်နန်းတွင်းသည် တိုင်းသူပြည်သားများ ဆက်သသည့် အခွန်တော်များနှင့်သာ လှည့်ပတ်သုံးစွဲနေရခြင်း ဖြစ်သည်။

လစဉ် ကောက်ခံရရှိသည့် အခွန်တော်များဖြင့် ရပ်တည်

www.burmeseclassic.com

www.burmeseclassic.com



နေရသော်လည်း ဘုရင့်နန်းတော်မှာ ဖူလုံပိုလျှံသည်။

သို့သော် ယခု လအနည်းငယ် အတွင်းတွင် အခွန်တော်ဝင်ငွေများ လျော့ပါးလာ၏။

ထို့ကြောင့် နောက်လ အနည်းငယ်အတွင်း ဘုရင့်နန်းတွင်းသည် အခက်အခဲများဖြင့် ရင်ဆိုင်လာရနိုင်သောကြောင့် ဆွေးနွေးကြရခြင်း ဖြစ်သည်။

"အခွန်တော်တွေက ဘာဖြစ်လို့ နည်းသွားရတာလဲ"

ဘုရင်ကြီးက ဆိုင်ရာဝန်မင်းဦးဝေါကို လှမ်းမေးလိုက်၏။

"မှန်ပါ့ဘုရား. . . အခွန်တော် နည်းသွားရခြင်းမှာ တိုင်းပြည်တွင်း ရာသီဥတု မကောင်းသောကြောင့် သီးနှံများ အထွက်နှုန်း လျော့ကျခြင်း၊ အလုပ်အကိုင်များ ကျဆင်းနေသောကြောင့်ပါ ဘုရား"

"သူတို့ အလုပ်အကိုင် ကျဆင်းရတာနဲ့ အခွန်တော်ငွေ ကျဆင်းတာနဲ့ ဘာဆိုင်လို့လဲ. . . အလုပ်ကောင်းကောင်း မကောင်းကောင်း သတ်မှတ်ထားတဲ့ အခွန်တော်ငွေကို ဆက်သရမှာပေါ့"

မိဖုရားကြီးက ဝင်ပြောခြင်း ဖြစ်သည်။

မှူးမတ်များမှာ ဘာမှမလျှောက်တင်ရဲသောကြောင့် ခေါင်းကို ငုံ့ကာ ဝပ်တွားနေရ၏။

အခွန်တော်ငွေ အပြည့်အစုံ မရရှိပါက သူတို့နန်းတွင်းတွင် ကမောက်ကမ ဖြစ်နိုင်သည့်အရေးကို ဘုရင်ကြီးနှင့် မိဖုရားကြီးမှာ



တွေးပူနေပုံရသည်။

ဘယ်သူကမှလည်း အခွန်တော် နည်းသည့်အချိန်တွင် နန်းတွင်း အသုံးစရိတ်များ လျှော့ချသင့်ကြောင်း စသည်ဖြင့်လည်း အကြံမပေးရဲကြချေ။

ဘုရင့်တော်ဝင်မိသားစု အသုံးစရိတ်ကို လျှော့ချဖို့ ပြောဆိုဖို့ဆိုတာ ကိုယ့်သေတွင်း ကိုယ်တူးသလိုသာ ဖြစ်နေပေလိမ့်မည်ဟု အားလုံးက သိထားကြသည်။

"ကျုပ်က တိုင်းသူပြည်သားတွေကို မှန်မှန်ကန်ကန် အုပ်ချုပ်နေတာပဲ။ သူတို့တွေက အခွန်တော်ကိုတော့ တိတိကျကျ ဆက်သင့်တာပေါ့"

ဘုရင်ကြီးက ဒေါသသံနည်းနည်း စွက်ဖက်ပြီး ပြောလေ၏။

"နောက်ပိုင်းတွေလည်း သူတို့က အဆင်ပြေပြေမယ့်လည်း တို့ဘုရင်ကြီးကို အခွန်တော်တွေ မဆက်သရင်လည်း ရတာပဲဆိုပြီး ပြည်သူတွေစိတ်ထဲ စွဲသွားမှာ စိုးရိမ်တယ်။ ဒီတော့ ဒီတိစ္ဆကို အမိန့်တော် ထုတ်ပြန်ရမယ် မောင်မင်းတို့"

"မှန်ပါ့ ဘုရား"

ဘုရင်ကြီးသည် အခွန်တော်နှင့် ပတ်သက်သည့် အမိန့်တော်ကို ချက်ချင်းဆိုသလိုပင် ချမှတ်လေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

# (၃၁)

"ဟင်"

အဘိုးကြီးရဲ့ အိမ်ထဲမှာ တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဝေနေယျသည် တအံ့တသြဖြစ်သွားလေသည်။

မည်သို့ဆိုသော် တစ်အိမ်လုံးသည် သူတို့ခေတ်မှာ မတွေ့ရှိဖူးသည့် ပစ္စည်းများနှင့် ပြည့်နေသောကြောင့် ဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ တူးဖော်ပစ္စည်းတွေများလား၊ အဲဒါတွေ အားလုံး မီးရှို့ဖျက်ဆီးပြီးသွားပြီပဲ"

စိတ်ထဲရေရွတ်ရင်း တစ်အိမ်လုံးက ပစ္စည်းများကို လျှောက်ကြည့်နေမိသည်။

ပစ္စည်းများကို ကိုင်ကြည့်ရင်း တွေဝေနေ၏။

အဘိုးကြီးက ဒီပစ္စည်းတွေကို မီးရှို့တဲ့နေရာ သွားမအစ်တာလား။



ဒါမှမဟုတ် မီးရှို့ပွဲပြီးမှ တွေ့တဲ့ပစ္စည်းတွေလား။

တအံ့တသြလည်းဖြစ်ရင်း၊ စိတ်ထဲမှာလည်း ထိတ်လန့်နေမိ၏။ ထိုစဉ် သူ၏ မျက်လုံးများသည် ပစ္စည်းတစ်ခုစီသို့ ရောက်သွားပြီး-

"အို"

မျက်လုံးပြူးသွားကာ ဟုတ်မှဟုတ်ရဲ့လားဆိုပြီး ချက်ချင်း သံသယဝင်လာ၏။

ထိုပစ္စည်းနားကို တိုးကပ်ကြည့်လိုက်သည်။ ဟုတ်ပါသည်။ သေချာသည်။

"ဒါ. . . ငါရဲ့ ပစ္စည်းနဲ့အတူ ပျောက်သွားတဲ့ သေတ္တာ စိမ်းလေးပဲ"

ဝေနေယျရှေ့မှာ တွေ့နေရတဲ့ ပစ္စည်းလေးသည် သူ့ရဲ့ တူးဖော်ပစ္စည်းနှင့်အတူ မီးရှို့ပွဲမှာ ပျောက်သွားသောပစ္စည်းပင် ဖြစ်သည်။

"ဒါဆို ငါ့ပစ္စည်းလေးရော"

သေတ္တာသည် သူတွေ့ခဲ့သော ပစ္စည်းလေးဖြစ်ပါက ထို သေတ္တာနှင့်အတူ သူ၏ပစ္စည်းလေးလည်း ရှိရမည် ဖြစ်သည်။

ထို့ကြောင့် တစ်အိမ်လုံးရှိ ပစ္စည်းများထဲမှ သူ၏ပစ္စည်းကို တွေ့လိုတွေ့ငြား ရှာကြည့်လိုက်လေ၏။

မတွေ့ချေ။ စင်ပါ်မှာ တင်ထားသော ရှည်ရှည်မျောမျော

www.burmeseclassic.com

www.burmeseclassic.com



ပုံစံများပေါ်တွင် ကပ်ထားသော အဘိုးကြီး ရေးပေးလိုက်သည့် ပစ္စည်းကိုသာ တွေ့ရလေသည်။

ထိုအခါမှပဲ အဘိုးကြီးကို သတိရသွားပြီး ထိုပစ္စည်းကို ယူကာ အပြင်ဘက်ကို ခပ်မြန်မြန် ပြန်ထွက်လာခဲ့၏။

■

(၇၂)

“အခုဖြစ်နေတဲ့ အခြေအနေကိုကြည့်ခြင်းအားဖြင့် ကျုပ်တို့ နန်းတွင်းဟာ ပြည်သူတွေရဲ့ အခွန်တော်နဲ့ ရပ်တည်နေရတာ သိပ်တော့ မဟုတ်သေးဘူးလို့ တွေးမိတယ် ဝန်မင်းတို့ရဲ့”

“မှန်ပါ့ ဘုရား”

“သူတို့ပေးမှ ကျုပ်လိုဘုရင်အဖို့ စားရသောက်ရတဲ့ဘဝ ဖြစ်နေတယ်။ ဟုတ်ရဲ့လား ဝန်မင်းတို့ရဲ့”

“အရှင်မင်းကြီး တွေးတာ မှန်ကြောင်းပါ ဘုရား”

“ကျုပ်တို့ တစ်ခုခုတော့ စဉ်းစားသင့်ပြီ ထင်တယ်။ အကြံဉာဏ်လေးတွေ ဘာတွေ မရှိကြဘူးလား ဝန်မင်းတို့၊ အမတ်ကြီးတို့ရဲ့”

ဘုရင်ကြီးက ခစားနေသော နန်းတွင်း အမတ်များထံ ကနေ တစ်ခုခုကို အကြံရလိုရငြား သိချင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းသူပြည်သားတွေက စိတ်ချရတာမဟုတ်။ သေချာတာ တစ်ခုခုတော့ စဉ်းစားထားရပေမည်။

"ကျွန်တော်မျိုး အရှင်မင်းကြီးကို တစ်ခုလောက်တော့ လျှောက်တင်ချင်ပါတယ် ဘုရား"

"စကားပလ္လင်ခံမနေစမ်းပါနဲ့ ဦးသာဖဲရဲ့၊ မြန်မြန်လျှောက်တင်စမ်းပါ"

"အရှင်မင်းကြီး ခွင့်ပြုမယ်ဆိုပါက မြန်မာနိုင်ငံတော်ထဲက အကြောင်းအရာတစ်ခုကို လျှောက်တင်ပါရစေဘုရား"

မြန်မာနိုင်ငံတော်ဆိုသော လျှောက်တင်ချက်ကြောင့် ဘုရင်ကြီးနှင့်အတူ အားလုံးမှာ တုန်လှုပ်သွားလေ၏။

သူတို့ နန်းတွင်းနှင့်အတူ ဘိန်မာပြည်တစ်ပြည်လုံးက မေ့လျော့ထားသည့် တူးဖော်တွေ့ရှိခဲ့သည့် မြန်မာနိုင်ငံတော်ကြီးပင် မဟုတ်ပါလား။

"ယခုဆွေးနွေးနေတဲ့ကိစ္စနဲ့ ဆိုင်လို့လား ဦးသာဖဲ"

"မှန်ပါ့ ထည့်သွင်းစဉ်းစားရမယ့် အချက်တစ်ချက်အနေနဲ့ အရေးကြီး လျှောက်မလို့ပါ ဘုရား"

"ဒါဆို မြန်မြန်လျှောက်တင်စမ်း"

"မှန်ပါ့ဘုရား. . . ကျွန်တော်မျိုးတို့ ၂၀၁၄ မြန်မာနိုင်ငံတော်ကို တူးဖော်ခဲ့တုန်းက သိရှိခဲ့တဲ့ အချက်တစ်ချက်ပါဘုရား"

"ဘာများတုန်း ဦးသာဖဲ"



"အဲဒီခေတ်က အုပ်ချုပ်သူလူတန်းစားတွေမှာ ပြည်သူတွေရဲ့ အခွန်ငွေအပြင် ကိုယ်ပိုင်လုပ်ငန်း၊ ကိုယ်ပိုင်ဝင်ငွေတွေဆိုတာ ရှိပါတယ် ဘုရား၊ စစ်တပ်ဆိုရင် စစ်တပ်ပိုင်လုပ်ငန်းတွေ၊ ဝန်ကြီးဌာနတွေမှာလည်း ဝန်ကြီးဌာနပိုင်လုပ်ငန်းတွေဆိုတာ ရှိပါတယ် ဘုရား။ သူတို့တွေ တော်တော်လေးလည်း ကြွယ်ဝစွာရှိခဲ့တယ်လို့လည်း ယူဆရပါတယ်ဘုရား"

"မောင်မင်းဆိုလိုချင်တာက. . ."

"ကျွန်တော်တို့ နန်းတွင်းလည်း ပြည်သူတွေရဲ့ အခွန်တော်အပြင် နန်းတွင်းပိုင်လုပ်ငန်းတွေကို ထူထောင်ပြီး ဘုရင်ကြီးနဲ့ နန်းတွင်းအင်အား တောင့်တင်းလာအောင် ထူထောင်သင့်ပါတယ်ဘုရား။ သို့မှသာ မည်သူရဲ့မျက်နှာကိုမှ မထောက်ရှုဘဲ နန်းတွင်းက အသာစီးရမှာပါဘုရား"

ညီလာခံတစ်ခုလုံး တိတ်ဆိတ်သွားလေသည်။ ညသည် အပြင်၌ မှောင်အား ကောင်းနေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

နောက်တစ်နေ့ နံနက်တွင် ဘုရင့်နန်းတော်မှ အမိန့်တော်ပြန်တမ်းကြောင့် ရွာပေါင်း (၂၁)ရွာလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

အမိန့်တော်မှာ ပြတ်သားရှင်းလင်းလှသည်။

**'သတ်မှတ်ထားသည့် အခွန်တော်ငွေကို မည်သည့် အကြောင်းကြောင့်မှ ပျက်ကွက်ခြင်း၊ လျှော့နည်းစွာပေးခြင်း မရှိစေရ၊ ပျက်ကွက်ပါက မင်းပြစ်မင်းဒဏ် သင့်စေရမည်'** ဟူ၍ ဖြစ်သည်။

အခြားနှစ်များတွင် အခွန်တော် အပြည့်အဝ သွင်းခဲ့ပြီး ဒီနှစ်တွင်မှ ရာသီဥတု မကောင်းခြင်းနှင့် သီးနှံအထွက်နှုန်းများ လျော့နည်းခြင်းကြောင့် ဘိန်မာပြည်သူများမှာ အခွန်တော် လျော့နည်းခြင်း ဖြစ်သည်။



ဤသည်ကို ဘုရင်မင်းကြီးက ယခုလို အမိန့်တော် ထုတ်ပြန်သောကြောင့် တချို့က မကျေနပ် ဖြစ်ကြသည်။

တချို့ကတော့ ဘုရင်ကြီးနှင့် နန်းတော်ကို မဝေဖန်ရဲလို့လားမသိ။ အခွန်တော် အပြည့်အဝ သွင်းနိုင်ရန်အတွက်သာ ကြိုးစားနေကြလေသည်။

သို့သော် စိတ်ထဲမှာတော့ မကျေမနပ် ဖြစ်နေကြ၏။ အခွန်တော်ငွေများ မပြည့်မီသောကြောင့် အခြားပိုလျှံနေသော လူများထံကနေ ကြေးပြားများ ချေးငှားကြ၏။

တချို့က ဆန်စပါး အခွန်တော် ငွေသွင်းရမှာ ဖြစ်သောကြောင့် ပိုလျှံနေသော သူများထံကနေ ဆန်စပါး ချေးငှားကြ၏။

ဤသို့ဖြင့် ရွာတိုင်းရွာတိုင်းတွင် ချေးယူသူနှင့် ချေးငှားသူ ဟူသော ပုံစံတစ်ခု ပေါ်ထွန်းလာလေ၏။

ထို့ပြင် နောက်(၂)ရက်ခန့် ကြာသောအခါ အောက်ပါ နန်းတွင်းတံဆိပ်နှင့်အတူ စာတန်းတစ်ခုပါသည့် ဆိုင်များ၊ လယ်ယာမြေများ ပေါ်ထွန်းလာလေ၏။




www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းက ယခုလိုလုပ်တာကို ပြည်သူတွေက နားမလည်နိုင်ပဲ ဖြစ်နေကြသည်။ သူတို့သည် အခွန်လည်း ပုံမှန်ဆက်သ၏။

ထုတ်ကုန်ပစ္စည်းများကိုလည်း လစဉ် ပိုပိုသာသာလေးလည်း နန်းတွင်းသို့ ပို့ပေးရ၏။

ယခု (နန်းတွင်းပိုင်) တံဆိပ်တပ်ထားသည့် ဆိုင်များ၊ လယ်ယာများ မည်သို့ပေါ်ပေါက်လာရသနည်း။

ဘုရင်ကို အပြစ်မမြင် တတ်ကြသော ဘိန်မာပြည်သူပြည်သားများသည် တို့ဘုရင်ကြီးက အမြော်အမြင်ရှိလို့ လုပ်တာပဲ ဆိုပြီး နောက်ဆုံးတွင် လက်ခံလိုက်ကြလေ၏။

သို့သော် ထိုသို့ လက်ခံလိုက်မှုသည် သူတို့အတွက် အမှားကြီးများကြောင်း နောက်မှ သိရလေတော့သည်။

မည်သို့ဆိုသော် နန်းတွင်းပိုင်ဆိုင်မှုများ ပေါ်ပေါက်လာသောကြောင့် ပြည်သူများ၏ ဆိုင်များသည် ရောင်းအားကျလာ၏။

ထို့ပြင် နန်းတွင်းပိုင် ယာမြေများတွင် ထွန်ယက်စိုက်ပျိုးရန်အတွက် အလုပ်သမားများကို နန်းတွင်းက ဈေးကြီးပေး ငှားရမ်းသောကြောင့် သာမာန်ပြည်သူများ၏ လယ်မြေများတွင် အလုပ်လုပ်သူများ မရှိတော့သောကြောင့် လယ်ယာလုပ်ငန်းလည်း ကျဆင်းလာ၏။

အဆိုးဆုံးမှာ အရင်တုန်းက မြေရိုင်းများကို ကြိုက်တဲ့သူ ခုတ်ထွင်ရှင်းလင်းပြီး လုပ်ကိုင်နိုင်သော်လည်း ယခုအခါတွင်



ဘုရင့်အမိန့်တော် ဖြင့် မည်သူတစ်ဦးတစ်ယောက်ကမျှ နန်းတော်ကို မလျှောက်တင်ပဲ မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းကာ မိမိကိုယ်ပိုင် မပြုလုပ်ရဆို သည့် အမိန့်တော်ပြဋ္ဌာန်းလိုက်ခြင်းပင် ဖြစ်သည်။

ဤသို့ဖြင့် ဘုရင့်နန်းတွင်းသည် ဘိန်မာပြည် တစ်ပြည်လုံးကို တစ်စတစ်စ တင်းကျပ်စွာ ထိန်းချုပ်လာလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၄)

ဝေနေယျသည် နေ့ခင်းပိုင်းတွင် အိမ်ထဲမှာသာ အနေများပြီး ညဘက်ပိုင်းမှသာ ရွာအပြင် ထွက်လေ့ရှိသည်။

ထွက်သည့်အခါတွင်လည်း တောအုပ်ထဲမှာရှိသည့် အဘိုးကြီး ဦးရွှေကြားဆီကိုသာ သွားလေ့ရှိသည်။

ရွာက လူတော်တော်များများက အခုတလော ဖြစ်ပျက်နေသည့် ကိစ္စများဆီကို အာရုံရောက်နေကြသောကြောင့် သူ့အကြောင်းကို သိပ်မပြောကြချေ။ မဝေဖန်ကြချေ။

သူကသာ ရှက်ပြီး အပြင်မထွက်ပဲနေခြင်း ဖြစ်သည်။

သူ့ချစ်သူဆီကိုလည်း မသွားဖြစ်ပေ။

ဦးရွှေကြားဆီကိုတော့ ညတိုင်းလိုလို ရောက်ဖြစ်သည်။ ဦးရွှေကြား ဒဏ်ရာပျောက်အောင် ကုသပေးရင်း ဦးရွှေကြားဆီမှာ သူစိတ်ဝင်စားသည့် အကြောင်းအရာများ ရှိနေသောကြောင့် ရောက်ဖြစ်နေခြင်း ဖြစ်သည်။



ရက်အနည်းငယ် ကြာသောအခါ ဦးရွှေကြားလည်း ဒဏ်ရာက ပြန်လည်သက်သာလာပြီး ထူထူထောင်ထောင် ဖြစ်လာသည်။

ထို့ကြောင့် ဝေနေယျလည်း သူသိချင်တာများကို မမြိုသိပ်နိုင်တော့ပဲ မေးမိလေသည်။

"အဘ ဒါတွေကို ဘယ်ကရတာလဲ၊ မီးရှို့ပွဲကို သွားမပေးဘူးလား"

"သွားပေးတယ်"

"ဟင်. . . ဒါဆို၊ ဒါတွေက ဘယ်ကဟာတွေလဲ"

"မီးရှို့ပွဲမှာ မီးမရှို့တဲ့ ပစ္စည်းတွေကို သယ်ယူထားတာ"

"ဘယ်လို"

ဝေနေယျမှာ ဦးရွှေကြားစကားကြောင့် ရှုပ်ထွေးသွားလေသည်။

"မင်းက ငါတို့သွားပေးတဲ့ ပစ္စည်းတွေ အကုန်လုံးကို နန်းတော်က မီးရှို့ပစ်တယ် ထင်လို့လား"

"သူတို့က အကုန်လုံးကို မီးရှို့တာ မဟုတ်ဘူးလား"

"မဟုတ်ဘူးကွ. . . တော်တော်များများကို ယူထားတယ်"

"ဘယ်သူက ယူထားတာလဲ အမတ် ကလန်ငယ်တို့လား"

သူသွားပေးခဲ့တဲ့ ပစ္စည်းလေး ပျောက်သွားတာကို ချက်ချင်းပဲ သတိရလိုက်သည်။

"အဲဒါတော့ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့ အဲဒီပစ္စည်းတွေကို သူတို့က ယူထားတာလဲ"

"အဲဒါလည်း ငါ မသိဘူး"

"ဘုရင်မင်းကြီးက မသိဘူးလား"

"နန်းတွင်းကိစ္စတွေကို ငါတို့ပြည်သူတွေမှ မသိတာ"

ဟုတ်တော့တုတ်သည်။ ဦးရွှေကြားအနေနဲ့ နန်းတွင်းကိစ္စတွေကို ဘယ်လိုမှ မသိနိုင်။

"ဒါနဲ့. . . ဒီပစ္စည်းတွေ ရှိတာကို အဘ ဘယ်လိုလုပ်သိလဲ"

"ပစ္စည်းအပ်တဲ့နေ့မှာ တစ်ညလုံး ငါစောင့်ကြည့်နေတာပေါ့ကွ၊ အဲဒီမှာ ညဉ့်အတော်နက်တဲ့ အချိန်မှာ ကလန်ငယ်နဲ့ သူ့လူတွေက ပစ္စည်းတွေကို ရွှေ့နေတာ တွေ့ရတော့တာပဲ"

"ဘယ်ကိုရွှေ့တာလဲ"

"နန်းတော် အပြင်ဘက်မှာရှိတဲ့ အိမ်လေးတစ်လုံးထဲကို ယူသွားကြတာ တွေ့ရတာပဲ"

"အခု ဒီပစ္စည်းတွေက အဲဒီအိမ်ကနေ အဘ ခိုးထားတာလား၊ ပစ္စည်းတွေ လျော့သွားတော့ သူတို့က မသိဘူးလား"

"ငါယူခဲ့တဲ့ ပစ္စည်းက နည်းနည်းလေးဆိုတော့ သူတို့ မသိနိုင်ပါဘူး၊ သူတို့တွေ အိပ်တဲ့အချိန်မှာ ဝင်ယူလာတာ"

"ဟင်. . . တစ်ခု၊ နှစ်ခုသာ ပြောတယ်၊ အဘ အိမ်မှာတော့ ပစ္စည်းတွေ အများကြီးပဲ"



"အဲ့ဒါက. . . ငါနေတဲ့ ဒီအိမ်နားမှာ တူးလို့တွေ့ရတဲ့ပစ္စည်းတွေပါ။ သူတို့တောင် သိမ်းထားသေးတာပဲ၊ ငါလည်း အားနေတာနဲ့ တူးပြီး လေ့လာနေတာ"

"ကလန်ငယ်က ဘာဖြစ်လို့ အဲ့ဒီပစ္စည်းတွေ ဝှက်ထားတာလဲ မသိဘူး"

ထိုစကားကိုတော့ ဝေနေယျက သူ့ဘာသာသူ ရေရွတ်လိုက်ခြင်း ဖြစ်သည်။

ဦးရွှေကြားကတော့ သူ့စကားကို မကြားတော့ပဲ 'တူးဖော်ပစ္စည်းများ'နဲ့ အလုပ်ရှုပ်နေတော့၏။

သူ့ကိုလည်း သူသိသမျှတွေကို တစ်ခုချင်းစီ ရှင်းပြနေလေ၏။

"ဒီပစ္စည်းလေးက ထူးဆန်းတယ်ကွ၊ ဒါလေးနှိပ်လိုက်တာနဲ့ အလင်းတန်းတစ်ခု ထွက်ထွက်လာတယ်၊ အဲဒီခေတ်က လူတွေသုံးတဲ့ မီးတစ်မျိုးနဲ့ တူတယ်ကွ"

ဝေနေယျကိုလည်း လုပ်ကြည့်ရန် တိုက်တွန်းသည်။

ဝေနေယျလည်း သူပြောသည့်နေရာကို နှိပ်ကြည့်ရာ အလင်းတန်းတစ်ခု ထွက်လာသောကြောင့် လန့်ဖျန့်သွားလေ၏။

"ဒါနဲ့. . . အဘကို တစ်ခုမေးရဦးမယ်"

"ဘာလဲ"

"အဘ ၄တ်စူးတုန်းက မြေကြီးပေါ်မှာ ရေးပြတာ

www.burmeseclassic.com

www.burmeseclassic.com



ဘာလဲဗျ”

“ဩော်. . . အဲဒါကို အင်္ဂလိပ်စာလို့ ခေါ်တယ်ကွ၊ ငါ တောင် လေ့လာလို့ တော်တော်တတ်နေပြီ”

“ဘာလဲဗျ. . . အင်္ဂလိပ်စာဆိုတာ”

“ငါတို့ အခုရေးနေတဲ့ စာလိုပဲကွာ၊ အခြား နောက်တစ်မျိုး စာပေါ့”

“အဲ့ဒီခေတ်က လူတွေရေးတဲ့ စာပေါ့”

“အဲ့ဒီလိုပဲ ဆိုရမှာပေါ့”

“အဘက ဘယ်လိုလုပ်တတ်တာလဲ”

“ဒီမှာကွ. . . အဲ့ဒီစာအုပ်တွေကနေ လေ့လာတာ”

ဟုဆိုပြီး စင်ပေါ်ကနေပြီး လှမ်းဆွဲကာ စာအုပ်များကို တစ်ခုချင်း ထုတ်ပြသည်။

ပထမဆုံးတွေ့ရသည့်စာအုပ်မှာ အထူကြီးဖြစ်ပြီး စာအုပ်ပေါ်၌ ‘အင်္ဂလိပ်-မြန်မာ’အဘိဓာန်ဟု ရေးထားလေ၏။

“အဲ့ဒီ အင်္ဂလိပ်စာကြောင့်ပဲ အဲ့ဒီခေတ်က ပစ္စည်းတော် တော်များများကို လေ့လာလို့ ရတာကွ၊ ဘာဖြစ်လို့လဲဆိုတော့ ပစ္စည်းတွေရဲ့ အကြောင်းအရာ တော်တော်များများကို အင်္ဂလိပ်လို ရေးထားတာလေ”

“ကျွန်တော့်ကိုလည်း အဲ့ဒီဟာ သင်ပေးပါလား”

■

(၃၅)

ဘုရင့်နန်းတွင်း ညအိပ်ဆောင်တွင် ဘုရင်ကြီးနှင့် မိဖုရားကြီးတို့သည် အခွန်တော် ကောက်ခံရေးနှင့် ဘဏ္ဍာတော်ဆိုင်ရာ ဝန်မင်းဦးဝေါ ဖတ်ကြားတင်သွင်းသည့် အခွန်တော်စာရင်းနှင့် နန်းတွင်းပိုင် လုပ်ငန်းများမှ ဝင်ငွေကြေးပြား စာရင်းများကို ပြုံးပြုံးရွှင်ရွှင်ဖြင့် နားထောင်နေလေ၏။

ကျန်သည့် ဆိုင်ရာအမတ်နှင့် ဝန်မင်းများကလည်း ခစားနေကြ၏။ သို့သော်လည်း အတွင်းအစည်းအဝေး ဖြစ်သောကြောင့် အမတ်ကြီးဘိုးဇင်နရ၊ ဝန်မင်းဦးသာဖဲ၊ နန်းတွင်းရေးရာ ဝန်မင်းဦးဖျော့တို့သာ ခစားနေကြခြင်း ဖြစ်သည်။

ဦးဝေါ၏ ဖတ်ကြားတင်သွင်းမှု ပြီးသွားသောအခါ ဘုရင်ကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်ပြီး-

“အခုလို နန်းတွင်းဘဏ္ဍာတော်တွေ တိုးတာဟာ အမတ်

www.burmeseclassic.com

www.burmeseclassic.com



မင်းတွေရဲ့ ကြိုးစားအားထုတ်မှုက အဓိကကျတယ်၊ နောက်ပြီး ဝန်မင်း ဦးသာဇံရဲ့ အကြံဉာဏ်ကလည်း ကောင်းတဲ့အတွက် အားလုံးကို ဆုလာဒ်တော်တွေ ချီးမြှင့်မယ်”ဟု မိန့်တော်မူပြီး အမတ်များနှင့် ဝန်မင်းအားလုံးကို သက်ဆိုင်ရာ အဆင့်အတန်းအလိုက် တစ်ဦးချင်းစီ ချီးမြှင့်သည့် ကြေးပြားစာရင်းများကို အမိန့်ချမှတ်သည်။

ပြီးနောက် ဘုရင်မင်းကြီးက အမတ်ကြီးများအား-

“ပြည်သူပြည်သားတွေနဲ့ ပတ်သက်ပြီး ဘာတွေ ကြားကြသေးလဲ ဝန်မင်းတို့”

ဟုဆိုပြီး မေးမြန်းလိုက်၏။

ထိုအခါ အားလုံးမှာ တစ်ဦးကိုတစ်ဦးကြည့်ပြီး ငြိမ်သက်သွားလေ၏။

ဘယ်သူမှ မလျှောက်တင်ဘဲ ရှိနေသောကြောင့် မင်းကြီးမှာ-

“ဟဲ့. . . ဝန်မင်းတို့ ကျုပ်မေးနေတယ်လေ”

“မှန်ပါ့ ဘုရား”

“ဘယ်လိုဖြစ်လို့ မဖြေကြတာလဲ”

အမတ်ကြီး ဘိုးဇင်နရက-

“မှန်ပါ့ဘုရား. . . အရှင်မင်းကြီး အခုလို အခွန်ကို မင်းမိန့်တော်နဲ့ ကောက်တာတွေ၊ နန်းတွင်းပိုင်တွေ လုပ်တာတွေကြောင့်



ပြည်သူတွေ ပြောဆိုကြတာတွေတော့ ရှိပါတယ်ဘုရား”

“ဘာတွေပြောကြလဲ”

“အသေးစိတ်တော့ မသိပေမယ့်၊ နန်းတွင်းကို မကောင်းပြောကြတာ ပိုများပါတယ် ဘုရား”

“သယ်. . . သင်းတို့ကပဲ ကျုပ်ကို ပြောရတယ်ရှိသေး၊ ကျုပ်က ဒီတိုင်းပြည်ကို အုပ်ချုပ်လာတာ နှစ်ပေါင်းများစွာ ရှိပြီ၊ တိုင်းပြည် အေးအေးချမ်းချမ်းရှိဖို့၊ အဆင်ပြေစေဖို့ အစစအရာရာ လုပ်ခဲ့တာပဲ အခုလို ကျုပ်ကိုတော့ ပြန်ပေးဆပ်ရမှာပေါ့၊ ဘယ်နှယ့်”

ဘုရင်ကြီးမျက်နှာမှာ ခက်ထန်ပြီး ဒေါသထွက်နေလေ၏။

မိဖုရားကြီးကလည်း-

“သူတို့ကပဲ ရာရာစစ နန်းတော်ကို အပြစ်ပြောဆိုချင်သလေး ဘာလေးနဲ့၊ သူတို့တွေ ဘာတွေ ပြောဆိုကြတယ်၊ ဘာတွေ လုပ်နေကြတယ်ဆိုတာကို ချက်ချင်းသိချင်တယ် အဘဘိုးဇင်နရ”

ဘိုးဇင်နရမှာ မိဖုရားကြီးရဲ့ စကားသံကြောင့် တုန်လှုပ်သွားပြီး-

“မယ်မယ်ကြီးဘုရား၊ သူတို့ပြောဆိုချက်တွေကိုတော့ အသေးစိတ် မသိပါဘူးဘုရား၊ သူတို့ရဲ့ မျက်နှာအနေအထားတွေ ပြန်လည်ဆက်ဆံပုံတွေကိုပဲ ကြည့်ပြီး ပြည်သူတွေ နန်းတွင်းကို မကျေမနပ် ဖြစ်နေတယ်ဆိုတာကို တွက်မိတာပါ ဘုရား”

“အို. . . ဘာပဲဖြစ်ဖြစ်လေ၊ သူတို့က နန်းတွင်းကို အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



လို လုပ်စရာလား"

အိပ်ဆောင်တော် ညီလာခံသည် ဒေါသသံတွေဖြင့် လွှမ်းမိုးလာလေ၏။

"သူတို့ ဘာလုပ်လုပ် ကျုပ်တို့က ကြောက်စရာ မလိုပါဘူး။ ကျုပ်က ဘုရင်ပဲ. . . ကျုပ်အမိန့်တော်အတိုင်း ပြည်သူတွေ လိုက်နာရမှာပေါ့"

"မှန်ပါ့ဘုရား"

အသံများ ငြိမ်သက်သွားပြန်သည်။

■

(၃၆)

"တစ်ခုတော့ လျှောက်တင်ပါရစေ ဘုရား"

ဝန်မင်းဦးသာဇံ၏ လျှောက်တင်သံ ဖြစ်သည်။

"လျှောက်တင်စမ်း"

"အရင်ခေတ်တွေတုန်းကလည်း ပြည်သူတွေက မကျေမနပ်ဖြစ်လို့ ဆူပူတဲ့ အဖြစ်အပျက်တွေလည်း ဖြစ်ဖူးပါတယ် ဘုရား"

"ဘယ်တုန်းကလဲ"

"နှစ်ပေါင်းတော်တော်ကြာပါပြီ ဘုရား"

"မြန်မာပြည်ခေတ်တုန်းက ပြောတာလား"

"မှန်ပါ့ ဘုရား"

"ဟဲ့. . . အဲဒီတုန်းက၊ အဲဒီတုန်းကပေါ့၊ အခုက ကျုပ်ခေတ်လေ၊ ဘယ်သူက ဘယ်လိုလုပ်ရဲမှာလဲ"

"အဲဒါတော့ အဲဒါပေါ့ ဘုရား၊ သတိဆိုတာ ပိုတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး၊ ပြီးတော့ အခုထိ လက်ခံနေတဲ့ ဆိုရိုးလည်း ရှိတယ်မှတ်လား ဘုရား"

"ဘာလဲ"

"သမိုင်းဆိုတာ တစ်ပတ်လည်တတ်တယ်ဆိုတာပါ ဘုရား"

ထိုစကားကြောင့် ဘုရင်ကြီးနှင့် မိဖုရားကြီးတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ဝန်မင်းဦးသာဇံ၏ စကားကြောင့် နည်းနည်းထိတ်လန့်သွားပုံလည်း ပေါ်သည်။

"အခု ဘိန်မာပြည်သက္ကရာဇ်က ခရစ်နှစ် ၂၉၈၈ ခုနှစ်ထဲမှာပါ ဘုရား"

"အင်း. . . အဲဒီတော့"

"မြန်မာပြည်ခေတ်တုန်းကလည်း ၁၉၈၈ ခုနှစ်မှာ လူထုအုံကြွမှုတွေ ဖြစ်ခဲ့တယ်ဆိုပြီး လေ့လာတွေ့ရှိရပါတယ် ဘုရား၊ ဒီတော့ဟာ အဲဒီတုန်းက ဖြစ်ပျက်ခဲ့တာဟာ ယခု ၂၉၈၈ ခုနှစ်ဆိုရင် အဲဒီလိုဖြစ်ခဲ့တာ နှစ်ပေါင်း ၁၀၀၀ တိတိဆိုတာ တွေ့ရပါတယ် ဘုရား၊ ဒါဟာ သမိုင်းတစ်ပတ် ပြန်လည်ဖို့ အဖြစ်နိုင်ဆုံး အခြေအနေပါ ဘုရား"

"ဒါပေမဲ့ ကျုပ်ရဲ့ ပြည်သူတွေက အဲဒါတွေကို မသိဘူးမှတ်လား"

"မသိကြပါဘူး ဘုရား"



"ဒါဆို မဖြစ်နိုင်လောက်ပါဘူး၊ ပူစရာတော့ သိပ်မရှိပါဘူး"

ဘုရင်ကြီး၏ စကားကြောင့် ဝန်မင်းဦးသာဇံမှာ ဘာမှဆက်မလျှောက်တင်တော့ပဲ ငြိမ်သက်သွား၏။

ထိုစဉ် ဘုရင်ကြီးသည် တစ်စုံတစ်ခုကို တွေးမိသွားပုံရပြီး-

"ခက်တာက ကျုပ်တို့နန်းတွင်းက ပြည်သူတွေ ဘာတွေလုပ်နေတယ်၊ ဘာတွေကြံစည်နေကြတယ် ဆိုတာ မသိတဲ့အတွက် ရုတ်တရက် တစ်ခုခုဖြစ်ခဲ့ရင် နန်းတွင်းပဲ ထိခိုက်မှာပဲ ဝန်မင်းတို့ရဲ့"

ဟုဆိုပြီး ဘုရင်ကြီးက စိုးရိမ်တကြီး မိန့်တော်မူလေ၏။

"မှန်ပါ့ဘုရား၊ ပြည်သူတွေ ဘာတွေလုပ်နေတယ်၊ ကြံစည်နေကြတယ် စသဖြင့် သူတို့လှုပ်ရှားမှုတွေကို နန်းတွင်းက အဆက်မပြတ် သိမှပဲ နန်းတွင်း လုံခြုံရေးက စိတ်ချရမှာပါဘုရား"

"ဟုတ်ပေတယ်၊ အဲ့ဒီကိစ္စက အရေးကြီးတယ်၊ ဒီတော့ နန်းတွင်းက လူတွေကို ပြည်သူတွေကြားမှာ ရောနှောလွှတ်ပြီး သူတို့ကြားသိတာတွေကို နန်းတွင်း သတင်းပို့ခိုင်းရင်ရော"

"နန်းတွင်းက လူတွေကို ပြည်သူတွေက တစ်ယောက်မကျန် သိကြပါတယ် ဘုရား၊ ထို့ပြင် တစ်ချို့ နန်းတွင်း အမှုထမ်းတွေဟာ ပြည်သူတွေထဲက လာတဲ့အတွက် စိတ်မချရပါဘူးဘုရား"

"အေး. . . အဲဒါလည်း ဟုတ်ပေသားပဲ"

ညီလာခံတစ်ခုလုံး ထိုပြဿနာကို အတွေးရကျပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ဘုရင်ကြီးက ဝန်မင်းဦးသာဖံဘက်လှည့်ကာ-

"ဝန်မင်းရော အကြံဉာဏ်လေးဘာလေး မရဘူးလား"

"စဉ်းစားထားတာတစ်ခုတော့ ရှိပါတယ် ဘုရား"

"လျှောက်တင်လေ၊ ဘာဖြစ်လို့ နှုတ်ဆိတ်နေတာလဲ"

"ဒီလိုပါ အရှင်မင်းကြီးဘုရား၊ အရှင်မင်းကြီး အမိန့်တော်ကြောင့် ကျွန်တော်မျိုး ဦးစီးပြီး ၂၀၁၄ မြန်မာနိုင်ငံတော် တူးဖော်တွေ့ရှိတဲ့ ပစ္စည်းတွေကို လေ့လာခဲ့တာ အချိန်အတော်ကြာပါပြီ ဘုရား"

"ဟုတ်ပေတယ်လေ"

"လေ့လာမှု ကြာလာတာနဲ့အမျှ မြန်မာနိုင်ငံခေတ်တုန်းက ပစ္စည်းတွေဟာ ထူးဆန်းမှုတွေအပြည့်နဲ့ဆိုတာ တွေ့ရပါတယ် ဘုရား။ မှော်အတတ်ပညာတွေနဲ့ ဆင်ထားတယ်လို့တောင် တစ်ခါတစ်ခါ ထင်ရပါတယ် ဘုရား၊ ဒီတော့. . . ဘုရား. . ."

"အင်း. . ."

"တိုင်းသူပြည်သားတွေရဲ့ ကိစ္စတိုင်းကို သိဖို့အတွက် မြန်မာပြည်ခေတ်တုန်းက ပစ္စည်းတချို့နဲ့ တပ်ဆင်ထားတဲ့ အခန်းတစ်ခုတို့ အရှင်မင်းကြီးကို ပြသချင်ပါတယ် ဘုရား"

"ဘာအခန်းမို့လို့လဲ"

"အခန်းကိုတော့ လျှို့ဝှက်ချက်မရှိတဲ့ အခန်းလို့ အမည်ပေးထားပါတယ် ဘုရား"



"ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com

## (၃၇)

မုန့်ကိုင်းရွာလူကြီးအိမ်တွင် ဖြစ်သည်။

အိမ်အပေါ်ထပ်တွင် မုန့်ကိုင်းရွာလူကြီးအပြင် အနီးအနားရွာက လူကြီးများဖြစ်သော အောက်ချောင်းရွာလူကြီး၊ ခြေဆင်းရွာလူကြီးနှင့် အုတ်မိုင်းဖိုရွာလူကြီးတို့သည် စကားစမြည် ပြောဆိုနေကြ၏။

ညမှောင်မှောင် ဖြစ်သောကြောင့် ဆီမီးခွက်၏အလင်းကို အသုံးပြုပြီး ရေနွေးကြမ်းလေးနှင့် အသားခြောက်ကို မြည်းတာ စကားပြောနေကြခြင်း ဖြစ်သည်။

“ကျုပ်တို့ ဘုရင်ကြီးကလည်း ဒီနှစ်မှ ဘယ်လိုဖြစ်လဲ မသိဘူးဗျာ၊ ကျုပ်တို့ တိုင်းပြည်အပေါ် တင်းကျပ်လာသလိုပဲ”

အုတ်မိုင်းဖိုရွာလူကြီးက ပြောလိုက်ခြင်း ဖြစ်သည်။

“တင်းကျပ်လာသလို မဟုတ်ဘူးဗျ၊ တင်းကိုတင်းကျပ်လာ



တာ”

ခြေဆင်းရွာလူကြီးကလည်း ဝင်ထောက်သည်။

“ဟုတ်ပါ့ဗျာ၊ ဘုရင်ကြီးအမိန့်တွေက ဒီထက်ဆိုးလာရင် မလွယ်ဘူး”

“တကယ်ဆို ကျုပ်တို့ပေးတဲ့ အခွန်တွေနဲ့ ဘုရင်ကြီးနန်းတွင်းမှာ လုံလောက်ပါတယ်။ အခုတော့ နန်းတွင်း ပိုင်အလုပ်တွေ လုပ်နေတော့ ကျုပ်တို့အတွက် တယ်ခက်သွားတာပဲ”

“တစ်ခုတော့ ရှိတယ်”

မုန့်ကိုင်းရွာလူကြီးရဲ့ စကားကို အားလုံးက စိတ်ဝင်စားသွားကြသည်။

“ဘာတစ်ခုတုန်း”

“ဒီလိုလေ နန်းတွင်းပိုင်ဆိုင်တွေ၊ လယ်တွေမှာ ကျုပ်တို့ရွာတွေက လူတွေ မဝယ်ဖို့၊ မလုပ်ဖို့ တိုးတိုးတိတ်တိတ် စည်းရုံးထားမယ်ဆိုရင် ဘုရင့်နန်းတွင်း အလုပ်တွေ အဆင်မပြေ ဖြစ်သွားရင် နောက်ဆုတ်သွားနိုင်တယ်ဗျ”

“လုပ်တာတော့ လုပ်လို့ ရပါတယ်၊ ဒါပေမဲ့ လုပ်အားခတွေကို ပိုပေးတယ်၊ ပြီးတော့ နန်းတွင်းဆိုင်တွေက ကျုပ်တို့ပြည်သူတွေရဲ့ ဆိုင်တွေထက် ဈေးပိုချိုတော့ တယ်ပြီး စည်းရုံးဖို့ ခက်တော့ ခက်တယ်၊ ဘုရင်ကြီးကလည်း ဈေးချိုချိုနဲ့ ရောင်းနိုင်မှာပေါ့၊ ကျုပ်တို့ ပြည်သူတွေရဲ့ ကြေးပြားတွေ၊ ပစ္စည်းတွေနဲ့ အရင်းပြုထားတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုး၊ ဘယ်လောက်မြတ်မြတ်၊ အမြတ်ကြီးပဲကိုးကွ”

မှန်ကိုင်းရွာလူကြီးရဲ့ မိသားစုအားလုံး အိပ်ရာဝင်နေကြပြီဖြစ်သည်။ ထို့ကြောင့် အိမ်ရှေ့တွင် သူတို့လူကြီးလေးဦးသာ ရှိနေကြသည်။

အပြင်ဘက်မှာလည်း တိတ်ဆိတ်နေပြီး ညကလည်း မှောင်နေ၏။ အားလုံး ဒီမှာ ညအိပ်ကြမည် ဖြစ်သောကြောင့် အေးအေးဆေးဆေး စကားပြောနေကြခြင်း ဖြစ်သည်။

အရင်တုန်းကလည်း ထိုသို့ပင် ညအိပ်ညနေလာပြီးတော့ စကားပြောလေ့ ရှိကြသောကြောင့် အိမ်သူအိမ်သားများကလည်း အထူးအဆန်းလုပ်ကာ နားမထောင်နေကြတော့ပဲ အိပ်ရာဝင်နေကြခြင်း ဖြစ်၏။

“ဒါကတော့ ကိုယ့်ရွာ ကိုယ်နိုင်အောင် ထိန်းရမှာပေါ့ဗျ”

“နန်းတွင်းက သိသွားရင် ဘယ်လိုလုပ်မလဲ”

“မသိနိုင်ပါဘူး၊ ကိုယ့်ဘာသာကိုယ် တိတ်တိတ်ဆိတ်ဆိတ်လုပ်ရင်၊ ကျုပ်တို့ လေးယောက်ကလွဲပြီး ဘယ်သူမှသိမှာ မဟုတ်ဘူး တစ်ယောက်ရလည်း တစ်ယောက်၊ နှစ်ယောက်ရလည်း နှစ်ယောက် စပြီး စည်းရုံးကြည့်ရမှာပဲ၊ ဒါမှ ကျုပ်တို့အတွက် အဆင်ပြေမှာဗျ အခုတောင် ကျုပ်ဆိုင်လေး ရောင်းအားကျနေတာ ၁၀ ရက်ကျော်ကျော် ရှိပြီ”

ထိုသို့ဖြင့် နီးစပ်ရာလူများဖြင့် စတင်ကြရန် သဘောတူ



ကြလေ၏။

ညဥ့်နက်သည်အထိ ထိုအကြောင်းကိုပဲ ဆက်ဆွေးနွေးကြပြီးနောက် အိပ်ချင်လာကြသောကြောင့် အသီးသီး အိပ်ရာဝင်ခဲ့ကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

"အဖေ . . . အဖေ ထပါဦး"

"ဟေ . . . ဘာဖြစ်လို့လဲ"

"အိမ်ရှေ့မှာ နန်းတွင်းကလူတွေ ရောက်နေလို့"

"ဘာ"

မုန်ကိုင်းရွာလူကြီးသည် မနက်စောစောစီးစီး သူ့သမီး လာနှိုးသောကြောင့် အိပ်ရာမှ ကမန်းကတန်းထပြီး အိမ်ရှေ့ကို ပြေးထွက်လာခဲ့သည်။

သူ့သမီး ပြောသည့်အတိုင်းပင် အိမ်ရှေ့တွင် နန်းတွင်းမှ လူများ ရောက်နေကြ၏။ ချက်ချင်းဆိုသလိုပင် မြေပြင်ပေါ်တွင် ခစားလိုက်ပြီး-

"ကျွန်တော်မျိုးကြီးက မုန်ကိုင်းရွာလူကြီးပါ ဘုရား"

"ကျန်တဲ့ ရွာလူကြီးတွေရော၊ မောင်မင်းအိမ်မှာ ညက



ရောက်နေတဲ့ ရွာလူကြီးတွေကို ပြောတာ"

"ဟို . . ."

အပြင်က အသံများကြောင့် အိမ်ရှေ့တွင် အိပ်နေကြသော ရွာလူကြီးသုံးယောက်မှာလည်း နိုးလာကြပြီး နန်းတွင်းက လူများကို တွေ့လိုက်ရသောကြောင့် ကပြာကယာပင် မြေကြီးပေါ်မှာ ခစား လိုက်ကြသည်။

"မောင်မင်းတို့ လေးယောက်လုံးကို နန်းတွင်းကို ဖမ်းဆီး ခေါ်ဆောင်သွားဖို့ အမိန့်တော်ပါတယ်"

"ဗျာ . . . ကျွန်တော်၊ ကျွန်တော်မျိုးတို့ ဘာလုပ်လို့ပါလဲ ဘုရား"

မုန်ကိုင်းရွာလူကြီးမှာ ထိတ်လန့်သွားပြီး စကားများပင် တုန်နေလေသည်။

ကျန်လူကြီးများမှာလည်း သူတို့ ဘာမှားမှားလို့လဲဆိုတာ ကို ပြန်တွေးနေရင်း နန်းတွင်းအရာရှိကိုသာ ငေးကြည့်နေမိလေ သည်။

"ဘုရင်ကြီးကို အကြည်ညိုမဲ့စေတဲ့ စကားတွေ၊ ဘုရင်ကြီး ရဲ့ အကျိုးစီးပွားကို ဖျက်လိုဖျက်ဆီး ကြံစည်တဲ့အတွက်ကြောင့် အခုလို လာဖမ်းရတာပါ"

"ဟင်"

ရွာလူကြီးလေးဦးမှာ ဘာမှမပြောနိုင်ပဲ စွံ့အသွားကြလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

လာရောက်ဖမ်းဆီးသော နန်းတွင်းအရာရှိမှာ ဘယ်သူက ဘာစကားပြောသည်၊ ဘယ်သူက ဘယ်လိုထောက်ခံသည် စသဖြင့် ညက သူတို့ ပြောခဲ့သည့် စကားတွေအတိုင်း ပေရွက်ကြည့်ပြီး ရွတ်ပြနေသောကြောင့် ပိုပြီးအံ့သြနေကြလေသည်။

သူတို့ထဲက တစ်ယောက်ယောက်များ သစ္စာဖောက်ပြီး နန်းတွင်းကိုများ ပြောလေသလား။ ဒါလည်း မဖြစ်နိုင်။ အခု လေးယောက်လုံးပင် အဖမ်းခံနေပြီ မဟုတ်ပါလား။

ဒါဆို သူ့မိသားစုထဲက တစ်ယောက်ယောက်များလား။ မိသားစုအချင်းချင်းတော့ လုပ်မယ်မထင်ချေ။

ဒါမှမဟုတ် သူတို့ပြောနေတဲ့ စကားတွေကို အခြားလူ တစ်ယောက်ကများ ကြားလို့များလား။

သူတို့ရွာတွေသည် ညဘက် လူသွားလူလာ သိပ်မရှိချေ။ ရှိပါကလည်း အိမ်ထဲက ပြောစကားများကို အပြင်ကလူက သဲသဲကွဲကွဲ ကြားရမည် မဟုတ်ချေ။

သူတို့ တွေးမရခင်မှာပဲ နန်းတွင်းက လူများက သူတို့ လေးယောက်ကို ဖမ်းချုပ်လိုက်ကြလေသည်။

ထို့နောက် ချက်ချင်းဆိုသလိုပင် နန်းတော်ရှိရာသို့ ခေါ်ဆောင်သွားကြလေသည်။

■

## (၃၉)

ထိုသတင်းသည် ရွာ (၂၁)ရွာလုံးကို ချက်ချင်း ပျံ့နှံ့သွားလေ၏။ တချို့က တစ်ယောက်ယောက် သစ္စာဖောက်လိုက်သည်ဟု ထင်ကြသည်။

တချို့ကတော့ ဘုရင်ကြီး ဘယ်လိုသိသွားလဲဆိုတာကို တွေးနေကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် ထိုကိစ္စသည် အဖြေရှာမရသည့် ပုစ္ဆာတစ်ခု ဖြစ်နေလေသည်။

“ဘာပဲဖြစ်ဖြစ် ရွာလူကြီးလေးယောက်ရဲ့ စကားတွေက သိပ်မှန်တယ်၊ သူတို့ ပြောတဲ့အတိုင်း နန်းတွင်းက အလုပ်တွေ၊ ဝယ်ယူဖို့တွေကို စွန့်လွှတ်သင့်တယ်”

လူတစ်ယောက်က လူအုပ်ကြီးအတွင်း၌ အော်ဟစ်ပြောဆိုလိုက်၏။

ခဏအကြာတွင် ထိုလူရှိရာသို့ နန်းတွင်းကလူများ ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာကြပြီး ထိုသို့ ပြောဆိုသောသူကို ဖမ်းခေါ်သွားကြပြန်၏။

ထိုအခါ အားလုံးမှာ ထိတ်လန့်သွားကြလေသည်။

သူတို့နှင့် စကားပြောနေပြီး သိပ်မကြာခင်မှာပဲ လာရောက်ဖမ်းခေါ်သွားသောကြောင့် သူတို့ထဲမှ လူတစ်ယောက်ယောက်က နန်းတွင်းကို သွားရောက်ပြောဆိုခြင်းမှာ လုံးဝမဖြစ်နိုင်သောကြောင့် ဖြစ်သည်။

"နန်းတွင်းက ဘယ်လိုလုပ်သိတာလဲ"

ထိုအမေးသည် လူအားလုံး၏ စိတ်ထဲတွင် အထူးအဆန်းဖြစ်နေကြတော့၏။

ထို့ပြင် ရွာတိုင်းရွာတိုင်းတွင်လည်း ဘုရင်ကြီးနှင့် နန်းတွင်းအကြောင်းကို ဝေဖန်ပြောဆိုမိပါက ထိုသူကို ခဏတွင်းချင်း လာရောက်ဖမ်းဆီးသောကြောင့် ဘုရင်ကြီးနှင့် နန်းတွင်းအကြောင်းကို မပြောဆိုရဲကြတော့ပဲ ကြောက်လန့်လာကြလေတော့၏။

သူတို့ ရွာသူရွာသားတွေ ကြားထဲမှာပဲ ဘုရင့်နန်းတွင်းက လူတွေ ရုပ်ဖျက်ပြီး လွှတ်ထားတာလား။

ကိုယ့်ရွာသားအချင်းချင်းကို သိပေမယ့် သူတို့တွေကို ဘုရင့်နန်းတွင်းက တိတ်တဆိတ် ခေါ်ယူပြီး ရွာထဲက အဖြစ်အပျက် အသေးစိတ်တွေကို ပြန်လည်လျှောက်တင်ဖို့ ခိုင်းထားတဲ့ လူတွေလားဆိုပြီး တစ်ဦးနဲ့တစ်ဦး သံသယဖြစ်လာကာ မပြောရဲ မဆိုရဲဖြစ်လာကြလေသည်။



ကိုယ့်မိသားစု အချင်းချင်းပင် ရဲရဲဝံ့ဝံ့ မပြောနိုင်ကြတော့ဘဲ ဘိန်မာပြည်တစ်ပြည်လုံးမှာ အကြောက်တရားများနှင့် ပြည့်နှက်နေတော့သည်။

ထိုအတောအတွင်း ဝေနေယျမှာလည်း ဦးရွှေကြားဆီကို နေ့စဉ်သွားကာ အင်္ဂလိပ်စာ သင်ယူနေ၏။

ဦးရွှေကြား မသိသေးသည့် ရွာတွင်း အဖြစ်အပျက်များကိုလည်း ဝေနေယျက ပြန်လည်ပြောပြရ၏။

"အဘ"

"ဟေ"

"ဘုရင်ရဲ့နန်းတွင်းက ဘယ်လိုလုပ် နန်းတွင်းအကြောင်း ပြောတာတွေကို သိနေရတာလဲ"

"ငါလည်း မသိဘူးလေ"

"ဒါပေမဲ့ သူတို့ကို ချိုးမွမ်းပြောဆိုရင်တော့ လာမဖမ်းဘူးဗျ"

"ကဲပါကွာ. . . မင်း အင်္ဂလိပ်စာသင်မှာ မှတ်လား ဆက်သင်စမ်းပါ"

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၀)

ဖမ်းဆီးခံရသော ရွာလူကြီးလေးယောက် ပြန်လွှတ်လာ၏။ တစ်ကိုယ်လုံး ရောင်ကိုင်းနေပြီး ဒဏ်ရာဒဏ်ချက်များဖြင့် ပြန်ရောက်လာလေသည်။

ထို့ပြင် နန်းတော်မှလည်း အမိန့်တော်တစ်ခု ထုတ်ပြန်လိုက်၏။ အမိန့်တော်မှာ-

"အရှင်ဘုရင်ကြီးနှင့်တကွ နန်းတော်အတွင်းမှ ပြုလုပ်သော လုပ်ငန်းဆောင်တာများကို ဖျက်လိုဖျက်ဆီး ပြုလုပ်ခြင်း၊ ပြောဆိုခြင်း၊ ကြံစည်ခြင်းများ ပြုလုပ်ပါက ယခု ဖမ်းဆီးခံရသော ရွာလူကြီးများအား နမူနာယူပြီး ထိုအတိုင်းပင် ရိုက်နှက်ခံရမည်။ ထို့ထက်ပို၍ ဆိုးရွားပါက မင်းပြစ်မင်းဒဏ်သင့်ကာ သေဒဏ်ကျသင့်ခံရမည်။ အမိန့်တော်"

ဟူ၍ ဖြစ်သည်။



အားလုံးမှာ ရွာလူကြီးလေးဦး၏ ပုံစံကိုကြည့်ပြီး ထိတ်လန့်သွားကြလေ၏။ တချို့ကလည်း ဘုရင်ကြီးနှင့် နန်းတွင်းက အပြုအမူများကို မကျေနပ်ကြသော်လည်း ထုတ်ဖော်မပြောဆိုရဲကြတော့ပေ။

မခံနိုင်သော သူများက ပြောဆိုမိသည့်အခါတွင် ချက်ချင်းဆိုသလို လာရောက်ဖမ်းဆီးသောကြောင့် ဘုရင့်နန်းတွင်းမှာ ချက်ချင်းသိနိုင်သည့် တန်ခိုးများ ရှိနေသလားဆိုပြီး အားလုံးတွေးထင် ယုံကြည်လာကြလေ၏။

အများနည်းတူ ဝေနေယျမှာလည်း သိချင်နေ၏။

သို့သော် အခြားသူများကလည်း သူ့ကို ရှိတယ်လို့တောင် မထင်ကြတော့ အခြားလူများနဲ့ စကားမပြောဖြစ်ဘဲ ဦးရွှေကြားအိမ်ကို နေ့တိုင်းလာပြီး ဦးရွှေကြားနှင့်သာ စကားပြော ဖြစ်နေသည်။

တစ်နေ့ ဦးရွှေကြားနဲ့ စကားပြောရင်း-

"ရှင်ဘုရင်ကြီးက အခုနောက်ပိုင်း မကောင်းတော့ဘူး"

ဟု ပြောမိလိုက်၏။ ပြောပြောမိချင်း ထိတ်လန့်သွားလေသည်။

ဘုရင်ကြီး မကောင်းကြောင်း ပြောလိုက်မိသောကြောင့် သူ့ကို လာဖမ်းတော့မည်ဟု တွေးကာ ထိတ်လန့်သွားသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည်က ညနေစောင်းတဲ့အထိ သူ့ကို လာမဖမ်းချေ။

"အမှန်ဆို နန်းတွင်းက ဒီအချိန်မှာ သူပြောတာကို သိနေလောက်ပြီ"

ဟုဆိုပြီး ဦးရွှေကြားကိုလည်း ပြောလိုက်မိ၏။

ဦးရွှေကြားကတော့ စာအုပ်တစ်အုပ်နှင့် အလုပ်ရှုပ်နေလေသည်။

ထိုနေ့က နန်းတွင်းက လာမဖမ်းသောကြောင့် သူတို့မအားသဖြင့် နောက်နေ့မှ လာမည်ဟု တွေးထင်လိုက်ပြီး နောက်နေ့ စောင့်နေသော်လည်း သူ့ထံကို မလာချေ။

ထို့ကြောင့် ဝေနေယျမှာ စိတ်ဝင်စားသွားပြီး ဦးရွှေကြားအိမ်မှာပဲ ဘုရင်ကြီးနှင့် နန်းတွင်း မကောင်းကြောင်းကို တစ်ခုခုထပ်မံပြောဆိုလိုက်ပြန်၏။

ထို့နောက် ခဏစောင့်ကြည့်နေပြန်သည်။

နန်းတွင်းက ရောက်မလာချေ။

ရွာထဲမှာဆိုပါက ဒီအချိန်ဆို နန်းတွင်းကလူများ ကျိန်းသေလာမည် ဖြစ်သည်။ အခု ဦးရွှေကြားအိမ်မှာ ပြောဆိုတဲ့ စကားတွေကို နန်းတွင်းက မသိဘူးလား။ ဖြစ်တော့ ဖြစ်နိုင်သည်။

နောက်ထပ် သုံးလေးခါက် စမ်းသပ်ပြီးသောအခါတွင် ဦးရွှေကြားအိမ်မှာ ဘယ်လိုပဲပြောပြော နန်းတွင်းက မသိဆိုသည့်



အချက်ကို ယုံကြည်သွားလေသည်။

"ဘာဖြစ်လို့ ဒီအိမ်မှာ ပြောတာကို နန်းတွင်းက မသိတာလဲ မသိဘူး"

ဦးရွှေကြားကိုပင် မေးမိလိုက်သည်။

ဦးရွှေကြားက-

"ဒါအကြောင်းမဲ့တော့ မဟုတ်နိုင်ဘူး၊ နန်းတွင်းကလူတွေ မြန်မာပြည်ခေတ်က ပစ္စည်းတစ်ခုခုများ သုံးလားမသိဘူး"

"ဘာပစ္စည်းလဲ"

"အဲဒါတော့ မသိဘူး"

"အင်းလေ ဘယ်လိုပဲ၊ ဘာတွေသုံးသုံး၊ ကျုပ်တို့ ဘိန်မာပြည်တွင်းမှာတော့ သူတို့အကြောင်းကို မပြောရဲ မဆိုရဲ ဖြစ်နေကြပြီ"

■

www.burmeseclassic.com

www.burmeseclassic.com

(၄၁)

"ပြည်သူတွေ ဘယ်လိုလဲ မောင်မင်းတို့"

"ငြိမ်သွားပါပြီ ဘုရား၊ ဘယ်သူမှ မဟုတ်တာ မကြံစည်ရဲတော့ပါဘူး ဘုရား"

"ဒီလိုပဲ ဖြစ်ရမှာပေါ့လေ"

"မှန်ပါ့ ဘုရား"

"မြန်မာပြည်ခေတ်က ပစ္စည်းတွေက တယ်အသုံးဝင်သားပဲ"

"မှန်ပါတယ် ဘုရား"

"ငါကိုယ်တော် တွေးမိတာ တစ်ခုရှိသေးတယ် မောင်မင်းတို့ရဲ့"

"မှန်ပါ့ ဘုရား"

"တကယ်လို့များ ရွာ (၂၁)ရွာလုံးမှာ နန်းတွင်းအရာရှိနဲ့



နန်းတွင်းအမှုထမ်းအချို့ကို ရွာတွေမှာထားပြီး သူတို့ကို စောင့်ကြည့်ဖို့ ထားထားရင် မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား၊ မြန်မာပြည်ခေတ်တုန်းကလည်း အဲဒီလိုပုံစံ လုပ်ဖူးတာလည်း တွေ့ရပါတယ် ဘုရား"

"အင်း. . . သူတို့ခေတ်ကို ကျုပ်တို့ လိုက်အတုယူရမှာပဲ မောင်မင်းတို့။ ဒါမှ ကျုပ်တို့အတွက် လုံခြုံစိတ်ချရမှာ"

"မှန်ပါတယ် ဘုရား"

"အဲဒီတော့ ဒီကိစ္စကို မောင်မင်းတို့ အမြန်စီစဉ်ကြပေတော့၊ ပြီးရင် မြန်မာပြည်ခေတ်တုန်းက ဘယ်ပစ္စည်းတွေဟာ ကျုပ်ရဲ့အုပ်ချုပ်ရေးမှာ အသုံးဝင်မလဲဆိုတာ လေ့လာပြီး လျှောက်တင်ကြစမ်း"

"မှန်ပါ့ ဘုရား"

"တဲ့. . . ညီလာခံသိမ်းမယ်"

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၂)

ဘုရင်ကြီး၏ နန်းတွင်းအရာရှိနှင့် အမှုထမ်းများကြောင့် ရွာ (၂၁)ရွာရှိ ရွာသူရွာသားများမှာ ပိုပြီး အနေအထိုင် ကျဉ်းကျပ်လာကြလေ၏။

မပြောရဲ မဆိုရဲကနေ မသွားရဲ မလာရဲ ဖြစ်လာကြလေ၏။ ခြေတစ်လှမ်း မှားပါက ဘယ်အချိန်များ သူတို့ကို လာဖမ်းမလဲ ဆိုပြီး ကြောက်နေကြရသည့် အဖြစ်မျိုးကို အားလုံး ရောက်သွားကြလေ၏။

ရှင်ဘုရင်ကြီးနှင့် နန်းတွင်းကလည်း ရွာအားလုံး ထိုသို့ ဖြစ်နေသည်ကို သဘောကျနေကြတော့၏။

ထိုသို့ လုပ်ထားပါက သူ့ထီးနန်းကို ဘယ်သူက လာထိရဲမှာလဲ။ အားလုံးရဲ့ လုပ်ရပ်တွေကို မျက်ခြေမပြတ် စောင့်ကြည့်နေသောကြောင့် ဘယ်သူ ဘာလုပ်လုပ် သိနေသဖြင့် အလွယ်တကူ



ပင် ဖျက်ဆီးလိုက်ရုံပင် ဖြစ်လေသည်။

ထိုသို့ ဘုရင်နှင့် နန်းတွင်း၏ လုပ်ရပ်ကြောင့် ရွာသူရွာသားများ၏ စိတ်ထဲတွင် အတွင်းကျိတ်လေးများကိုယ်စီ ဖြစ်လာတော့၏။

မကျေနပ်ချက်တွေ များလာတော့၏။ လုပ်ငန်းများ လုပ်ရကိုင်ရတာလည်း ပိုပြီး အဆင်မပြေ ဖြစ်လာသောကြောင့် အစိုင်အခဲတွေက ကြီးထွားလာလေ၏။

ပိုဆိုးတာက ထိုကိစ္စကို ပေါက်ကွဲပြီး ပြောဆိုကာ တစ်ခုခု ပြန်လုပ်ဖို့ စည်းရုံးဖို့ဆိုတာကလည်း ထိုကိစ္စကို စလိုက်ပြီး ခဏအကြာတွင် အဖမ်းခံရသောကြောင့် ဘယ်သူမှ မစရဲပဲ ဖြစ်နေကြသောကြောင့် ဖြစ်သည်။

ထိုအခြေအနေတွင် ဝေနေယျသည် ဦးရွှေကြား၏ အိမ်၌ ဘုရင်နှင့် နန်းတွင်းအကြောင်းကို လွတ်လပ်စွာ ပြောဆိုနိုင်၏။ ပေါက်ကွဲနိုင်၏။

တစ်နေ့တွင် ဦးရွှေကြားက ဝေနေယျ လာသောအခါတွင်-

"ဝေနေယျ"

"ဗျာ"

"ငါ. . . ရွာ (၂၁)ရွာလုံးရဲ့ လူကြီးတွေနဲ့ တွေ့ချင်တယ်၊ မင်းစီစဉ်ပေးမလား"

ဟု အစမရှိ အဆုံးမရှိ ပြောချလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . ဟား၊ အဘကလည်း ကျော်ကို အထင်ကြီးနေပြန်ပြီ ကျော်ကို သူတို့က အရေးမှ မထားတာ၊ ဘယ်လိုလုပ် စီစဉ်ပေးလို့ရမှာလဲ၊ နေပါဦး အဘက သူတို့ကို ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

"အခုဖြစ်နေတဲ့ အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး ပြောစရာရှိလို့ပေါ့ကွ"

"အဘက ဘာတွေပြောပြီး၊ ဘာတွေလုပ်နိုင်လို့လဲ၊ သူတို့က အဘနဲ့တွေ့ဖို့ တကူးတက လာပါ့မလား"

"သူတို့ ကျဉ်းထဲကျော်ထဲ ရောက်နေပြီလေ၊ မလာလို့မှ မရတာ၊ ငါပေးစာတစ်ခု ရေးပေးလိုက်မယ်၊ အဲ့ဒါကိုသာ ပြလိုက်ပါ"

ဦးရွှေကြားသည် နီးစပ်ရာ ပေလွှာတစ်ခုကိုယူပြီး အောက်ပါအတိုင်း ချရေးလိုက်၏။

**ဘုရင်ကြီး ဘာဖြစ်လို့ ခင်ဗျားတို့ ပြောစကားတွေကို သိနေလဲဆိုတဲ့အဖြေ ကျော်ထဲတွင် ရှိသည်။**

**ပုံ**

**ရွှေကြား**

■

## (၄၃)

တောအုပ်တစ်ခု အတွင်းရှိ သစ်သားအိမ်လေးတစ်လုံး အတွင်းတွင် ရှာလူကြီး (၂၁)ယောက်သည် တစ်ခါမှ မမြင်ဖူးသော ပစ္စည်းများကို တအံ့တသြ ကြည့်နေကြလေ၏။

"ဒါမြန်မာပြည်ခေတ်က ပစ္စည်းတွေ ထင်တယ်၊ မီးရှို့တဲ့အထဲ သွားမပေးဘူးလား မသိဘူး"

ရှာလူကြီးတစ်ယောက်က ရေရွတ်သည်။

ထိုစဉ် အိမ်ထဲကနေ အဘိုးကြီးတစ်ဦးနှင့် လူငယ်တစ်ဦး ထွက်လာလေ၏။

အဘိုးကြီးမှာ ဦးရွှေကြားဖြစ်ပြီး လူငယ်ကတော့ ဝေနေယျ ဖြစ်လေသည်။

ရှာလူကြီးများမှာ ဦးရွှေကြားကို မြင်တော့-

"တဲ. . . ဦးရွှေကြား၊ နန်းတွင်းက ဘယ်လိုသိနေလဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြမယ်ဆိုလို့ ကျုပ်တို့လာ. . . "ဆိုပြီး ရပ်သွားလေ၏။

နန်းတွင်းအကြောင်း ပြောဆိုလိုက်မိသောကြောင့် တွေးပြီး ရင်ပူသွားမိသောကြောင့် စကားရပ်သွားခြင်း ဖြစ်သည်။

"မပူပါနဲ့ ဒီမှာ ဘာမှမဖြစ်ပါဘူး၊ လွတ်လွတ်လပ်လပ် ပြောလို့ ရပါတယ်၊ ကျုပ်သေသေချာချာ စမ်းသပ်ပြီးပါပြီ"

ဝေနေယျက ဝင်ပြောလိုက်လေ၏။

သို့သော်လည်း ဝေနေယျစကားကို ဘယ်သူမှ မယုံကြည်သောကြောင့် ဘာတစ်ခွန်းမှ မဟတော့ချေ။

ဝေနေယျက ဘာမှမဖြစ်ဘူးဆိုတာကို ပြသလိုသောကြောင့် ဘုရင်နှင့်နန်းတွင်းကို ရှုံ့ချသော စကားများကို ပြောလိုက်၏။

ရွာလူကြီးများမှာ ဝေနေယျကို စိုးရိမ်တကြီး ကြည့်နေကြ၏။ အိမ်အပြင်ကိုလည်း မကြာခဏဆိုသလို ကြည့်ကြလေသည်။

သို့သော် တော်တော်ကြာသည်အထိ မည်သူ့ကိုမှ မတွေ့ရသောကြောင့် စိတ်ပူပန်မှု နည်းနည်းလျော့နည်းလာကြသည်။

ဝေနေယျကလည်း နောက်တစ်ခွန်း ပြောပြန်၏။ မည်သို့မှ ဖြစ်မလာသောကြောင့် ဝေနေယျစကားကို ယုံကြည်လာကြလေသည်။ ထို့ကြောင့် ဦးရွှေကြားဘက် လှည့်ကာ-

"ဘာဖြစ်လို့ ဒီအိမ်မှာ ပြောတာကို သူတို့ မသိရတာလဲ"

"နန်းတွင်းက ကျုပ်အိမ် ဒီမှာရှိမှန်း သတိမေ့နေလို့ ဖြစ်မှာပေါ့"



"ဘာဆိုင်လို့လဲ၊ နန်းတွင်းကသိရင် နေရာတိုင်းမှာ ဘယ်နေရာပြောပြော သိနေရမှာပေါ့"

"ကျုပ်ရဲ့အိမ်မှာက နန်းတွင်းက လျှို့ဝှက်တပ်ဆင်ထားတဲ့ မြန်မာပြည်ခေတ်က ပစ္စည်းမရှိလို့နေမှာပေါ့"

"ဟင်. . . အားလုံး မီးရှို့လိုက်ပြီ မဟုတ်လား"

အခြေအနေ အကျိုးအကြောင်းကို ဦးရွှေကြားက ထပ်ရှင်းပြရပြန်သည်။

အားလုံးမှာ သူတို့ တွေ့ရှိပစ္စည်းများကို နန်းတော်က မလိမ့်တပတ်လုပ်ပြီး လိမ်လည်လိုက်သောကြောင့် မကျေမနပ် ဖြစ်သွားကြလေသည်။

သို့သော်လည်း ဘာမှ စောဒကမတက်နိုင်ဘဲ သိချင်တာကိုသာ မေးလိုက်ရ၏။

"အဲဒီ သူတို့သုံးတဲ့ မြန်မာပြည်ခေတ်က ပစ္စည်းဆိုတာ ဘာလဲဗျ၊ ဘာဖြစ်လို့ အဲဒီပစ္စည်းရှိရုံနဲ့ နန်းတွင်းက လူတွေက ကျုပ်တို့ အကြောင်းကို အသေးစိတ် သိနေရတာလဲ"

"မြန်မာပြည်ခေတ်တုန်းက အသံဖမ်းစက်တွေ ပေါ်ပေါက်နေပြီလို့ စာအုပ်တစ်အုပ်ထဲမှာ ပါတယ်၊ အဲဒီပစ္စည်းကို သုံးတာလို့ ယူဆရတယ်"

"အသံဖမ်းစက်ဆိုတာ ဘာလဲ"

"ရွာထဲက အိမ်တိုင်း၊ နေရာတိုင်းမှာ တပ်ဆင်ထားတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ရွာက လူတွေ ဘာပြောပြော ဘုရင့်နန်းတွင်းက အကုန်ကြားနေရတဲ့ စက်တစ်မျိုးပေါ့”

“အဲဒီပစ္စည်းက ဘယ်လိုပုံစံမျိုးလဲ၊ ကျုပ်တို့အိမ်တွေမှာ ရှာပြီး လွှင့်ပစ်ရင် ဘယ်သူမှ မသိတော့ဘူးပေါ့”

“ကျုပ်လည်း မတွေ့ဖူးဘူး၊ စာထဲမှာပါလို့ ဖတ်ဖူးတာ၊ တွေ့ရင်တောင်မှ အဲဒီပစ္စည်းဆိုတာ သိချင်မှသိမှာ”

ဦးရွှေကြား စကားကြောင့် အားလုံးမှာ စိတ်ပျက်သွားကြလေသည်။

သူတို့ကို မျက်လုံးဒေါက်ထောင် ကြည့်နေသူတွေ လက်ထဲ တနေ ဒီနေရာကို လာတွေ့တာကိုက အရဲစွန့်ပြီး လာခဲ့ရခြင်း ဖြစ်သည်။

အခုတော့ မရေရာတဲ့ အပြောတွေနဲ့သာ တွေ့နေရသော ကြောင့် ပို၍ စိတ်ညစ်သွားကြလေသည်။

ဦးရွှေကြားက အားလုံး စိတ်ပျက်သွားတာကို ရိပ်မိလိုက် သောကြောင့်-

“ကျုပ်မှာ အကြံအစည် တစ်ခုရှိလို့ ခင်ဗျားတို့ကို ခေါ် လိုက်ရတာပါ”

ဟု ဆိုလိုက်၏။

“ဘာအကြံအစည်လဲ”

“ဘုရင်နဲ့ နန်းတွင်းတစ်ခုလုံးကို ကျုပ်တို့ ပြည်သူပြည်သား



တွေ ကြောက်နေရတဲ့အတိုင်း သူတို့ကိုလည်း တစ်စုံတစ်ခုကို ကြောက်နေရအောင် ပြန်လုပ်ရမယ်”

ထိုစကားကို ရွာလူကြီးများက စဉ်းစားဦးမည်ဟုဆိုကာ လူစုခွဲလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထိုညီလာခံတွင် ချမှတ်မည့် အရေးကြီးဆုံး အမိန့်တော်မှာ ရွာပေါင်း (၂၁)ရွာမှာရှိသည့် မျိုးရိုးအလိုက် တာဝန်ယူခဲ့သည့် ရွာလူကြီးများနေရာတွင် နန်းတွင်းမှ ခန့်အပ်ထားသော အရာရှိများက အုပ်ချုပ်ရေးပိုင်းကို လွှဲပြောင်းတာဝန်ယူရန်ပင် ဖြစ်သည်။

■

## (၄၄)

ရွာလူကြီး (၂၁)ဦးလုံး တစ်ချိန်တည်း ပျောက်သွားသည့်သတင်းသည် ဘုရင့်နန်းတော်သို့ ရောက်သွားလေ၏။

သက်ဆိုင်ရာ ရွာမှာရှိသော နန်းတော်အရာရှိများ မသိတဲ့အချိန်မှာ ထွက်သွားသောကြောင့် သူတို့လည်း သေသေချာချာ မသိလိုက်ပေ။

ဘယ်သွားလဲ၊ ဘာသွားလုပ်ကြတာလဲ၊ ဘာစကားတွေ ပြောကြတာလဲဆိုတာကို တစ်ခုမှ မသိလိုက်ကြချေ။

ဘုရင်ကြီးသည် ထိုကိစ္စကို အထူးပင် စိတ်ဝင်စားနေ၏။ စိတ်ထဲလေးလံနေသည်ဆိုတာထက် စိုးရိမ်နေတာက ပိုများနေလေသည်။

နောက်ဆုံးတွင် ဘုရင်ကြီးသုနကစသည့် သက်ဆိုင်ရာ အတိုင်ပင်ခံများ၊ ဝန်မင်းများကို အရေးကြီး ညီလာခံ ခေါ်လိုက်

www.burmeseclassic.com

www.burmeseclassic.com

## (၄၅)

အခြေအနေသည် တင်းမာလာသောကြောင့် ရွာပေါင်း (၂၀)ရွာမှ ရွာလူကြီးများသည် ဘုရင်မင်းကြီးနှင့် နန်းတွင်းကို ပြန်လည်တုံ့ပြန်ရန်ဆိုသည့် ဦးရွှေကြားရဲ့ အကြံဉာဏ်ကို လက်ခံလိုက်ကြလေ၏။

သို့သော် မိမိတို့ ရွာများနှင့် နန်းတော်ကြားတွင် ပဋိပက္ခဖြစ်ပြီး ရွာသူရွာသားတွေ သေဆုံး၊ ဒဏ်ရာရမည့် အဖြစ်မျိုးကိုတော့ ရွာလူကြီးများက မည်သို့မှ လက်မခံနိုင်ဆိုပြီး အတင်းငြင်းဆန်ထား၏။

ဦးရွှေကြားကလည်း သဘောတူသည်။ သူလည်း ထိုသို့ အဖြစ်မျိုး မလုပ်နိုင်ဟု တိတိကျကျ ပြောဆိုထားသည်။

ဦးရွှေကြားက တစ်ခွန်းတည်း ဆိုသည်။

"နန်းတွင်းက အဲ့ဒီလိုတွေ လိုက်လုပ်နေတယ်ဆိုတာ ကျုပ်တို့ပြည်သူတွေကို ကြောက်လန့်နေတဲ့ သဘောပဲဗျ"

"ဘာဖြစ်လို့ ကြောက်လန့်နေရတာလဲ၊ ကျုပ်တို့က ဘာလုပ်နေလို့လဲ၊ သူသာ ကျုပ်တို့အတွက် အေးချမ်းမှုတွေ၊ အဆင်ပြေမှုတွေကို ဖန်တီးပေးမယ်ဆိုရင် ကျုပ်တို့က ဘာလုပ်မှာမို့လို့လဲ"

"အာဏာဆိုတာ တစ်ခါတစ်ခါ ဆိုင်တွေမှာ သူတို့ အစားအသောက်ကို အမြည်းကျွေးတာနဲ့ တူတယ်ကွ၊ အမြည်းစားကြည့်လို့ ကောင်းတယ်ထင်ရင် ထပ်စားဖို့ ဝယ်သွားကြတာပဲ မဟုတ်ဘူးလား။ အခု ကျုပ်တို့ဘုရင်က အရင်တုန်းကတော့ အေးဆေးပဲ၊ ဒါပေမဲ့ အာဏာရဲ့ အတိမ်အနက်ကို အခုမှ သဘောပေါက်တယ်ထင်တယ်"

"အခု ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ၊ ရွာလူကြီးတွေ အပြစ်ကနေ ကျုပ်တို့ ဖြုတ်ခံရပြီးပြီ၊ ဒါပေမဲ့ ရွာသူရွာသားတွေကတော့ ကျုပ်တို့ ပြောရင်တော့ ဖြစ်နိုင်လိမ့်မယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်နဲ့နန်းတွင်းကို ကျုပ်တို့က ကြောက်နေကြပြီ၊ ကျုပ်တို့ကိုလည်း ဘုရင်နဲ့နန်းတွင်းက ပြန်ကြောက်နေပုံရတယ်၊ ပြီးတော့ အခုနှစ်က ၂၉၈၈ ခုနှစ်ဆိုတော့ သူတို့ဟာ သမိုင်းတစ်ပတ် ပြန်လည်မှာကို ကြောက်နေပုံလည်း ရတယ်ဗျ၊ ဒါကြောင့် ဒီလို ပို လုပ်တာ ဖြစ်နိုင်တယ်"

"ဘာလဲဗျ သမိုင်းတစ်ပတ် လည်တယ်ဆိုတာ"

"ဒီလိုလေ၊ အခု ကျုပ်တို့ရဲ့ ဘိန်မာပြည်နေရာမှာ အရင်က မြန်မာပြည်ဆိုတာ ရှိခဲ့တယ်မှတ်လား"

"အင်းလေ"

"အဲဒီ မြန်မာပြည်ခေတ်တုန်းက ၁၉၈၈ ခုနှစ်မှာ ပြည်သူတွေနဲ့ အဲဒီတုန်းက အုပ်ချုပ်သူတွေနဲ့ကြားမှာ ပြဿနာတွေ ဖြစ်ကြတယ်လို့ ဖတ်ဖူးတယ်၊ အခုနှစ်ကလည်း ၂၉၈၈ ခုနှစ်လေ ရေတွက်ရင် နှစ်ပေါင်း ၁၀၀၀ ပြည့်တဲ့နှစ်ပဲဗျ၊ ဒီတော့ နန်းတွင်းက အဲ့ဒီလိုမျိုး ပြန်ဖြစ်လိမ့်မယ်လို့ ယုံကြည်နေပုံရတယ်"

"သူတို့လုပ်မှ ပိုဖြစ်မှာဗျ"

"သူတို့က ကာကွယ်နေတာဗျ"

"ဘယ်လို၊ အခုလိုလုပ်နေတာတွေက အဲ့ဒီလိုမဖြစ်အောင် ကာကွယ်နေတာ ဟုတ်လား"

"အင်း ဟုတ်တယ်၊ အဲ့ဒီမြန်မာပြည်ခေတ်တုန်းကလည်း ပြည်သူနဲ့ အုပ်ချုပ်သူလူတန်းစားနဲ့ ဖြစ်တဲ့ကိစ္စကို အခုလိုပဲ



တင်းတင်းကျပ်ကျပ် လုပ်ခဲ့လို့ ငြိမ်သွားခဲ့ဖူးတယ်လေဗျာ၊ ဒီတော့ ဘာမှမဖြစ်ခင် ကြိုတင် တင်းကျပ်တဲ့ပုံစံပေါ့"

"ဒါဆို ကျုပ်တို့က ဘာဆက်လုပ်ကြမလဲ"

"သူတို့နည်းအတိုင်း ပြန်သုံးကြတာပေါ့၊ ကောင်းတာက ကျုပ်တို့ပြည်သူတွေဆီမှာ မြန်မာပြည်ခေတ်က အကြောင်းတွေပါတဲ့ စာအုပ်တွေ၊ ပစ္စည်းတွေ ရှိတယ်ဆိုတာ သူတို့ မသိသေးတာပဲ"

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၆)

အခုတစ်လော ဘိန်မာပြည်အတွင်းတွင် ငြိမ်သက်နေသလို ရှိနေသော်လည်း လူအားလုံး ကြားထဲတွင် တိုးတိုးတိတ်တိတ် ကျိတ်ပြီး ပြောနေကြသည့် ကိစ္စတစ်ခုသည် ရေပန်းစားနေလေ၏။

အချင်းချင်း တွေ့ရင်လည်း ပြောဆိုကြ၏။ ကလေးတွေကလည်း ပြောဆိုကြ၏။ ထိုစကားသည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဘိန်မာတစ်ပြည်လုံး ပျံ့နှံ့သွားခဲ့ခြင်း ဖြစ်သည်။

**ရွှေးခေတ်လူများ**

**ပြန်ပေါ်မည်။**

**ရွှေးခေတ်အဖြစ်များ**

**မြင်ရမည်။**

**ရွှေးခေတ်အတိုင်း**

**ပြန်ဖြစ်မည်။**



ဆိုသည့် တဘောင်ဆန်ဆန် စကားများပင် ဖြစ်သည်။

နန်းတွင်းကလည်း သူတို့ ပြောစကားများကို သိနေသော်လည်း ရှင်ဘုရင်ကြီးနှင့် နန်းတွင်းမကောင်းကြောင်းများ မပါသောကြောင့် ဘာမှမလုပ်ကြသော်လည်း စိတ်ဝင်တစား ရှိကြသည်။

ထိုအကြောင်းအရာများကို ဘုရင်ကြီးက ကြားသောအခါ ပုရောဟိတ်ကြီးများနှင့် မှူးမတ်များကိုခေါ်ကာ အသေးစိတ် မေးမြန်းလေ၏။

"မှန်ပါ့ဘုရား. . . ရပ်ရွာထဲမှာ ရွတ်နေကြတဲ့ တဘောင်ဆန်ဆန် စကားတွေပါ ဘုရား"

"ဘယ်လိုအဓိပ္ပါယ်မျိုးတွေလဲ"

"အဓိပ္ပါယ်ကတော့ ရှင်းပါတယ်၊ ရှေးခေတ်က လူတွေပြန်လည်ပေါ်ထွန်းလာမယ်၊ ရှေးခေတ်က ကိစ္စတွေ ဒီခေတ်မှာပြန်လည်မြင်ရမယ်၊ အဲဒီခေတ်ကအတိုင်း ပြန်ဖြစ်ရမယ်လို့ ဆိုလိုတာပါ ဘုရား"

"အဲဒါတော့ ကျုပ်လည်း သိတာပေါ့၊ သူတို့ ဘယ်လိုပြန်ထွန်းကားလာမလဲ၊ ဘယ်လိုပြန်မြင်ရမှာလဲ အဲဒါတွေကို မေးတာဟဲ့. . . ဝန်မင်းတို့ရဲ့"

ဘုရင်ကြီးက စိတ်မရှည်စွာနဲ့ အော်ငေါက်လိုက်၏။

သူတို့ တွေးထင်ထားသည့်အတိုင်း ၁၉၈၈ ခုနှစ်အတိုင်း ပြန်ဖြစ်မှာလား။ လူထုထဲက အဲဒီခေတ်က လူတွေလိုမျိုး ပြန်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာမှာလား။

ဘာတွေဖြစ်မှာလဲ။ တဘောင်စကားတွေက သူတို့ ခေတ် အဆက်ဆက် မှန်ကန်လက်ခံလာတဲ့အရာတွေ ဖြစ်သောကြောင့် ကြောက်လန့်နေရသည်။

ထိုသို့ အတွေးများက မင်းကြီးခေါင်းထဲတွင် ချာချာလည် နေသည်။

ပုရောဟိတ်ကြီးများနှင့် မှူးမတ်များကလည်း သူ့ရဲ့အမေး ကို ပြန်မဖြေနိုင်ကြသောကြောင့် မင်းကြီးသည် ထိုကိစ္စရဲ့ အဖြေကို တစ်ပတ်အတွင်း သေချာစိစစ်ကာ ပြန်လျှောက်ရမည်ဟု မိန့်ကြား ကာ အိပ်ဆောင်တော်ကို ဝင်သွားလေ၏။

■

## (၄၇)

မင်းကြီးသည် သူ၏ အိပ်ဆောင်တော်အတွင်း ဝင်လာ သော အလင်းကြောင့် ရုတ်တရက် လန့်နိုးသွားလေသည်။

အပြင်မှာ မှောင်နေဆဲ ဖြစ်သော်လည်း ခုနက သူ့အပေါ် ရောက်လာသော အလင်းကြောင့် နိုးလာခြင်း ဖြစ်သည်။

ဘုရင်ကြီး၏ အိပ်ဆောင်တော်အတွင်းမှာ တိတ်ဆိတ်နေ ၏။ အပြင်ဘက်မှာ စောင့်နေသော အိပ်တော်စောင့် နန်းတွင်းအမှု ထမ်း (၂)ဦးတော့ ရှိသည်။

နိုးလာသော အချိန်တွင် မှောင်မဲနေသောကြောင့် ခုနက တွေ့လိုက်ရတာ အလင်းတန်းမှ ဟုတ်ရဲ့လားဆိုပြီး မင်းကြီးစိတ် ထဲတွင် ဒွိဟဖြစ်သွားလေသည်။

သို့သော်လည်း သလွန်တော်မှထပြီး အနီးရှိ ရေတကောင်း ခွက်ထဲက ရေကို တငုံသောက်ကာ ပြန်အိပ်မလို့ ပြင်စဉ်တွင် သူ့

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ခပ်လှမ်းလှမ်းတွင် အမျိုးသမီးတစ်ဦး၏ ရုပ်ပုံပေါ်လာလေ၏။

ရုတ်တရက်ဆိုတော့ လန့်သွားပြီး နောက်ကိုဆုတ်မိလိုက်ရာ ရေတကောင်းခွက်များမှာ ပြုတ်ကျသွားပြီး ဘုရင်ကြီးမှာလည်း အစောင့်များကို အလန့်တကြား အော်ခေါ်မိလေ၏။

"ဟဲ့ . . . လာကြပါဦး၊ လာကြပါဦး"

ချက်ချင်းဆိုသလိုပင် အပြင်က အစောင့်တွေ ဝင်လာသောအချိန်တွင် ထိုအမျိုးသမီးပုံရိပ်မှာ ပျောက်ကွယ်သွားလေ၏။

"ဝန် . . . ဝန်မင်းတွေ၊ အမတ်တွေကို အခုရှေ့တော် သွင်းခဲ့စမ်း"

ဘုရင်ကြီးမှာ ကြောက်လန့်နေပြီး ထိုမြင်လိုက်သော ပုံရိပ်ကြီးက မျက်လုံးထဲတွင် ထင်ကျန်ရစ်နေခဲ့၏။

အမျိုးသမီးတစ်ဦးပုံ။ ပြီးတော့ အလင်းတွေလည်း ဖြာထွက်နေ၏။

■

(၄၈)

"အရှင်မင်းကြီး ပြောပုံအရဆိုရင် အဲဒီအမျိုးသမီးဟာ မြန်မာပြည်ခေတ်တုန်းက ပြည်သူ့ခေါင်းဆောင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည် ဖြစ်မယ်ထင်တယ် ဘုရား"

"မောင်မင်းတို့ ပြောပြောနေတဲ့ ဟိုအမျိုးသမီးလား"

"မှန်ပါတယ် ဘုရား"

"သူ့ပုံရှိလား ပြစမ်း"

ဘုရင်ကြီးသည် ထိုပုံကို တစ်ခေါက်ကြည့်ဖူးသော်လည်း စိတ်ထဲမ မမှတ်မိဘဲ ရှိနေလေသည်။ ထို့ကြောင့် ထပ်မံကြည့်ရှုရန်အတွက် တောင်းလိုက်လေ၏။

နန်းတွင်းအမှုထမ်းက ချက်ချင်းဆိုသလိုပင် ပေလွှာတိုတ်မှ ပြေးယူပေးလေ၏။

ဘုရင်ကြီးက ထိုပုံကိုကြည့်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီ. . . ဒီအမျိုးသမီးပဲ၊ ကျုပ်မျက်စိနဲ့ မြင်ရတာ ရှင်းနေတာပဲ၊ အပြင်မှာ လူတစ်ယောက်ကို တွေ့နေရတဲ့ အတိုင်းပဲ၊ ဒါပေမဲ့ သူ့ခန္ဓာကိုယ်ကတော့ အလင်းတွေ ထွက်နေတာ တွေ့ရတယ် တောက်နေတာပဲ၊ ဒါ. . . ဒါ ရှေးခေတ်ကလူတွေ ပြန်ပေါ်လာမယ် ဆိုတာလား မသိဘူး"

အရှင်မင်းကြီးပုံစံမှာ ဆောက်တည်ရာမရ ဖြစ်နေလေသည်။

"အရှင်မင်းကြီးက အဲဒီအကြောင်းတွေ ဆွေးနွေးပြီး အိပ်ဆောင်တော် ဝင်သွားတာဆိုတော့ စိတ်စွဲပြီး ထင်မိထင်ရာ ထင်တာလည်း ဖြစ်နိုင်ပါတယ် ဘုရား"

"အို. . . ဘာဆိုင်လို့လဲ ကျုပ်မျက်စိနဲ့ တပ်အပ်မြင်တာ၊ ဘာလဲ. . . မောင်မင်းတို့က ကျုပ်ရူးရူးမူးမူးနဲ့ မြင်မိမြင်ရာ မြင်တယ်များ ထင်လို့လား"

"မ. . . မဟုတ်ပါဘူး ဘုရား"

တိုက်တိုက်ဆိုင်ဆိုင် ဘုရင်ကြီး ထိုအဖြစ်အပျက်ကို စတင်မြင်ရသည့်နေ့မှာ ၂၉၈၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ ဖြစ်ပါသည်။

■

(၄၉)

ထို့ပြင် နောက်ရက်များတွင်လည်း အောက်ပါ ထူးဆန်းသော အဖြစ်အပျက်များ နန်းတွင်းတွင် ဖြစ်ပွားခဲ့လေ၏။

မိဖုရားခေါင်ကြီး အိပ်ဆောင်တော်တွင် ဘုရင်ကြီး မြင်ခဲ့သည့် အမျိုးသမီးကိုပဲ မိဖုရားခေါင်ကြီး အပါအဝင် မိဖုရားခေါင်ကြီး၏ အစေအပါး အချို့က မြင်ရခြင်း။

ညဘက် နန်းတွင်းအစောင့်များက လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို မြင်တွေ့ရခြင်း။

ထိုပုဂ္ဂိုလ်များမှာ ၎င်းတို့၏ ပြန်လည်ပြောကြားပုံအရ မြန်မာပြည်ခေတ်က ဦးသန်းရွှေ၊ ဦးနေဝင်း၊ ဦးသိန်းစိန်တို့နှင့် အခြားထင်ရှားသော ခေါင်းဆောင်များ၏ ပုံရိပ်များ ဖြစ်နေခြင်း။

ဘုရင်ကြီး၏ အိပ်ဆောင်တော်တွင် ထပ်မံပေါ်လာသည့် ပုံရိပ်များမှာ လူအများ အစုလိုက် အပြုံလိုက် သတ်ခံရသည့် ပုံရိပ်

www.burmeseclassic.com

www.burmeseclassic.com



များကို ဘုရင်မင်းကြီး ထပ်မံမြင်တွေ့ရခြင်း။

နန်းတွင်းမှာလည်း ညဘက်တွင် မကြာခဏဆိုသလို ထူးထူးဆန်းဆန်း ပုံရိပ်များ၊ အဖြစ်အပျက်များကို မြင်တွေ့လာရခြင်း။

ထို့ကြောင့် နန်းတွင်းတစ်ခုလုံးမှာ ထိတ်လန့်ကြောက်လန့်လာလေသည်။

တစ်ခါတစ်ရံတွင် နန်းတွင်းထဲ၌ မည်သည့်နေရာက ထွက်ပေါ်လာမှန်းမသိသည့် အော်ဟစ်သံများကိုလည်း ကြားနေရ၏။

ထို့အဖြစ်အပျက်ကြောင့် ညဘက်ဆိုလျှင် နန်းတွင်းမှာ တိတ်ဆိတ်ခြောက်ကပ်နေလေသည်။

ဘုရင်ကြီးမှာလည်း ညဘက်ကောင်းကောင်း မအိပ်ရပဲ ကြောက်လန့်နေလေတော့၏။

ဘယ်အချိန်များ သူ့ဘေးကို အဲဒီလူတွေ ရောက်လာမလဲ ဆိုပြီး တွေးကာ အိပ်မပျော်ပဲ ဖြစ်နေတော့သည်။

သူတို့ နန်းတွင်းတစ်ခုလုံးက ထိုအဖြစ်အပျက်ကို 'အတိတ်တစ္ဆေများ ခြောက်လှန့်ခြင်း'ဟု ခေါ်ကြလေ၏။

ဗေဒင်များ၊ ယတြာများ၊ ဘုန်းကြီးများခေါ်ကာ ပြုလုပ်သော်လည်း ထိုအဖြစ်အပျက်များမှာ ပျောက်ကွယ်မသွားဘဲ တစ်စတစ်စ ကြီးထွားလာလေ၏။

ခြောက်လှန့်လာလေ၏။

■

ဤသို့ဖြင့် ဘိန်မာ နန်းတွင်းတွင် အတိတ်က ပုံရိပ်များကြောင့် ကြောက်လန့်နေကြပြီး ကာကွယ်မှုများ ပြုလုပ်နေကြသလို ဘိန်မာပြည်သူများကလည်း ဘုရင်ကြီးသည် သူတို့ကို ဘာများ ထပ်ပြီး ချုပ်ချယ်ဦးမလဲဆိုပြီး ကြောက်လန့်နေကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ဘိန်းမာပြည်ကြီးကို အကြောက်တရားက တစ်စတစ်စ လွှမ်းမိုးလာသည်။

ထို့ပြင် တစ်ဦးနဲ့တစ်ဦး သံသယများလည်း ပိုပြီး များပြားလာလေ၏။

အလုပ်ပျက် အကိုင်ပျက်ဖြစ်ကာ အလုပ်အကိုင်များ ကျဆင်းပြီး ဘိန်းမာပြည်ကြီးသည် တစ်စတစ်စ ယိုယွင်းလာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုနဲ့. . .

အဲဒီလိုနဲ့ပေါ့. . .

www.burmeseclassic.com

www.burmeseclassic.com

ခရစ်သက္ကရာဇ် ၃၀၁၄ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

## (၅၀)

သစ်ပင်များကြားထဲကို ဖြတ်တိုက်လာသော လေများကြောင့် သစ်ပင်များ အချင်းချင်း ထိတွေ့သည့်အသံများက ဆူညံစွာ ထွက်ပေါ်နေသည်။

တောသည် နက်သောကြောင့် တိတ်ဆိတ်ခြောက်ချားနေ၏။ ကျေးငှက်သံများကလွဲပြီး လေတိုးသံသာ ကြားနေရသည့် တောနက်ကြီး . . .။

ထိုတောနက်ကြီးထဲကို အန္တရာယ်မကြောက် ဘာမကြောက်နှင့် တိုးဝှေ့ကာ သွားလာနေသော လူတစ်စုသည် အထုပ်များကိုယ်စီနှင့် ရှေ့က ကာဆီးနေသော သစ်ပင်များ ခြုံနွယ်များတို့ ရှင်းကာ ခရီးဆက်နေကြ၏။

လူဦးရေမှာ ဆယ်ယောက်ခန့် ရှိမည်ဖြစ်သည်။ တောနက်ထဲကို စွန့်စွန့်စားစား ခရီးထွက်လာကြသူများ၊ ဒါမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တောကောင်ပစ်ဖို့များလား၊ ဒါမှမဟုတ် တစ်နေရာက တစ်နေရာသို့ ကူးသန်းသွားလာနေသူများလား ဆိုတာကိုတော့ သေချာမသိနိုင်ပေ။

"ဒီမှာ ခဏနားမယ်ဟေ့"

ထိုအဖွဲ့ထဲမှ လူကြီးဖြစ်ပုံရသည့် တစ်ဦးက အားလုံးကြားအောင် အော်ပြောလိုက်သည်။ တစ်ဖွဲ့လုံး မောပန်းနွမ်းနယ်နေကြပြီဆိုတာကို သူတို့ပုံစံတွေ ကြည့်ကတည်းက သိနိုင်လေသည်။

နားမယ်ဆိုတဲ့ အသံကြောင့် အားလုံး ပျော်သွားကြလေ၏။ မြေကွက်လပ်လေးကို သန့်သန့်ရှင်းရှင်းဖြစ်အောင် ရှင်းလိုက်ကြပြီး မီးမွှေးကာ ပါလာသော အသားခြောက်များ ထုတ်ကာ မီးကင်ပြီး စားသောက်ကြလေ၏။

အချိန်မှာ မွန်းတည့်ချိန် ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ လင်းထိန်နေလေသည်။ စားပြီးသောက်ပြီးသောအခါ အနားယူ တရေးတမော လှဲဖို့ ပြင်ဆင်သူက ပြင်ဆင်ကြ၏။

ပါလာတဲ့ အခင်းတွေကိုခင်းကာ ထိုအပေါ်တွင် စုပုံအိပ်ကြလေ၏။

"ဒါက ဘယ်လဲ"

"တပိုတပါးသွားမလို့"

အိပ်နေရာမှ ထလိုက်သော လူငယ်ကို လူကြီးတစ်ဦးက မေးလိုက်ခြင်း ဖြစ်သည်။



"ကြည့်သွားဦး တောကောင်တွေနဲ့ တွေ့နေဦးမယ်"

"ဟုတ်. . . အဘ"

ထိုလူငယ်သည် သူတို့နှင့် ခပ်လှမ်းလှမ်းရှိ သစ်ပင်များ ထူထပ်စွာ ပေါက်နေသော နေရာသို့ ဝင်သွားလေ၏။

လူကြီးလည်း ထိုလူငယ်ကို တစ်ချက်ကြည့်ကာ ပြန်အိပ်လိုက်လေ၏။

တော်တော်ကြာသည်အထိ လူငယ်ပြန်မလာသောကြောင့် လူကြီးသည် ပြန်ထကာ လူငယ်ဝင်သွားသော နေရာကို တစ်ချက်ကြည့်လိုက်၏။

ဘာဖြစ်လို့ ဒီလောက်တောင် ကြာနေတာလဲဆိုပြီး တွေးနေမိသည်။ တစ်ခုခု ဖြစ်ပါက သူက ခေါင်းဆောင်ဆိုသောကြောင့် သူ့မှာ တာဝန်ရှိသည်။

ထို့ကြောင့် လူငယ် ဝင်သွားသော နေရာကို-

"မောင်တာရေ မောင်တာ. . . ကြာလှချည်လား"

ဆိုပြီး လှမ်းအော်လိုက်သည်။

ပြန်ထူးသံ မကြားရချေ။ လူကြီးမှ စိတ်ပူလာပြီ ဖြစ်သည်။

"မောင်တာရေ. . . မောင်တာ"

ထပ်ခေါ်လိုက်ပြန်၏။ ပြန်မထူးသောကြောင့် စိုးရိမ်သွားပြီး အခြားလူများကို နှိုးလိုက်၏။

အိပ်နေသော သူများမှာလည်း ဝရုန်းသုန်းကား ထလာ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"ဘာ. . . ဘာဖြစ်တာလဲ အဘ"

"မောင်တာကို ခေါ်တာမရလို့"

"ဟင်. . ."

"မောင်တာရေ. . . မောင်တာ"

သူတို့ပါ ဝိုင်းအော်ခေါ်၏။

ထိုအခါမှပဲ သစ်ပင်များနောက် ဝေးဝေးကနေ မောင်တာရဲ့ အသံက ထွက်လာ၏။

"အဘတို့ရေ. . . ဒီမှာ လာကြည့်ပါဦး"

■

## (၅၁)

သူတို့ ရောက်သွားသောအခါတွင် ပျက်စီးနေသော အုတ်နံရံကြီးရှေ့တွင် ရပ်နေသော မောင်တာကို တွေ့လိုက်ရ၏။

နက်ရှိုင်းသော တောကြီးထဲတွင် အခုလိုမျိုး ပျက်စီးနေသော မြို့ရိုးကြီးကို တွေ့လိုက်ရသောကြောင့် အားလုံးမှာ အံ့အားသင့်ပြီး ရပ်ကြည့်နေမိကြသည်။

ခဏနေမှ ခေါင်းဆောင်ဖြစ်သူ အဘိုးကြီးက သတိဝင်လာပြီး အခြားနေရာများကို လိုက်ကြည့်သောအခါ အိမ်ပျက်များ စွန့်ပစ်လယ်မြေများနှင့် ပြိုကျနေသော ဆိုင်ခန်းများကို တွေ့လိုက်ရလေသည်။

"အဘ. . . အဘ. . . ဒီမှာ ကြည့်ပါဦး"

တစ်ယောက်၏ ပြောသံကြောင့် ထိုလူ ညွှန်ပြသော နေရာကို အားလုံးက ကြည့်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ. . ."

ကြီးမားလှသည့် နန်းတော်ပျက်ကြီးကို တွေ့လိုက်ရလေသည်။

အိုဟောင်းနွမ်းနေပြီး ပြိုကျနေသည်။ ဘယ်သူမှ နေထိုင်တော့သည့် အရိပ်အယောင် မတွေ့ရတော့ပေ။

"အရင်တုန်းက ဒီနေရာမှာ တိုင်းပြည်တစ်ပြည် ရှိခဲ့ပုံရတယ်ကွ"

ဟုဆိုပြီး ခေါင်းဆောင်လုပ်တဲ့သူ အဘိုးကြီးက ရေရွတ်လိုက်လေသည်။

■

တောထဲက ခရီးသွားတစ်စု တွေ့ရှိခဲ့သော တိုင်းပြည်ပျက်ကြီးသည် တစ်ချိန်က ဘိန်မာပြည်ဟု အမည်တွင်သော တိုင်းပြည်ဖြစ်ကြောင်းကို ထိုအဖွဲ့မှ သိရှိခဲ့ကြလေသည်။

သို့သော် ထိုတိုင်းပြည်ကြီး ဘယ်လိုပျက်စီးသွားသည်။ ဘယ်လိုကိစ္စတွေ ဖြစ်ပျက်သောကြောင့် လူတွေက သူတို့ အိမ်ယာတွေကို စွန့်ပစ်ခဲ့ကြတာလဲ၊ နေထိုင်တဲ့လူတွေ ဘယ်ရောက်သွားသလဲ စတဲ့ အကြောင်းအရာများကိုတော့ သူတို့တွေ ဆက်လေ့လာကြည့်ပါက တွေ့နိုင်မလား မသိပေ။

ဒါမှမဟုတ် ထိုအဖြစ်အပျက်တွေက ဘိန်မာပြည်ကြီး ပျက်စီးသွားခြင်းနှင့်အတူ နစ်မြုပ်သွားမည်ဆိုပါက တိုင်းပြည် မပျက်မီ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကိုတော့ မည်သူမျှ သိနိုင်တော့မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုသည် ယုတ္တိရှိခြင်း၊ မရှိခြင်းကို ဦးစားမပေးဘဲ စိတ်ကူးယဉ် ရေးသားထားသည့် ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။

**မည်သည့်ရည်ရွယ်ချက်မှ မရှိပါ။**

**လေးစားစွာဖြင့်**

**လူနေ**

www.burmeseclassic.com